# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၁၇ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၅၇)


# နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းစည်းဝေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၆**

နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့မလျော့စေရန်နှင့် နောင်လာနောက်သားများ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၇ ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ လုပ်ငန်းတာဝန်များအတွက် ဆပ်ကော်မတီများထပ်မံဖွဲ့စည်း၍ အခမ်းအနားအောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇွန် ၁၆**

၂၀၁၇ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန်၁၇ ရက် (စနေနေ့) နံနက် ၆ နာရီတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်း အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် ယခင်နှစ်များကအတိုင်း အောင်စာရင်းထွက်သည့်နေ့၌ မြန်မာ့အသံ(ရေဒီယို)တိုင်းရင်းသားအစီအစဉ်များမှ နံနက် ၆ နာရီတွင် စတင်ထုတ်လွှင့်ကြေညာပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ-

**ကချင်ပြည်နယ်မှ** ဆင်ဘို၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ ဆဒုံး၊ ဖားကန့်၊ တာမခန်၊ လုံးခင်း၊ ကာမိုင်း၊ လွယ်ဂျယ်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန

**ကယားပြည်နယ်မှ** ရှားတော၊ ဒီးမော့ဆို၊ ဒေါ်ခါး၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့စာစစ်ဌာန

**ကရင်ပြည်နယ်မှ** လိပ်သို၊ ဖာပွန်၊ ကမမောင်း၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ တံခွန်တိုင်၊ ကျိုက်ဒုံနှင့် သဃ်န်းညီနောင်စာစစ်ဌာန

**ချင်းပြည်နယ်မှ** ရိခေါဒါး၊ ကျီခါး၊ ထုတ်လိုင်၊ မင်းတပ်၊ ကန်ပက်လက်၊ ကျင်ဒွေး၊ မတူပီ၊ လိုင်လင်းပီ၊ ရေဇွာ၊ ပလက်ဝနှင့် ဆမီးစာစစ်ဌာန

**ရခိုင်ပြည်နယ်မှ** လက်ပံပြား၊ သဝင်ချောင်း၊ စေတီပြင်၊ လောင်းချောင်း၊ ကူတောင်၊ စစ်တော၊ ကပိုင်ချောင်း၊ ကွမ်းချောင်း၊ ဇင်ချောင်းမာန်အောင်၊ ဇရပ်ကုန်းခင်၊ ကမား၊ ဂွ၊ ကျိန္တလီ၊ ဆပ်သွား၊ မောင်တော၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲ၊ ဘူးသီးတောင်နှင့် ထ(ခွဲ)စေတီတောင်စာစစ်ဌာန *စာမျက်နှာ ၃ ကော်လံ ၃* ◆


မြန်မာ့အာမခံအသင်းကြီး ထူထောင်ရေး ဂျပန်ကူညီ — စာ - ၉

မြောက်ကိုရီးယားမှ လွတ်မြောက်လာခဲ့သည့် အမေရိကန်ကျောင်းသား ဦးနှောက်တွင် အပြင်းအထန်ထိခိုက်ခဲ့ — စာ - ၁၀

အခွန်စနစ်အလုံးစုံ ပြုပြင်ပြောင်းလဲရေးအတွက် အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစုမှ အစီရင်ခံစာပြုစု — စာ - ၁၁





မြန်မာ့အလင်း

# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၏ နိုးထလာသော မြေလှမ်းများ

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ လျှပ်စစ်ဆက်သွယ်ရေးကဏ္ဍစသည့်စသည့် တိုင်းပြည်၏ ကဏ္ဍအရပ်ရပ်၌ ကျွမ်းကျင်လုပ်သားနှင့် အင်ဂျင်နီယာတို့ ထုထည်ကြီးမားစွာ လိုအပ်ပါသည်။ အဆိုပါ ကျွမ်းကျင်လုပ်သားနှင့် အင်ဂျင်နီယာတို့ လုံလုံလောက်လောက်ပြုစုပျိုးထောင်နိုင်မှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ပြည်ပလုပ်ငန်းရှင်တို့က တိုင်းပြည်အတွင်း၌ ရင်းနှီးမြှုပ်နှံမှုပြု/မပြု ဆုံးဖြတ်ရာ၌လည်း ကျွမ်းကျင်လုပ်သားနှင့် အင်ဂျင်နီယာတို့ ပြည့်ပြည့်ဝဝရနိုင်ခြင်း ရှိ/မရှိက အရေးကြီးသော အချက်တစ်ချက်အနေဖြင့် ပါဝင်လျက်ရှိပါသည်။ သို့ဖြစ်၍ နည်းပညာနှင့် အသက်မွေးပညာ လေ့ကျင့်ပျိုးထောင်ရေးသည် တိုင်းပြည်အတွက် အရေးကြီးသော လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသော လူငယ်တို့သည် နည်းပညာနှင့် အသက်မွေးပညာတို့ကို သင်ယူခွင့် ရရှိမည် ဖြစ်သောကြောင့် လူငယ်ထုအများစုအတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါသည်။ ဤနည်းပညာနှင့်အသက်မွေးပညာ သင်ကြားရေးစနစ်သည် လုပ်ငန်းအလိုက် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားနှင့် အင်ဂျင်နီယာတို့ကို မွေးထုတ်ပေးသည်သာမက လူငယ်ထုအများစုအတွက် ဘဝရပ်တည်နိုင်သော ဝင်ငွေပမာဏကို ဖန်တီးရရှိစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကျွမ်းကျင်မှုအခြေခံအသက်မွေးပညာတို့ကို ကျယ်ပြန့်သော အခြေခံဖြင့် ပို့ချသင်ကြားနိုင်စွမ်းမရှိသေးသော်လည်း ဤပညာရေးစနစ်နှင့် ပတ်သက်၍ ရှည်လျားသော သမိုင်းကြောင်းရှိပြီး ဖြစ်ပါသည်။

ဥပမာအနေဖြင့် တင်ပြရပါက အင်းစိန်အစိုးရစက်မှုလက်မှုသိပ္ပံ (ဂျီတီအိုင်)ကို ၁၉၂၅ ခုနှစ်ကတည်းက စတင်ဖွင့်လှစ် သင်ကြားခဲ့သည်ဖြစ်၍ အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၏ သက်တမ်းသည် ယခုအခါ နှစ်ပေါင်း ၁၂၂ နှစ်ရှိပြီ ဖြစ်ပါသည်။ သို့သော် တိုင်းပြည်၏ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းအခြေအနေတို့အရ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကို ၂၀၀၀ ပြည့်နှစ်မှစ၍ သင်တန်းများဖွင့်လှစ်သင်ကြားခဲ့ခြင်းကို ရပ်နားခဲ့သည်ဖြစ်၍ အဆိုပါရပ်နားကာလသည် ၁၇ နှစ်ကြာမြင့်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစတင်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၏ သက်မွေးပညာသင်တန်းများကို ပြန်လည်ဖွင့်လှစ်ပို့ချသင်ကြားပေးတော့မည် ဖြစ်ပါသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၏ သက်မွေးပညာသင်တန်းများကို ပြန်လည်ဖွင့်လှစ်သင်ကြားရာ၌ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးဖြစ်သော ဂျာမနီနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုအား ရယူဆောင်ရွက်သွားရန် စီစဉ်ထားသည်ဖြစ်၍ တိုင်းပြည်အတွက် အားတက်စရာခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ဤသို့ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကို ပြန်လည်ဖွင့်လှစ်သင်ကြားခြင်း မပြုမီ လိုအပ်သော အဆင့်မြှင့်တင်ခြင်းနှင့် အကြီးစားမွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဖြစ်၍ အရည်အသွေး ပြည့်ဝသော ပညာသင်ကြားမှုတို့ကို ဖန်တီးဖော်ဆောင်နိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ပြန်လည်ဖွင့်လှစ်သင်ကြားခြင်းကို ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆိုကြောင်း တင်ပြအပ်ပါသည်။ ။

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

(မိုး/ဇလ)

# ရှမ်းပြည်နယ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ ရှိုင်ယယ်နဒီဟိုတယ်၌ ဇွန် ၁၄ ရက်က ပြည်နယ်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆွေးနွေးပွဲ ကျင်းပခဲ့သည်။



ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကျယ်ဝန်းဆုံးပြည်နယ်တစ်ခုဖြစ်ပြီး သဘာဝတောတောင်ရှုခင်းများ၊ သာယာသည့်ရာသီဥတု၊ တိုင်းရင်းသားမျိုးနွယ်စု ၃၃ မျိုးခန့် နေထိုင်လျက်ရှိသည့်အတွက် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများ၊ လူနေမှုဘဝများအပြင် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များကို ဆွဲဆောင်နိုင်စေသည့် အင်းလေးကန်၊ သဘာဝလိုဏ်ဂူများ၊ ရေပူစမ်းများ၊ သံလွင်၊ နမ့်ပန်၊ နမ့်တိန်၊ မဲခေါင်၊ ဒုဋ္ဌဝတီနှင့် ရွှေလီမြစ်စသည့် သဘာဝအရင်းအမြစ်များ တည်ရှိရာ ဒေသဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လိုင်စင်လေးမျိုးဖြစ်သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လိုင်စင်နှင့် ပို့ဆောင်ရေးလိုင်စင်(စက်လှေ/ကား) များကို လျင်မြန်လွယ်ကူစွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေလအထိ ဟိုတယ်နှင့် တည်းခိုရိပ်သာ လိုင်စင် ၃၀၆ လုံး၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် ၇၈ ခု၊ ဧည့်လမ်းညွှန်လိုင်စင် ၁၁၉၉ ဦးနှင့် ပို့ဆောင်ရေးလိုင်စင် (ကား) အပြာလိုင်စင် ၂၈၂ စီး၊ အသိအမှတ်ပြုကားနံပါတ်အနီ ၃၅၁ စီးနှင့် ပို့ဆောင်ရေးလိုင်စင် (စက်လှေ) ၁၁၇၂ စီးရှိကာ ရှမ်းပြည်နယ်တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးရေးဆိုင်ရာ ဆွေးနွေးပွဲတွင် လုပ်ငန်းရှင်ပေါင်း ၁၀၀၀ ကျော်နှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များတက်ရောက်ခဲ့၍ ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။

ရှမ်းပြည်နယ်အတွင်း ပြည်တွင်းပြည်ပဧည့်သည်များသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ရောက်ရှိလျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ် ပြည်တွင်း ပြည်ပဧည့်သည် ၇၉၁၆၄၆ ဦးနှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြည်တွင်းပြည်ပဧည့်သည် ၁၀၃၃၆၈၃ ဦး လာရောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပြောကြားခဲ့ပြီး ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ခရီးသွားလာရေး ဥပဒေမူကြမ်းနှင့် ခရီးသွားလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုတို့ကို ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဆိုင်ကယ်ကယ်ရီများနှင့် ဈေးရောင်းမှုများ စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးစေလို

အင်းစိန်မြို့နယ် လှိုင်မြစ်လမ်းမပေါ်ရှိ မြို့မဈေးကြီးရှေ့နှင့် ပဒေသာလမ်းထိပ်တို့၌ ကားပါကင်ထိုးရန်ပြုလုပ်ထားသောနေရာများတွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်ကယ်ရီများ၊ အနေးယာဉ်ဆိုက်ကားများနှင့် ဈေးသည်များ၊ စည်းကမ်းမဲ့ ဈေးရောင်းချနေခြင်း၊ ဖြစ်သလိုဝင်ရောက်ရပ်နားပြီး ဂိတ်ထိုးနေခြင်းများနှင့် မကြာခဏဆဲဆိုကြိမ်းမောင်းရန်ဖြစ်နေသည်ကို တွေ့မြင်နေရသည်။

အဆိုပါ ဖြစ်ရပ်များကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရသဖြင့် သက်ဆိုင်ရာမှ ဆိုင်ကယ်ရပ်နားရန် နေရာများ၊ ဈေးသည်များ စည်းကမ်းနှင့်အညီ ရောင်းချနိုင်ရန် နေရာသတ်မှတ်ပေးနိုင်ရေးအတွက် ဈေးဝယ်လာပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

## လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဖွင့်

**ဝေါ ဇွန် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်း ဖွင့်ပွဲကို ဇွန် ၁၅ ရက်က ဝေါမြို့ ငှက်ချင်းဝင်းအုပ်စု၊ ဖက္ကလိပ်ကျေးရွာတွင် ကျင်းပရာ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက လုပ်ငန်းငယ်လေးများ ထူထောင်လာနိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ပြီး တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ဇွန် ၁၅ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း ( ပြည် )**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၆-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၇၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၀/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၂ | ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ | ·၈၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၅၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့ဖုံးမှ*

လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ရာ၌ အထူးအလေးထားပြီး စနစ်တကျ တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးဖခင်ကြီးနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် အာဇာနည်နေ့နှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူလူထုတစ်ရပ်လုံး ပိုမိုသိရှိအောင်ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ အာဇာနည်နေ့နှင့်ပတ်သက်သည့် သတင်းဆောင်းပါးများ၊ တွေ့ဆုံမေးမြန်းခန်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ အာဇာနည်နေ့နှင့် သက်ဆိုင်သည့် သီချင်းများ၊ လွတ်လပ်ရေးကြိုးပမ်းခဲ့သည့်မှတ်တမ်းများ၊ ရုပ်ရှင်ထုတ်လွှင့်ခြင်းများဆောင်ရွက်သွားမှသာ နောင်လာနောက်သားများအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်ပေးဆောင်ရွက်သွားသည်များကို သိရှိပြီး လွတ်လပ်ရေးကို အသက်ပေးစောင့်ရှောက်ကြမည်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကိုလည်း ကြည့်ရှုလေ့လာ၍ စံနမူနာယူနိုင်ရန် ဖွင့်လှစ်ပြသသွားရမည်ဖြစ်ပါကြောင်း၊ နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးနှင့် အနှစ်သာရပြည့်ဝစွာကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နှစ် ၇၀ ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဖွဲ့စည်းထားမှုများကို လည်းကောင်း၊ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကဏ္ဍများအလိုက် ရှင်းလင်း**

ထို့နောက် နှစ် ၇၀ ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဗိုလ်ချုပ်အောင်စိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ အမြဲတမ်းအတွင်းဝန်များ၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ခေတ္တအမြဲတမ်းတွင်းဝန် ဦးထွန်းအုံ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် နှစ် ၇၀ ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များ နှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နော်ဝေနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နော်ဝေနိုင်ငံ အော်စလိုမြို့အနီး Losby Manor တွင် ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် 2017 Edition of the Oslo Forum သို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**



**ပြန်လည်လိုက်ပါလာ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော် ပြန်လည်လိုက်ပါလာသည်။

**(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

**ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့် မိုင်းပျဉ်းစာစစ်ဌာန

**ရှမ်းပြည်နယ် (မြောက်)မှ** ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ နမ့်ဆန် (မ)၊ မန်တုံ၊ မိုးမိတ်၊ မကျည်းပင်၊ မဘိမ်းနှင့် ငါးအိုးစာစစ်ဌာန

**ရှမ်းပြည်နယ် (တောင်)မှ** တင်းတက်၊ ဆောင်းပြောင်း၊ မိုင်းကိုင်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ တုန်ဟုန်း၊ မောက်မယ်နှင့် မိုင်းပန်စာစစ်ဌာန

**တနင်္သာရီတိုင်းဒေသကြီးမှ** မေတ္တာ၊ ကတ္တလူ၊ စခန်းသစ်၊ ပုလော၊ ပလောက်၊ ပလ၊ ဘုတ်ပြင်းနှင့် ပြည်ကြီးမဏ္ဍိုင်စာစစ်ဌာန

**မကွေးတိုင်းဒေသကြီးမှ** ပေါက်၊ စသိန်း၊ ဇီးပြား၊ ကိုင်းလယ်၊ ရေပြာ၊ နံ့သာ၊ ကမ်းပျို၊ စေတုတ္တရာ၊ တန့်လည်ကျင်း၊ ငဖဲ၊ ပဒါန်း၊ ထီးလင်း၊ ကျင်းရွာ၊ ရေမျက်နီ၊ ဆော၊ ကျောက်ထု၊ တပြင်း၊ ကံကြီးနှင့် လောင်းရှည်စာစစ်ဌာန

**စစ်ကိုင်းတိုင်းဒေသကြီးမှ** လေရှီး၊ ဆွမ္မရာ၊ လဟယ်၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ သရောင်း၊ ရေအောက်တောင်း၊ မင်းယား၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန

**ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်းစာစစ်ဌာန

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ (၅၉၁၅ ကီလိုဟက်ဇ်)နှင့် လှိုင်းတို ၃၀ ဒသမ ၈၅ မီတာ (၉၇၃၀ ကီလိုဟက်ဇ်)တို့မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ (၇၂၉ ကီလိုဟက်ဇ်)မှလည်းကောင်း သက်ဆိုင်ရာတိုင်းရင်းသားဒေသအသီးသီးရှိ မြန်မာ့အသံရေဒီယို FM အစီအစဉ်များမှလည်းကောင်း ဖမ်းယူနားဆင်နိုင်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ မြောက်ဦးမြို့ ဒေသခံများနှင့်တွေ့ဆုံ



**မြောက်ဦး ဇွန် ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ ပါဝင်သောအဖွဲ့သည် မြောက်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီက မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ **(ဓာတ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေတို့မှ ခွင့်ပြုပေးခဲ့သော ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက မြောက်ဦးမြို့နယ်အတွင်း ရခိုင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများဖြစ်သော ကံလှချောင်းတူးဖော်မှုလုပ်ငန်း၊ မြို့တွင်းအမှိုက်များ သိမ်းဆည်းရေးအတွက် မော်တော်ယာဉ်လိုအပ်ချက်များ၊ ကျေးရွာများတွင် တည်ဆောက်ဆဲနှင့်တည်ဆောက်ဆောက်ပြီးစီးခဲ့သော ကျောင်း၊ လမ်း၊ တံတား၊ ရေကန်များနှင့် မြောက်ဦးမြို့ ယူနစ်စကို ကမ္ဘာ့အသိအမှတ်ပြု ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် လုပ်ငန်း ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက အဆိုပါလုပ်ငန်းများဆောင်ရွက်ထားရှိမှုများအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက မိမိတို့ကျေးရွာများ၏ လိုအပ်ချက်များကိုဆွေးနွေးတင်ပြရာ ပြည်သူများ၏ ဆွေးနွေးတင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေလမ်းကြောင်းကောင်းမွန်ရေး အုန်းလုံးတိုင် ရေကာနှစ်ခုတည်ဆောက်

**ကသာ ဇွန် ၁၆**

ကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါသော ဧရာဝတီမြစ်ရေလမ်းကြောင်းသည် အဓိကကုန်သွယ်မှုကောင်းမွန်ရေးအတွက် ဧရာဝတီမြစ်အတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်ခွင့်ပြုချက်နှင့် မန္တလေးတိုင်းဒေသကြီးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ကသာမြို့နှင့် သုံးမိုင်ကျော်အကွာရှိ နလယ်အင်းကျေးရွာနှင့် စေတီကုန်းရပ်ကွက်ရှေ့၌ ဆိပ်ကမ်းအဝင်အထွက် ရေလမ်းကြောင်းကောင်းမွန်ရေး၊ ဆိပ်ကမ်းသာယာလှပရေး၊ ရေယာဉ်များ ကွေ့ဝိုက်သွားလာနေရခြင်းမရှိစေရေးအတွက် အုန်းလုံးတိုင်ရေကာ စုစုပေါင်း အလျား ၃၅၀ မီတာ ရေကာနှစ်နေရာ တည်ဆောက်ခြင်းလုပ်ငန်းကို ကသာမြို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ သန်းဖြင့် မေ ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ကသာမြို့နှင့် သုံးမိုင်ခန့်အကွာ နလယ်အင်းကျေးရွာ အရှေ့ဘက်ကမ်းဘက်တွင် အုန်းလုံးတိုင်ရေလွှဲရေကာ အလျားပေ ၆၅၀ နှင့် စေတီကုန်းရပ်ကွက် တစ်မိုင်ခန့်အကွာ အလျားပေ ၅၀၀ စုစုပေါင်း အလျား ပေ ၁၁၅၀ တည်ဆောက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလက ရေနုတ်မြောင်းတူးခြင်းလုပ်ငန်းဆောင် ရွက်ခဲ့ကြောင်း၊ ယခုလတွင် အုန်းလုံးတိုင်ရေလွှဲတည်ဆောက်ခြင်းလုပ်ငန်းကို ပြုလုပ်နေသည့်အတွက် ဧရာဝတီမြစ်ရေလမ်းကြောင်းအပေါ် ကုန်စည်သယ်ယူပို့ဆောင်ရေးကောင်းမွန်လာနိုင်ပြီး ရေလမ်းကြောင်း ကောင်းမွန်လာခြင်းကြောင့် ကသာမြို့ကို ကွေ့ပတ်သွားလာနေရသော ရေလမ်းအား အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း ရေယာဉ်မောင်းသူ ဦးဌေးဝင်းက ပြောသည်။

**ငွေအိုး (ကသာ)**



# မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော်  ဇွန်  ၁၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Nikolay Listopadov အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**( သတင်းစဉ် )**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Nikolay Listopadov အား လက်ခံတွေ့ဆုံစဉ်**

# ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူနိုင်မှုစွမ်းအားမြင့်မားရေးအတွက် အာဟာရကျွေးမွေးခြင်းသည် အရေးကြီး



**နေပြည်တော်  ဇွန်  ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကမ္ဘာ့ဘဏ်အဖွဲ့မှ Senior Health Specialist ဖြစ်သူ ဒေါ်နှင်းနှင်းပိုင်နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် ဝန်ကြီးဌာနရှိ မေခလာခန်းမ၌ တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းစီမံချက်တွင် အဓိကလုပ်ငန်းစီမံချက်ရှစ်ခုပါဝင်ပြီး ၎င်းအနက် တိုက်ရိုက်ငွေကြေးထောက်ပံ့သောစနစ်လေးခုရှိရာ ၎င်းတို့မှာ ယခုစတင်ဆောင်ရွက်လျက်ရှိသော အသက် ၉၀ နှစ်အထက် ဘိုးဘွားများကို လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးဖွားလာသည့်ကလေးနှစ်နှစ်အထိ ငွေကြေးထောက်ပံ့ခြင်းတို့ဖြစ်ပြီး ကျန်နှစ်ခုမှာ အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးများအားငွေကြေးထောက်ပံ့ခြင်းနှင့် မသန်စွမ်းများအား ထောက်ပံ့ခြင်း အစီအစဉ်တို့ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများ အာဟာရပြည့်ဝပြီး ပညာသင်ယူနိုင်မှုစွမ်းအား မြင့်မားရေးအတွက် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းသည် အရေးကြီးသည့် လူမှုကာကွယ်စောင့်ရှောက်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် အာဟာရပြည့်ဝစေရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်း ၁၀၀ ဖြင့် ဖွံ့ဖြိုးမှုအကူအညီများအား ညှိနှိုင်းရေးအဖွဲ့နှင့် ဆွေးနွေးထားပါကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် ဝန်ကြီးဌာန၏ ငွေကြေးထောက်ပံ့မှု စီမံချက်များတွင် ICT အကူအညီလိုအပ်ပါက ကူညီနိုင်ပါကြောင်းနှင့် အာဟာရပြည့်ဝစေရေး လုပ်ငန်းများတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည့် ကောင်းမွန်သောစနစ်တစ်ရပ် ပေါ်ပေါက်လာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီလေ့ကျင့်ရေးဗဟိုဌာနတည်ဆောက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Masayuki Karasawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ဂျပန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း (National Personnel Authority)နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် အဆင့်မြင့်အရာထမ်းများကို သင်တန်းဆောင်ရွက်ပေးမည့်အစီအစဉ်နှင့် ပညာသင်ဆုဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် JICA ၏ အကူအညီဖြင့် နေပြည်တော်၌ နိုင်ငံ့ဝန်ထမ်းအရာထမ်းများအား အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချသင်ကြားနိုင်ရန် အိပ်ဆောင်များပါဝင်သည့် သင်တန်းသား ၂၀၀ ဆံ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီလေ့ကျင့်ရေးဗဟိုဌာန (Civil Services Academy Training Center) အကောင်အထည်ဖော်တည်ဆောက်မည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းနှင့် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပေးအပ်သောတာဝန်ကို အဂတိတရားကင်းရှင်းစွာဖြင့် ထမ်းဆောင်

**နေပြည်တော်  ဇွန်  ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၈၈/၂၀၁၆) ရဲဗလတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲနှင့် နောက်ရန် တပ်ခွဲများကို စစ်ဆေးခဲ့သည်။



ထို့နောက် ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက် အလေးပြုပြီး ခေတ္တရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုနှင့် ရဲကျင့်ဝတ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၂၀) ဒုတိယရဲအုပ်လောင်း ကျော်ရဲပိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၂၉) ဒုတိယရဲအုပ်လောင်း ရဲနောင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ် (၂၄)ဒုတိယရဲအုပ်လောင်း ချစ်ကောင်း၊ အင်္ဂလိပ်စာ ဘာသာရပ်ထူးချွန်ဆုရ ကျောင်းသား အမှတ် (၂၄၅) ဒုတိယရဲအုပ်လောင်း နန်းသဇင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ်(၃၀၆) ဒုတိယ ရဲအုပ်လောင်း အေမီစိုးဝင်းတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ခေတ္တရဲချုပ်က အမှာစကားပြောကြားရာတွင် **(အောက်ဝဲပုံ)** ပေးအပ်သောတာဝန်ကို အဂတိတရားကင်းရှင်းစွာဖြင့် စံနမူနာပြခေါင်းဆောင်များဖြစ်အောင် ထမ်းဆောင်ကြရန်၊ ပဋိပက္ခများ တည်ငြိမ်အေးချမ်းအောင် ဖြေရှင်းဆောင်ရွက်ပေးသူ၊ နိုင်ငံသားအခွင့်အရေးများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသူများ အဖြစ် ကြိုးပမ်းလုပ်ဆောင်ရန်၊ ရဲလုပ်ငန်းဆိုင်ရာ စွမ်းရည်များ ပိုမိုမြင့်မားတိုးတက်စေရန်အတွက် ကွန်ပျူတာ၊ အင်တာနက် နည်းပညာရပ်များ အပါအဝင် ခေတ်မီနည်းပညာများကိုလည်း တစ်ဖက်တစ်လမ်းမှ စဉ်ဆက်မပြတ်လေ့လာဆည်းပူးရန်၊ မှုခင်းများ၊ အကြမ်းဖက်မှုများကို ကာကွယ်တားဆီးတိုက်ဖျက်ရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် သတိလက်မလွတ်ဘဲ လုပ်ဆောင်ကြရန်၊ လက်တွေ့လုပ်ငန်းခွင်နှင့် မိမိဘဝလမ်းကြောင်းတစ်လျှောက် စံပြနိုင်ငံသားကောင်းတစ်ယောက် ဖြစ်အောင် ကိုယ်ကျင့်သိက္ခာနှင့်အညီ သမာသမတ်ကျကျ ကျင့်ကြံနေထိုင်သွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းဆင်းအရာရှိလောင်းများ၏ မိဘဆွေမျိုးများတက်ရောက်၍ သင်တန်းဆင်းဒုတိယရဲအုပ်လောင်းအမှတ်စဉ် (၈၈/၂၀၁၆)မှ ဘွဲ့ရ အမျိုးသား ၁၉၉ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၃၁၀ တို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများ၏ မိသားစုဝင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အားပေးစကားပြောကြား

**နေပြည်တော် ဇွန် ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ထားဝယ်မြို့ မြို့နယ်ခန်းမ၌ ပျက်ကျလေယာဉ်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီလုပ်ဆောင်ခဲ့ကြသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ပျက်ကျ လေယာဉ်အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့၏ အသိ စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြသည့် ထားဝယ်ဒေသရှိပြည်သူများ အားလုံးကို ဖော်မပြနိုင်လောက်အောင်ပင် ကျေးဇူးတင်ရှိပါကြောင်း။

လေယာဉ် ပျက်ကျရာတွင်ပါရှိသွားသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းငွေကျပ် သိန်း ၁၇၀၀၀ ကျော်ရှိပြီး ယင်းဖြစ်စဉ်အပေါ် ပြည်သူတို့၏ကရုဏာသက်ရောက်မှုကိုသိရှိနိုင်ကြောင်း၊ ယမန်နေ့ ဇွန် ၁၅ ရက် ညနေ ၅ နာရီကျော်ခန့်တွင် ပျက်ကျလေယာဉ်အမြီးပိုင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ လေယာဉ်ရေဒါပုံရိပ် ပျောက်ကွယ်သွားသည့် နေရာတစ်ဝိုက်မှာ တွေ့ရှိခြင်းဖြစ်ပြီး လွန်စွာအပြောကျယ်သည့် ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ) သင်္ဘောများ၊ ငါးဖမ်းစက်လှေများစွာဖြင့် ပိုက်စိပ်တိုက်ပြီး ခက်ခဲစွာဖြင့်ရှာဖွေခဲ့ရကြောင်း၊ ယင်းနေရာ၌ လေယာဉ်ရှာဖွေဆယ်ယူရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း၊ လေယာဉ်နောက်ပိုင်းတွင် Black Box ပါရှိသဖြင့် ယင်းကို ရရှိပါက အဖြေတစ်ခုရရှိနိုင်မည်ဖြစ်ကြောင်း၊ ရရှိသည့်အဖြေကိုလည်း အမှန်အတိုင်း ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံသည်။ ယင်းနောက် ပျက်ကျလေယာဉ်အစိတ်အပိုင်းအား ရှာဖွေတွေ့ရှိခဲ့သည့် ငါးဖမ်းစက်လှေမှ အလုပ်သမားများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နံနက် ၁၁ နာရီတွင် ထားဝယ်မြို့ နယ်မြေခံတပ်ဋ္ဌာနချုပ်ရိပ်သာ၌ တာဝန်ရှိသူများက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြေပြင်တပ်များနှင့် ကမ်းခြေတစ်လျှောက် ဖြန့်ခွဲရှာဖွေမှုများကိုမြေပုံဖြင့် စနစ်တကျမှတ်တမ်းထားရှိရန်၊ ဒေသခံပြည်သူများ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်ရန်၊ ရေအောက်တွင် တွေ့ရှိရသည့် လေယာဉ်အစိတ်အပိုင်းအား အရေးကြီးသည့်အစိတ်အပိုင်းများ မထိခိုက်စေဘဲ စနစ်တကျဆယ်တင်ရန်၊ ပျက်ကျလေယာဉ် အစိတ်အပိုင်းအားလုံးနှင့် ရုပ်အလောင်းအားလုံးရရှိသည်အထိ ရှာဖွေဆယ်ယူရေးလုပ်ငန်းများ ကြိုးစားလုပ်ဆောင်ရန်၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် Safety ပိုင်းအား အပြည့်အဝ စီမံဆောင်ရွက်ရန်တို့အား မှာကြားခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများ၏ မိသားစုဝင်များကို အားပေးစကားပြောကြားစဉ် (သတင်းစဉ်)

တပ်မတော် သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ပျက်ကျစဉ် ပါရှိသွားသည့် လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်ရစ်သူမိသားစုများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့တွင် သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နံနက် ၉ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ရုံးခန်းမ၌ ပျက်ကျလေယာဉ်တွင်ပါရှိသွားသည့် လေယာဉ်အမှုထမ်းများနှင့် အခြားအရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်ရစ်သူမိသားစုဝင်များအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထားဝယ်မြို့ နယ်မြေခံတပ်ဋ္ဌာနချုပ်ရိပ်သာ၌ လေယာဉ်ပျက်ကျရာတွင် ပါရှိသွားသည့် စစ်သည်မိသားစု လေးဦးတို့၏ ကျန်ရစ်သူမိသားစုဝင်များအားလည်းကောင်း၊ မြိတ်မြို့ လေတပ်စခန်းဌာနချုပ် ဧည့်ခန်းမတွင် ပျက်ကျလေယာဉ်တွင်ပါရှိခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစု ၄၆ ဦးတို့၏ ကျန်ရစ်သူမိသားစုဝင်များကိုလည်းကောင်း၊ ဘုတ်ပြင်းမြို့ လေဆိပ်ဧည့်ရိပ်သာတွင် ပျက်ကျလေယာဉ်ဖြင့် ပါရှိခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစု ၁၄ ဦးတို့၏ ကျန်ရစ်သူမိသားစုဝင်များကိုလည်းကောင်း အသီးသီးသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လတ်တလော အုပ်ချုပ်မှုကိစ္စရပ်များတွင် သုံးစွဲနိုင်ရန် လှူဒါန်းငွေများကို တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၆**

လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သိလိုသည့် မေးခွန်းများအပေါ် ကော်မရှင်မှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❈ *ကျောဖုံးမှ*

အောင်မြင်မှုရယူနိုင်ခြင်းမရှိသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါးရှိနေပြီဖြစ်ပြီး အာဆီယံအမျိုးသမီး ဘောလုံးလောကတွင် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့်အတူ ထိပ်တန်းအဆင့်တွင် ရပ်တည်နေသော်လည်း ယင်းအသင်းများနှင့် တွေ့ဆုံရာတွင် နိုင်ပွဲရယူနိုင်ခြင်းမရှိသောကြောင့် အောင်မြင်မှုနှင့် ဝေးကွာနေရခြင်းဖြစ်သည်။ လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင်လည်း မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်ဆုအတွက် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေပြီး အိမ်ရှင်မလေးရှားအသင်း၏ ပြင်ဆင်မှုများကြောင့် အောင်မြင်မှုရရန် ပိုမိုကြိုးစားရဖွယ် ရှိနေသည်။ နောက်ဆုံးတွေ့ဆုံခဲ့သည့်ပွဲများတွင် မြန်မာအသင်းက မလေးရှားအသင်းကို ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့်သာ ကပ်၍အနိုင်ရခဲ့ပြီး ဧပြီလကတွေ့ဆုံခဲ့သည့် အာရှဖလားခြေစစ်ပွဲတွင် ဗီယက်နမ်အသင်းကို ၎င်းတို့ကွင်း၌ နှစ်ဂိုးပြတ်ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် ထိုင်းအသင်းနှင့်မူ ခြေစမ်းပွဲများတွင် အနိုင် (သို့မဟုတ်) သရေကစားနိုင်ခဲ့သော်လည်း ပြိုင်ပွဲများတွင် အနိုင်ကစားနိုင်ခြင်းမရှိသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ လက်ရှိနည်းပြချုပ် နယ်သာလန်နိုင်ငံသား ရော်ဂျာလက်ထက်တွင် မြန်မာအသင်းသည် ခြေစွမ်းပိုင်းအရ တိုးတက်မှုရှိလာသော်လည်း ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ရာတွင် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ယခုပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာအမျိုးသမီးအသင်းတွင် လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့သည့် သန်းသန်းထွေး ပြန်လည်ပါဝင်လာပြီး အမာခံကစားသမားများဖြစ်သည့် စန်းစန်းမော်၊ ခင်မိုးဝေ၊ ရီရီဦး၊ နော်အားလိုဝါးဖောတို့ ဆက်လက်ရွေးချယ်ခံထားရသည်။ သို့သော် မေသူကျော်မှာ ဒဏ်ရာကြောင့် ဆီးဂိမ်းပြိုင်ပွဲကို လွဲချော်မည်ဖြစ်ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းမှာလည်း ကျန်းမာရေးအခြေအနေကြောင့် လေ့ကျင့်မှုပြုလုပ်နိုင်ခြင်းမရှိသေးပေ။ မြန်မာအမျိုးသမီးအသင်းသည် ယခုလအတွင်း ကြံ့ခိုင်မှုဦးစားပေးလေ့ကျင့်လျက်ရှိပြီး ခြေစမ်းပွဲများကစားရန် အသင်းဖိတ်ကြားမှုအဆင်ပြေပါက ယခုလနောက်ဆုံးပတ်တွင် နိုင်ငံတကာခြေစမ်းပွဲ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အနည်းဆုံးနိုင်ငံတကာခြေစမ်းပွဲ လေးပွဲအထက်ယှဉ်ပြိုင်ကစားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်ရရှိဖူးသော်လည်း ဆီးဂိမ်းပြိုင်ပွဲတွင် အမြင့်ဆုံး ဒုတိယသာရရှိဖူးသောကြောင့် ပထမဆုံးအကြိမ် ရွှေတံဆိပ်ရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

❀ *ကျောဖုံးမှ*

မြန်မာ့စက်မှုဆိပ်ကမ်းသို့ အောင်မြင်စွာ ဝင်ရောက်ဆိုက်ကပ်နိုင်ပြီ ဖြစ်ပါတယ်။ နောင်မှာလည်း ဒီလိုကြီးမားတဲ့ ကုန်သေတ္တာသင်္ဘောကြီးတွေ ဆက်လက်ဝင်ရောက်ဆိုက်ကပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ရေကြောင်းမှူးချုပ် ဦးအောင်ကျော်ထူးက ပြောသည်။

ယခင်က ရန်ကုန်အတွင်း ဆိပ်ကမ်းသို့ အရှည် ၁၆၇ မီတာရှိ ကုန်သေတ္တာတင်သင်္ဘောများသာ ဝင်ရောက်ဆိုက်ကပ်ခွင့်ပြုခဲ့ရာမှ ယခုအခါ ၁၇၅ မီတာရှိ တန်ချိန် ၃၀၀၀၀ ကုန်သေတ္တာသင်္ဘောကြီးကို မြန်မာ့စက်မှုဆိပ်ကမ်းသို့ ပထမဆုံးအနေဖြင့် ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၆၇ မီတာရှိ ကုန်သေတ္တာသင်္ဘောများမှာ ကုန်သေတ္တာလုံးရေ ၁၀၀၀ ခန့်သာ တင်ဆောင်နိုင်ပြီး ယခုဝင်ရောက်ဆိုက်ကပ်လာသည့် တန်ချိန် ၃၀၀၀၀ ရှိ ကုန်သေတ္တာတင်သင်္ဘောကြီးမှာ ကုန်သေတ္တာလုံးရေ ၁၉၀၀ အထိ တင်ဆောင်နိုင်သည့်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

အလားတူ ကုန်သေတ္တာသင်္ဘောကြီးကိုလွန်ခဲ့သော ဧပြီလအတွင်းက ဆူးလေဆိပ်ကမ်းသို့လည်း မြန်မာနိုင်ငံမှ ဆန်များအာဖရိကသို့ လွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရန် ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

❖ *ကျောဖုံးမှ*

“ကျွန်တော်တို့ ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား အမျိုးသား၊ အမျိုးသမီး ၁၉ ဦးကို အဆင့်ဆင့်ရွေးလာခဲ့တယ်။ တရုတ်နိုင်ငံမှာ ပူးတွဲလေ့ကျင့်သွားမှာက အောင်မြင်မှုရရှိရေးအတွက်ပါ။ လေ့ကျင့်ပြီးပြန်လာရင် တရုတ်နည်းပြနဲ့ ဆက်လေ့ကျင့်သွားပြီး ဆီးဂိမ်းအတွက် လူရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ကစားနည်းငါးမျိုး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သေနတ်ပစ်အားကစားနည်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်အနံ့မှာ သေနတ်ပစ်အားကစားနည်းနဲ့ ထိတွေ့ခွင့်မရှိဘူး။ ဒါကြောင့် တရားဝင်ကလပ်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဆီးဂိမ်းပြီးတာနဲ့ ဖွင့်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဒါမှ မျိုးဆက်သစ် သေနတ်ပစ်အားကစားသမားတွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဦးဇော်လွင်ဦးက ပြောသည်။

မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သော 41th South East Asia Shooting Championship သေနတ်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ ၅၀ Free pisto ၌ ရဲထွန်းနောင်က ငွေ၊ အမျိုးသမီးမီတာ ၅၀ prone ၌ သူသူကျော်က ငွေတစ်ခု၊ ဆုရရှိကြသူများကို မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

# တွင်းတောင်မှာ ကြေးခေတ်အသစ်တွေ့ရှိခြင်း

ရှင်ချမ်း

တွင်းတောင်သည် မြန်မာနိုင်ငံတွင်စိမ်းပြာရေညှိထွက်ရှိရာနေရာအဖြစ်ထင်ရှားသော နေရာတစ်ခုဖြစ်ပါသည်။ တွင်းတောင်သည် လွန်ခဲ့သောနှစ်ပေါင်း ခုနစ်သန်းခန့်က ပေါက်ကွဲခဲ့သော မီးတောင်တစ်ခုဖြစ်ကာ မီးတောင်ပေါက်ကွဲပြီးနောက်တွင် ယင်းနေရာတွင်တည်ရှိခဲ့သောအရာများသည် မီးတောင်ပေါက်ကွဲမှုနှင့်လွင့်ပါသွားရာမှ ကျင်းအဖြစ်ကျန်ရစ်ကာ ယင်းကျင်းအတွင်းရေဝင်ရောက်ရာမှ တွင်းတောင်ဖြစ်ပေါ်လာပါသည်။ ယခင်က တွင်းကြီးအတွင်း၌ အိမ်များဖြင့် လူများနေထိုင်ခဲ့ကြသော်လည်းစိမ်းပြာရေညှိ ထုတ်လုပ်ရန်စီမံကိန်းအရ လူနေအိမ်များကို ၁၉၉၈ ခုနှစ်တွင် တွင်းပေါ်သို့ရွှေ့ပြောင်းခဲ့ပြီး ၂၀၀၁ ခုနှစ်တွင်မူ တွင်းတောင်ရွာအမည်မှ တွင်းတော်ရွာအဖြစ် ပြောင်းလဲခဲ့ပါသည်။

တွင်းတော်ရွာနှင့် တွင်းတောင်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်းတွင် ရှိပြီး ဘုတလင်မြို့မှ ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။

အရှေ့လောင်ဂျီကျူမြောက်လက်တ္တီကျူတွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၇၄ မီတာခန့်အမြင့်တွင် ရှိသည်။ မိုးရေချိန်အားဖြင့် ၄၀ လက်မခန့်သာရရှိသော မိုးနည်းဒေသဖြစ်သဖြင့်



ရှေးဟောင်းမြေအိုးများကိုတွေ့ရစဉ်

သဘာဝပေါက်ပင်များအဖြစ် ထနောင်း၊ ဒဟတ်စသည့် အပူပိုင်းဒေသပေါက်ပင်များတွေ့နိုင်ပြီး အဓိကစီးပွားရေးအဖြစ် ယခင်ကတွင်း ပိုးဖမ်းယူရောင်းချခြင်းဖြင့် အသက် မွေးကြသော်လည်း ယခုအခါ ကွမ်းစိုက် ပျိုးခြင်းကို လုပ်ကိုင်ကြပြီးပဲ၊ နှမ်းစသည့် ယာသီးနှံစိုက်ပျိုးခြင်းကိုလည်း အနည်းငယ် လုပ်ကိုင်ကြပါသည်။ ဘုတလင်မြို့မှကားလမ်းဖြင့် လည်းကောင်း၊ ဘုတလင်မြို့နယ် ညောင်ကန်အုပ်စု အုပ်အိုင်ကျေးရွာမှ လှည်းလမ်းဖြင့် လည်းကောင်းသွားလာနိုင်သည်။

တွင်းတော်ရွာ၏ ပါးစပ်ရာဇဝင်အရ တွင်းတောင်၏တွင်းကြီးအတွင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက လူများစတင်နေထိုင်ခဲ့ကြသည်ဟုယုံကြည်ကြသည်။ အဆိုပါ ရာဇဝင်အရ ဗိမ္ဗိသာရမင်း၏သားတော် အဇာတသတ်မင်းမှ ဆင်းသက်လာသော ဥဒယဘဒ္ဒ၊ အနုရုဒ္ဓါ၊ မုဏ္ဍ၊ နာဂဒါသ စသည့်မင်းအဆက်ဆက်တို့သည် ဖခင်ကိုသတ်ပြီး အဆက်ဆက်မင်းပြုခဲ့ကြရာ နာဂဒါသ မင်းလက်ထက်တွင်ပြည်သူအပေါင်းတို့ အဖသတ်မျိုးကို ပယ်ပြီး အမတ်ကြီးသုသုနာဂကို မင်းအဖြစ်တင်မြှောက်ကြသဖြင့် နာဂဒါသမင်း၊ နှမတော်သီလဝိဒေဝီနှင့် အပေါင်းပါတို့သည်ရာဇဂြိုဟ်ပြည်မှထွက်ပြေးလာကြသည့် တိမ်းရင်းရာဇဂြိုဟ်နေရာတွင် ပထမအခြေချနေခဲ့ကြပြီး မင်း၏နောက်ပါများသည် တောကစားထွက်ရာမှ တွင်းတောင်တွင်းသို့ရောက်ရှိပြီး ထိုနေရာသည်ရန်သူပိုမိုလုံခြုံကြောင်း သိရသဖြင့် တွင်းတောင်သို့ ရွှေ့ပြောင်းသွားကြကာ တွင်းတောင်တွင် ယင်းသမိုင်းနှင့် ပတ်သက်ပြီး နန်းဦးသစ္စာပန်ဘုရားကို တွေ့ရပါသည်။ နှမတော်မှာ တိမ်းရင်းရာဇဂြိုဟ်နေရာတွင်ကျန်ရစ်သဖြင့် နှစ်စဉ် နှစ်တိုင်း တွင်းတောင်တွင်မောင်တော်နတ်ဆိုပြီးရိုးရာအရ နတ်ပွဲကျင်းပလေ့ရှိသည်။ ညောင်ကန်အုပ်စု ရွာသာ-ဖျောက်ဆိပ်ကုန်း-အုပ်အိုင်ရွာသုံးရွာကြားတွင်နှမတော်နတ်ပွဲကို ကျင်းပပေးလေ့ရှိကြသည်။

တွင်းတောင် ရှေးဟောင်းကြေးခေတ်နေရာသစ်ကိုမူ တွင်းတော်ရွာ၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး တွေ့ရှိရသော ရှေးဟောင်းပစ္စည်းကို စုဆောင်းထားသူဒေသခံဝါသနာရှင် ယာခင်းပိုင်ရှင်တစ်ဦးက ဘုတလင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်းအား သတင်းပေးရာ ဦးမြင့်ဟန်ထွန်း၏ သွားရောက်လေ့လာပေးရန် တိုက်တွန်းချက်အရစာရေးသူ-ဒေါ်ချမ်းပြည့်အောင်၊ (လက်ထောက်ကထိက၊ ရှေးဟောင်း သုတေသနပညာဌာန၊ ရတနာပုံတက္ကသိုလ်)၊ မထူးမွန်ထွေး (ဒုတိယနှစ်ကျောင်းသူ၊ ရှေးဟောင်း သုတေသနပညာဌာန၊ ရတနာပုံ တက္ကသိုလ်)၊ မစိုးသီရိမိုး (ပထမနှစ် ကျောင်းသူ၊ရှေးဟောင်းသုတေသန ပညာဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဦးစိုးမြင့်အောင် (ဝါသနာရှင် )တို့သွားရောက်လေ့လာခဲ့ကြသည်။

တွင်းတော်ရွာသားယာခင်းရှင် (ဝါသနာရှင်)ထံတွင် စုဆောင်းထားသော ကြေးပစ္စည်းများဖြစ်သည့် ကြေးလှံခေါင်း ငါးခု၊ ကြေးပုဆိန် တစ်လက်၊ အတက်ပါအိုးတစ်လုံး၊ တစ်ဆစ်ချိုးအိုးသုံးလုံး၊ ဖင်ဝိုင်းအိုးငါးလုံး၊ ကျောက်ကွင်းကြီးတစ်လုံး၊ ကျောက်ကွင်းငယ်တစ်လုံး၊ မြေပုတီးနှစ်ကုံးတို့တွေ့ရှိ စုဆောင်းထားသည်



တွင်းတော်ရွာသားတစ်ဦး သိမ်းဆည်းထားသည့် ရှေးဟောင်းကြေးပစ္စည်းများကိုတွေ့ရစဉ်

ကို လေ့လာခဲ့ရသည်။ ကြေးလှံခေါင်းတွင်တစ်ခုမှလွဲပြီး ကျန်လေးခုကို အကောင်းအတိုင်းတွေ့မြင်နိုင်ပြီး ကြေးလှံ သွား(၁) အရှည်၃ ဒသမ ၁ လက်မ၊ အကျယ်၁ ဒသမ ၂လက်မ၊ အမင်းအကျယ် ၀ ဒသမ ၄လက်မ၊ ကြေးလှံသွား (၂) အရှည် ၃ ဒသမ ၆လက်မ၊ အကျယ် ၀ ဒသမ ၉လက်မ၊ အမင်းအကျယ် ၀ ဒသမ ၆လက်မ၊ ကြေးလှံသွား (၃) အရှည်၃ ဒသမ ၃လက်မ၊ အကျယ် ၁လက်မ၊ အမင်းအကျယ် ၀ ဒသမ ၅ လက်မ၊ ကြေးလှံသွား (၄) အရှည် ၃ ဒသမ ၄လက်မ၊ အကျယ် ၁လက်မ၊ အမင်းအကျယ်၀ ဒသမ ၃လက်မ၊ ကြေးလှံသွား (၅) အရှည်၂ ဒသမ ၅လက်မ၊ အကျယ် ၁ ဒသမ ၁လက်မ၊ အမင်းအကျယ် ၀ ဒသမ ၃လက်မ၊ ကြေးပုဆိန် (၁) အရှည် ၃ ဒသမ ၂ လက်မ၊ အကျယ် ၂ လက်မ၊ အမင်းအကျယ် ၀ ဒသမ ၈ လက်မ၊ ကျောက်ကွင်းကြီး (၁) အချင်း ၄ လက်မ၊ အပေါက်အကျယ် ၂ ဒသမ ၄ လက်မ၊ အထူ ၁ ဒသမ ၁ လက်မ၊ ကျောက်ကွင်းသေး (၁)အချင်း ၂ ဒသမ ၇လက်မ၊ အပေါက်အကျယ်၁ ဒသမ ၄ လက်မ၊ အထူ ၀ ဒသမ ၄လက်မ။

အတက်ပါအိုး (၁) အမြင့် ၅ ဒသမ ၈ လက်မ၊ နှုတ်ခမ်းအကျယ် ၄ ဒသမ ၂ လက်မ၊ အတက်အရှည် ၀ ဒသမ ၅ လက်မ၊ တစ်ဆစ်ချိုးအိုးအကြီး-အမြင့် ၇ ဒသမ ၅လက်မ၊ နှုတ်ခမ်းအကျယ် ၄ ဒသမ ၇ လက်မ၊ ဖင်ဝိုင်းအိုးအကြီး- အမြင့် ၅ ဒသမ ၅လက်မ၊ နှုတ်ခမ်းအကျယ်၄ ဒသမ ၅ လက်မ၊ ဖင်ဝိုင်းအိုးအသေး- အမြင့် ၃ ဒသမ ၉လက်မ၊ နှုတ်ခမ်း အကျယ် ၄ ဒသမ ၂လက်မ၊ ကျောက်ကွင်းပဲ့ (၁) အထူ၀ ဒသမ ၃ လက်မ၊ အရှည် ၂ ဒသမ ၃ လက်မ ၊ အကျယ် ၁ဒသမ ၉ လက်မ။

အဆိုပါပစ္စည်း အထောက်အထားများတွင် ကြေးလှံသွားနှင့် ကြေးပုဆိန်ကို ညောင်ကန်၊ အင်းတဲနှင့် ဟန်လင်းကုန်းအမှတ် ၂၉ စသည့်ကြေးခေတ်နေရာများတွင် အလားတူတွေ့ရသည်။ အိုးများတွင်မူ အတက်ပါအိုးသည် ကြေးခေတ်တွင်မှသာစတင်တွေ့ရှိရသော အိုးဖြစ်ပါသည်။ အတက်ပါအိုးတွင်နှစ်မျိုးရှိပြီး ဘေးဘက်တွင် အတက်လေးတက်နှင့် အောက်ခံတွင်လည်း အတက်ပါသောအိုး၊ ဘေးဘက်တွင်အတတ်လေးတက်နှင့်အောက်ခံတွင် ကရွတ်ခွေခံထားသောအိုးတို့ဖြစ်ကြသည်။ ညောင်ကန်ကြေးခေတ်နေရာတွင်မူ အဆိုပါအိုးနှစ်မျိုးလုံးကိုတွေ့ရပြီး တွင်းတောင်တွင် ယခုလက်ရှိအခြေ



တွင်းတောင်မှ တူးဖော် ရရှိသည့် လူမေးရိုးနှင့် သွားများကို တွေ့ရစဉ်

အနေအရ ကရွတ်ခွေခံအတက်လေးတက်ပါအိုးမျိုးတစ်မျိုးကိုသာတွေ့ရပြီး ဆက်လက်တူးဖော်လေ့လာလျှင်ထပ်မံတွေ့ရှိရနိုင်သည်။ ကျောက်ကွင်းအကြီးကိုမူအခြားသောကြေးခေတ်၊ သံခေတ်များတွင်တွေ့ရှိရသည့်ကျောက်ကွင်းများနှင့် ဆင်တူပြီး ကျောက်ကွင်းအသေးသည်မူထူးခြားသည့်ကျောက်ကွင်းတစ်ခုဖြစ်ပေသည်။

အဆိုပါ ကျောက်ကွင်းအသေးသည်သေးငယ်သဖြင့် လက်တွင်ဝတ်ဆင်ရန်အတွက်မူ မဖြစ်နိုင်ပေ။ ထို့ပြင် ကျောက်ကွင်း၏ ဘေးအပြင်ဘက်တွင် ကြေးကွင်းလေးနှစ်ခုထပ်မံ ပေါင်းကွပ်ထားသည်ကို တွေ့ရှိရသည်။ ကြေးကွင်းလေးတစ်ခုမှာမူ ကျိုးပဲ့ပျောက်ဆုံးသွားသည်ဟု ရွာခံမှပြော ပြပြီးကျန်ရှိသည့်တစ်ကွင်းကိုမူကျိုးပဲ့ လျက်မြင်တွေ့ရပါသည်။ ကျောက်ကွင်းဘေးတွင်မူ ကြေးကွင်းအရာလေးနှစ်ခုကို မြင်တွေ့နိုင်ပါသည်။ လက်တွင်ဝတ်ဆင်ရန် သေးငယ်လွန်းသည့်အတွက် အဆောင်ပစ္စည်းဟုယူဆရပြီး အလားတူ ကျောက်ကွင်းမျိုးကို မြန်မာနိုင်ငံအခြားကြေးခေတ်များတွင် လည်းကောင်း၊ အရှေ့တောင်အာရှကြေးခေတ်များတွင် လည်းကောင်း မတွေ့ရပေ။

အဆိုပါ ကြေးခေတ်နေရာသစ်တွင် ကျောက်တုံးကြီးများကိုလည်း တွေ့ရပေသည်။ ကျောက်တုံးကြီးများသည်မြေကေအတော်ကျယ်ကျယ်တွင် အများအပြားပြန့်ကျဲလျက်ရှိပြီး အလားတူ ကျောက်တုံးကြီးများကို အုပ်အိုင်ရှေးဟောင်းနေရာတွင် တွေ့ရှိရသည်။ အုပ်အိုင်သည်လည်း ကျောက်ခေတ်သစ်လက်နက်ထုတ်လုပ်ရာနေရာဖြစ်ခဲ့သည့်အပြင် ကြေးခေတ်အထိပါ ဆက်လက်ထွန်းကားခဲ့သော နေရာဖြစ်သည်။

အဆိုပါ ကျောက်တုံးကြီးများသည် မီးသင့်ကျောက်တုံးများဖြစ်သဖြင့် တွင်းတောင်မီးတောင်ပေါက်ကွဲရာမှ လွင့်စဉ်စုပုံနေခဲ့သည်ဟု ယခင်ကယူဆခဲ့ကြသော်လည်း တွင်းတောင်တွေ့ရှိမှုအရ ယင်းကျောက်တုံးများသည် သဘာဝအတိုင်းစုပုံနေခဲ့ခြင်းမဟုတ်ဘဲ ယဉ်ကျေးမှုတစ်ခုဖြစ်ကြောင်း သက်သေပြလျက်ရှိတော့သည်။

အလားတူကျောက်ကြီး ကိုးကွယ်သော ယဉ်ကျေးမှုကို ဥရောပရှေးဟောင်းနေရာများတွင် လည်းကောင်း၊ အရှေ့တောင်အာရှတွင် လည်းကောင်း၊ မြန်မာနိုင်ငံတွင် တံတားဦးမြို့သာနှင့် ငါးရှန်ဒေသတို့တွင် တွေ့ရသည်။

သို့သော် အုပ်အိုင်နှင့် တွင်းတောင်တို့ကဲ့သို့မကြီးကျယ်ပေ။ အဆိုပါ အထောက်အထားအရ တွင်းတောင် ရှေးဟောင်း နေရာသစ်သည်မြန်မာ့ ကြေးခေတ်ယဉ်ကျေးမှု အသစ်တစ်ခု ဖြစ်သည့်အပြင်၊ ယင်းထက်စောသည့် ကာလကပင် လူတို့ရပ်တည်အခြေချနေထိုင်ခဲ့နိုင်သောနေရာ အဖြစ်ယူဆရသည်။

ထို့ကြောင့်ရှေးဟောင်းပစ္စည်းများတွေ့ရှိရသည့်ယာခင်းရှင်-ဝါသနာရှင်ကို အခြားရှေးဟောင်းပစ္စည်းရောင်းဝယ်သူများလက်သို့ မရောင်းချရန်နှင့် နိုင်ငံတော်အားစနစ်တကျအပ်နှံရန် တိုက်တွန်းခဲ့ပြီး ဘုတလင်ပြည်သူ့လွှတ်တော်အမတ်ဦးမြင့်ဟန်ထွန်းအားလည်း ကြီးမားသည့် ရှေးဟောင်းယဉ်ကျေးမှု တစ်ခုဖြစ်ကြောင်းပြောပြကာ နိုင်ငံတော်ကိုအပ်နှံရာတွင် ကူညီပေးရန်ပန်ကြားခဲ့သည်။ ယဉ်ကျေးမှုအသစ်တစ်ခုဖြစ်ပြီး မြန်မာ့ကြေးခေတ်သမိုင်းကို ဖြည့်စွက်ပေးနိုင်သည့်နေရာသစ်တစ်ခုဖြစ်သောကြောင့် မိမိလေ့လာခဲ့သမျှတင်ပြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာနမှစနစ်တကျဆက်လက်တူးဖော်လေ့လာမှုများ ပြုလုပ်နိုင်ရန်အတွက် တိုက်တွန်းတင်ပြအပ်ပါသည်။



ကြေးခေတ်နေရာသစ်ရှိ မြေပေါ်တွင်ကျောက်တုံးကြီးများ ပြန့်လျက်တွေ့ရစဉ်

# မြန်မာ-တရုတ်၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှပို့ကုန်များမြှင့်တင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၆

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ** (ယာပုံ) **မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**




**ပို့ကုန်များမြှင့်တင်နိုင်ရေး**

အစည်းအဝေးတွင် မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ရှမ်းပြည်နယ်၏ ဒေသထွက် စိုက်ပျိုးသီးနှံကုန်စည်များ ဈေးနှုန်းကျဆင်းနေခြင်း၊ အရောင်းအဝယ်မဖြစ်ဘဲ ပြည်တွင်းပြည်ပ ဈေးကွက် ပျောက်နေခြင်းများ ကြုံတွေ့နေရသည့်အတွက် မည်ကဲ့သို့ အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် အသေးစား စက်မှုလုပ်ငန်းရှင်များ ဆက်လက် ရပ်တည်နိုင်ရေးအတွက် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှမ်းပြည်နယ်အစိုးရအနေဖြင့် ခရမ်းချဉ်သီးဖျော်ရည်နှင့် ဆော့ထုတ်လုပ်နိုင်ရန် နည်းပညာပေးခြင်း၊ SME လုပ်ငန်းရှင်များအား အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဘဏ်နှင့် ချိတ်ဆက်၍အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခြင်းနှင့် Credit Gurantee Insurance - CGI စနစ်ဖြင့် ချေးငွေရရှိနိုင်ရေး CB ဘဏ်နှင့်ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဂျာမနီနိုင်ငံရှိ Tee Graschner Shop ၃၀၀ ကျော်တွင် မြန်မာ့လက်ဖက်ခြောက်များ ရောင်းချလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်မှ အဓိကထွက်ရှိသည့် ကော်ဖီစေ့များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ချက်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုသို့ ဈေးကွက်ချဲ့ထွင် တင်ပို့နိုင်ခဲ့ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးများတွင် မြန်မာနိုင်ငံမှပို့ကုန်များ မြှင့်တင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင်ဝန်ကြီးဌာနအနေဖြင့် နှစ်လတ်လုပ်ငန်းအစီအစဉ် (Medium Term Programme-MTP)ကိုရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **မကွေးမြို့ လေဆိပ်ကို ခရီးသည်တင်လေယာဉ်များ ဆင်းသက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဒေသခံပြည်သူများအနေဖြင့် မော်တော်ကားကိုပိုမိုအသုံးပြု ခရီးသွားလာပါကြောင်း၊ လေယာဉ်စီးနင်းသည့် ခရီးသည်ရရှိမှုနည်းပါးသဖြင့် လေကြောင်းလိုင်းများ တွက်ခြေမကိုက်ပါကြောင်း၊ ခရီးသည်ရရှိမှု အခြေအနေအပေါ်မူတည်၍ ပျံသန်းပြေးဆွဲမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**သီးနှံများဈေးကောင်းရရှိရေး**

လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **တရားမဝင် ဂြိုဟ်တုစလောင်းနှင့် ရုပ်သံဖမ်းစက်များကို ဥပဒေနှင့်အညီ နည်းလမ်းတကျ အခွန်အခကောက်ခံနိုင်ရေးနှင့် လိုအပ် သလို အရေးယူပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ထပ်ဆင့်ထုတ်လွှင့်နိုင်ခြင်း မရှိသည့် ဂြိုဟ်တုရုပ်မြင်သံကြား ဖမ်းစက်များကို နောက်ဆုံးထုတ်ပြန်ထားသော ဆက်သွယ်ရေးဥပဒေအရ လိုင်စင်ထုတ်ပေးရန်၊ အခကြေးငွေကောက်ခံရန် မလိုအပ်ပါကြောင်း၊ ယင်းစက်များကို ပို့ကုန်သွင်းကုန်ဥပဒေ၊ အကောက်ခွန်ဥပဒေတို့နှင့် အညီတင်သွင်းရမည်ဖြစ်ပါကြောင်း၊ သို့သော် ဆက်သွယ်ရေးစနစ်ပါဝင်ပြီး ထုတ်လွှင့်နိုင်စွမ်းရှိသည့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ စက်ပစ္စည်းများကို အများပြည်သူသို့ ဖြန့်ဖြူးရောင်းချခြင်းနှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာ ထောက်ခံချက်များ စနစ်တကျ ရယူနိုင်ရေးကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေနှင့် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်တို့၏ လယ်ယာထွက်ကုန် သီးနှံများဈေးကောင်းရရှိရေး၊ သဘော်ဆိပ်ခံတံတား တည်ဆောက်ပေးရေးနှင့် ခုံးကျော်တံတား တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့ ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် **ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်၊ ကော့ကရိတ် မဲဆန္ဒနယ်မှ ဦးစိုးဌေး၊ မိုင်းကိုင် မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယင်းအစီရင်ခံစာအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၇ ရက် မြောက်နေ့ကို ၂၀၁၇ ခုနှစ် ဇွန် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

---

# ပြည်တွင်း ငါးဖမ်းရေယာဉ်များတွင် VMS စနစ်တပ်ဆင်ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီမံလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**




**ငါးသယံဇာတ တိုးပွားလာစေရေး**

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကမ်းဝေးငါးဖမ်း ရေယာဉ်များအား နိုင်ငံတကာစံနှုန်းများနှင့်အညီ VMS (Vessel Monitoring System) တပ်ဆင်ရန်အတွက် အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က VMS (Vessel Monitoring System) စနစ်ဆိုသည်မှာ ပင်လယ်ပြင်အတွင်း မိုးလေဝသခန့်မှန်းမှု အခြေအနေကို ငါးဖမ်းရေယာဉ်များက ကြိုတင်သိရှိပြီး မုန်တိုင်းအန္တရာယ်မှ ကာကွယ်နိုင်ရန်၊ သတင်းအချက်အလက်များရယူ၍ တရားမဝင် ငါးဖမ်းရေယာဉ်များနှင့် လိုင်စင်မဲ့ငါးဖမ်းရေယာဉ်များကို ထောက်လှမ်းအရေးယူနိုင်ရန်၊ ပင်လယ်ပြင်ကို စောင့်ကြပ်စစ်ဆေးခြင်းဖြင့် ငါးသယံဇာတ တိုးပွားလာစေရေးနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ပေါင်းစပ်ဆောင်ရွက်သော ငါးလုပ်ငန်း စောင့်ကြပ်စစ်ဆေးရေး စနစ်ဖြစ်ပါကြောင်း။

၂၀၁၄ခုနှစ် မတ်လတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်တွင်းငါးဖမ်းရေယာဉ်များ၌ VMS စနစ်တပ်ဆင်ဆောင်ရွက်နိုင်ရန် Myanmar Monitoring Control and Surveillance (MMCS)စီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံမှ French Development Agency (AFD)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် AFD မှ ငါးလုပ်ငန်းပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ ကနဦးစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုများ ပြုလုပ်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် စက်တင်ဘာလ၌ MMCS စီမံကိန်းကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် AFD တို့အကြား စီမံကိန်း သဘောတူညီချက်လက်မှတ်ရေးထိုးရာ၌ ဖော်ပြရမည့် စီမံကိန်းလုပ်ငန်းများ၊ တာဝန်ဝတ္တရားများ၊ နည်းပညာပံ့ပိုးမှုနှင့် လွှဲပြောင်းမှုများ၊ ဘဏ္ဍာရေး၊ စည်းမျဉ်းစည်းကမ်းများကို တိကျရှင်းလင်းစွာ ထည့်သွင်းဖော်ပြနိုင်ရန် Third party ဖြစ်သည့် F&S ကုမ္ပဏီအား AFD ကနိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ်၊ မတ်လတွင် F&S ကုမ္ပဏီနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ အတိုင်ပင်ခံ လုပ်ငန်းပဋိညာဉ်စာချုပ်အား လက်မှတ်ရေးထိုးခဲ့ပြီး F&S ကုမ္ပဏီမှ စီမံကိန်းဖြစ်နိုင်ခြေ လေ့လာမှုအား AFD ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု အစီရင်ခံစာရရှိပါက MMCS စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် AFD ထံမှ ထောက်ပံ့ငွေရယူခြင်း (သို့မဟုတ်) သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူခြင်းစသည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် စီမံကိန်းလုပ်ငန်းများအား အသေးစိတ် ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း။

F&S ကုမ္ပဏီက ပြင်ဆင်ပေးမည့် MMCS စီမံကိန်းသဘောတူညီမှုစာချွန်လွှာအား နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီး နည်းပညာထိန်းချုပ်ရေးအခန်းများတည် ထောင်ခြင်း၊ IT Software များတပ်ဆင်ခြင်း၊ ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်း ပို့ချခြင်းများအား အချိန်ကာလတစ်ခုရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်တွင်း ငါးဖမ်းရေယာဉ်များတွင် VMS စနစ်တပ်ဆင်ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီမံလျက်ရှိပါကြောင်းနှင့် စီမံကိန်း အကောင်အထည်ပေါ်ပါက လိုအပ်သည့်လုပ်ငန်းစဉ်များအား ထုတ်ပြန်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**စွန့်လွှတ်ပေးရန် မသင့်**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့ သချိုင်းမြေ ပြန်လည်စွန့်လွှတ်ပေးရန် သို့မဟုတ် သင်္ချိုင်းမြေနေရာအသစ် အမြန်ဆုံး ဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့ သချိုင်းမြေ ပြန်လည်စွန့်လွှတ်ပေးနိုင်ပါရန်အတွက် ကရသူရီမြို့မိ၊ မြို့ဖများက ကရသူရီမြို့ (၅၅၅) တပ်ရင်းသို့ တောင်းဆိုခဲ့ရာ ကရသူရီမြို့သုသာန်မြေ ငါးကေမြေနေရာသည် တပ်ရင်းလုံခြုံရေးအရ စိုးမိုးသည့်နေရာဖြစ်ခြင်း၊ အိမ်ထောင်သည် လိုင်းခန်းနှင့် အလှမ်းဝေးကွာမှုမရှိဘဲ ဆက်စပ်လျက်ရှိခြင်း၊ တပ်ရင်းပိုင်စိုက်ပျိုးထားသော ဥယျာဉ်ခြံမြေများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးရန်မသင့်ဟု သဘောထားပြန်ကြားလာခဲ့ပါကြောင်း။

အဆိုပါ သင်္ချိုင်းမြေနေရာ၌ ကွယ်လွန်သူများ မြေမြှုပ်ခြင်း၊ ဂူသွင်းခြင်းပြုလုပ်နိုင်ရန်အတွက် အဝင်ပေါက်တစ်ခုကို ပြုလုပ်ထားရှိပေးထားပြီး နာရေးကိစ္စများ အဆင်ပြေစွာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ သင်္ချိုင်းမြေနေရာအသစ် ဖော်ထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မိ၊ မြို့ဖများ ပူးပေါင်းပြီး ယာယီမြေနေရာအသစ် ရွေးချယ်လျာထားခဲ့ကြပါကြောင်း၊ ယင်းလျာထားသည့် မြေနေရာသည် မြို့နှင့် ခြောက်ဖာလုံခန့်ကွာဝေးပြီး ကွင်းအမှတ် (၂၄/Oss)၊ ကရသူရီကြေးတိုင်ပြင်ကွင်းအတွင်း ပါဝင်သော တောရိုင်းမြေ အမျိုးအစားဖြစ်ပြီး မြေဧရိယာ သုံးဧကသာရှိသဖြင့် သင်္ချိုင်းပြုလုပ်ရန် အနည်းဆုံးလိုအပ်သည့် အကျယ်အဝန်း ငါးဧက ပြည့်မီခြင်းမရှိသည့်အတွက် အခက်အခဲရှိပါကြောင်း။

တိုးချဲ့ရန်လိုအပ်သော မြေနေရာသည် အဏ္ဏဝါထွန်း ဆီအုန်းကုမ္ပဏီမှ ၂၀၁၇ ခုနှစ်တွင် ဗဟိုမြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့မှ နှစ် ၃၀ လုပ်ကိုင်ခွင့်ပြုထားသော မြေအတွင်း ပါဝင်လျက်ရှိပါကြောင်း၊ ယင်းမြေနေရာတွင် လက်ရှိကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကုမ္ပဏီ၏ ခွင့်ပြုမိန့်ကျမြေဧရိယာအတွင်းမှ ငါးကေခန့်ကို ထုတ်နုတ်ပေးမည်ဆိုပါက သင်္ချိုင်းနေရာအသစ်ကို ဖော်ထုတ်သတ်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးခင်မောင်လတ်တို့၏ တမံဆောက်လုပ်ပေးရန် မေးခွန်းနှင့် Model စိုက်ပျိုး၊ မွေးမြူရေးဇုန်တစ်ခု တည်ထောင်ပေးရန်မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တာတမံဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီဝင် ဦးဆန်းမြင့်က ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၁၉ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်(သတင်းစဉ်)**

# စွန့်ဦးတီထွင်လူငယ်များ အနာဂတ်အောင်နိုင်ရေး အစိုးရကပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးမည်

**ရန်ကုန် ဇွန် ၁၆**

ယနေ့ပြည်တွင်း စွန့်ဦးတီထွင်လူငယ်များ အနာဂတ်အောင်မြင်နိုင်ရေး ပေါ်လွင်ထင်ရှားစေရန်အတွက် အစိုးရက တာဝန်ယူပေါင်းစပ် ပံ့ပိုးဆောင်ရွက်ပေးရမည်မှာ အဓိကတာဝန်တစ်ရပ်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြား သည်။

ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာ့စွန့်ဦးတီထွင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်း ဖြစ်သည်။

"လူငယ်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ဝန်းကျင်လောက်ကတည်းက တီထွင်ကြံဆနိုင်တဲ့ အခွင့်အလမ်းတွေမရှိခဲ့ဘူး၊ ဆုံးရှုံးခဲ့တယ်။ မျှော်လင့်ချက်တွေမဲ့ခဲ့ရတယ်။ ဒါပေမယ့် ဒီနေ့အချိန်မှာ တာဝန်ရှိသူတွေ၊ အဖွဲ့အစည်းတွေက ဒီလမ်းကြောင်းကို ဖန်တီးပေးရမယ်၊ ဖော်ထုတ်ပေးရမယ်။ ပံ့ပိုးမှုတွေ ပေးရမယ်။ အစိုးရတွေကလည်း လုပ်ပေးရမယ့် တာဝန်တွေလို့ ခံယူရမယ်။ လူငယ်အတွက် ဘယ်နိုင်ငံ၊ ဘယ်အစိုးရပဲဖြစ်ဖြစ်၊ အနာဂတ်ကို အစိုးရကဖန်တီးခွင့်မရှိပါဘူး။ အစိုးရ ပုံဖော်ထားတဲ့ အနာဂတ်ထဲမှာ လူငယ်တွေကျင်လည်ဖို့ မလိုအပ်ဘူး။ လူငယ်လူရွယ်တိုင်း မိမိအနာဂတ်ဖန်တီးနိုင်ဖို့သာ အစိုးရက ဆောင်ရွက်ပေးရပါမယ်။ အစိုးရက ဖန်တီးပေးထားတဲ့ ပုံစံခွက် ထဲမှာပဲ ဖြစ်ဖြစ်၊ အနေအထားတစ်ခုတည်းမှာပဲဖြစ်ဖြစ် ထည့်သွင်း ပြီးတော့ အနာဂတ်လုံခြုံရေးဖန်တီးတာထက် လူငယ်တွေကိုယ်တိုင်က အနာဂတ်ကိုမျှော်တွေးပြီး ယုံကြည်စွာနဲ့ အသက်ဝင်လှုပ်ရှားတာက အဓိပ္ပာယ်ပိုရှိတယ်။ ဒါကြောင့်မို့ လူငယ်တွေရဲ့ အနာဂတ်ကို အစိုးရက ဖန်တီးခွင့်မရှိဘူး။ အနာဂတ်အောင်မြင် သွားဖို့အတွက် ပေါ်လွင်ထင်ရှားဖို့ အစိုးရက တာဝန်ယူပေါင်းစပ်ပံ့ပိုးပေးဖို့က အဓိကတာဝန်ဖြစ်တယ်။ ဒီလိုသာ ဖြစ်သွားမယ်ဆိုရင် လူငယ်တွေရဲ့အခန်းကဏ္ဍက အမြဲထိပ်တန်းမှာရှိနေမှာ။ လူငယ်တွေတီထွင်ပြီးတဲ့နောက် အားပေးရမယ်၊ မြှောက်စားရမယ်၊ ဂုဏ်ပြုရမယ်၊ ချီးမြှင့်ပေးရမယ်။ တွန်းအားပေးရမှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံ လူငယ်တွေ အစွမ်းအစရှိရဲ့သားနဲ့ နောက်ကျခဲ့ရတယ်။ လူညံ့တွေမဟုတ်ဘူး ဆိုတာကို ပြရမယ်။လူငယ်တွေအတွက် စွန့်စားစရာ၊ တီထွင်စရာတွေ အနာဂတ်နိုင်ငံမျိုးဖြစ်အောင် ဖန်တီးပေးရမယ်။ ဒါမှသာလျှင် စွန့်ဦးတီထွင်ဆိုတဲ့ စကားလုံးဟာ မြန်မာနိုင်ငံမှာ အမြဲတမ်း ရှင်သန်နေမှာဖြစ်တယ်" ဟု ပြောသည်။

ယနေ့ကျင်းပသော မြန်မာစွန့်ဦးတီထွင်ပွဲတော်သည် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းက ကြီးမှူးကျင်းပသော ပထမဆုံးပွဲတော်ဖြစ်ပြီး စွန့်ဦးတီထွင်သူများအတွက် ဈေးကွက်ချိတ်ဆက်ပေးရန်၊ ငွေကြေးအရင်းအနှီးများ ချိတ်ဆက်ပေးရန်၊ ကွန်ရက်တစ်ခုဖန်တီးပေးမည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ငန်းစတင် တည်ထောင်သောလူငယ်များ မြေတောင်မြှောက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်၊ မြန်မာ့လူဘောင်ဝန်းကျင်တွင် လိုအပ်သောလူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၊ နည်းပညာအခြေခံစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုတို့ကို အခြေခံသောစီးပွားရေးလုပ်ငန်းများ စတင်ပေါက်လာစေရန်နှင့် ပြည်တွင်းစွန့်ဦးတီထွင်သူများအကြား ကွန်ရက်ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရန် စသော ရည်ရွယ်ချက်များဖြင့် ယနေ့ ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



မြန်မာစွန့်ဦးလူငယ်များတီထွင်ထားသော 3D Printer ကို တွေ့ရစဉ်

ဦးထွန်းထွန်းနိုင် (မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)က "အခုမှလုပ်ကိုင်တဲ့ လူငယ်စွန့်ဦး အသေးစားလုပ်ငန်း လုပ်ကိုင်တဲ့သူတွေကို မြေတောင်မြှောက်ပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီပထမဆုံး မြန်မာစွန့်ဦးတီထွင်ပွဲတော်ကို ကျင်းပပေးတာဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်စွန့်ဦးတီထွင် အသေးစားလုပ်ငန်းတွေဈေးကွက်ရရှိဖို့ ချိတ်ဆက်ပေးတဲ့သဘောပါ။ ဒီမှာရရှိတဲ့အကျိုးကျေးဇူးကို ပြောရရင် တခြားနဲ့မတူတာက အောင်မြင်နေတဲ့ တကယ့်စီးပွားရေးသမားတွေဟောပြောပို့ချတဲ့သင်တန်းတွေရှိတယ်။ ဆွေးနွေးပွဲတွေရှိတယ်။ သူတို့ဆီမှာ အရင်းအနှီးကအစ အကူအညီတောင်းနိုင်တဲ့ နည်းလမ်းတွေရမယ်။ မြန်မာနိုင်ငံအနေနဲ့ ဒါပထမဆုံးဆိုပေမယ့် အခုလိုပွဲတော်မျိုးတစ်နှစ်ကို နှစ်ကြိမ်လုပ်သွားဖို့ မှန်းထားပါတယ်။ အကြီးတစ်ခုကိုတော့ အောက်တိုဘာလထဲမှာလုပ်ဖြစ်မှာပါ" ဟုပြောသည်။

အဆိုပါ မြန်မာစွန့်ဦးတီထွင်ပွဲတော်တွင် ပြခန်းပေါင်း ၁၂၄ ခန်းပါဝင်ပြသခဲ့ပြီးဆွေးနွေးပွဲများ၊ ဟောပြောပို့ချမှုများ၊ အခမဲ့သင်တန်းများ၊ ကနဦးလုပ်ငန်းရှင်သစ်များ၏ပြခန်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ကနဦးလုပ်ငန်းသစ်မိတ်ဆက်ပွဲများ၊ အသေးစား/ အလတ်စားလုပ်ငန်းများ၏ ပြခန်းများစသည်ဖြင့် ပါဝင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## မီဒီယာဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် International Media Support/ FOJO Media Institute (IMS/FOJO) တို့အကြား မီဒီယာဖွံ့ဖြိုးရေးအစီအစဉ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၁နာရီက ရန်ကုန်မြို့ပန်းဆိုးတန်းလမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်းခေတ်မီ စာကြည့်တိုက်၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် IMS/FOJO မှ Executive Director Mr.Jesper Hojberg တို့သည် နားလည်မှုစာချွန်လွှာပေါ်တွင် အသိသက်သေများနှင့်အတူ လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာအပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မိုင် ၁၀၀၀ ကျော်ခရီး တစ်ကိုယ်တော်လမ်းလျှောက်သူ ဝမ်းတွင်းမြို့နယ်သို့ ရောက်ရှိ

**မိတ္ထီလာ ဇွန် ၁၆**

ပြင်ဦးလွင်မြို့မှစတင်ပြီး ပြင်ဦးလွင်နှင့် ရန်ကုန်အသွားအပြန် မိုင် ၁၀၀၀ ကျော်ခရီးအား တစ်ကိုယ်တော်လမ်းလျှောက်သူ ကိုကျော်ကျော်လင်းသည် ကူမဲမှတစ်ဆင့် ဝမ်းတွင်းမြို့နယ် ကိုင်းတံတားအနီးသို့ ဇွန် ၁၆ ရက်နံနက် ၈ နာရီခွဲက ရောက်ရှိလာကြောင်း သိရသည်။

"သူက မြစ်သားမြို့နယ် ကူမဲကနေ နံနက် ၇ နာရီလောက်က ထွက်ခွာလာတာ နံနက် ၈ နာရီခွဲမှာ ကိုင်းတံတားကိုဖြတ်ပြီး ဝမ်းတွင်းမြို့နယ်ထဲကို ရောက်ရှိလာတာပါ။ ဝမ်းတွင်းမြို့ပေါ် ဝမ်းတွင်းဆည်အနီးက တံတားဦးကျောင်းတိုက်မှာ ညအိပ်ရပ်နားပြီး နောက်တစ်နေ့ နံနက် ၇ နာရီမှာ မိတ္ထီလာမြို့ကို ဆက်လက်လမ်းလျှောက်မှာ ဖြစ်ပါတယ်" ဟု မြို့နယ်အားကစားနှင့်ကာယပညာဦးစီးမှူး ဦးမြတ်သီဟကျော်က ပြောသည်။

၂၀၁၇ ခုနှစ် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား ဂုဏ်ပြုကြိုဆိုခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် နှိုးဆော်ခြင်းနှင့် လူငယ်များအကြား မူးယစ်ဆေးဝါးကင်းစင်ရေး ရည်ရွယ်ချက်များဖြင့် ပြင်ဦးလွင်နှင့် ရန်ကုန်အသွားအပြန် မိုင် ၁၀၀၀ ကျော်ခရီးအား တစ်ကိုယ်တော်လမ်းလျှောက်သူ ကိုကျော်ကျော်လင်း (ခ) ကိုနေမင်းခမှာ ဇွန် ၁၂ ရက်မှ နံနက် ၇ နာရီကစတင်ပြီး ပြင်ဦးလွင်မြို့မှထွက်ခွာခဲ့ရာ ပုသိမ်ကြီး၊ မန္တလေး၊ တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲစသည်တို့ကိုဖြတ်ကျော်ပြီး လမ်းတစ်လျှောက်တွင် သက်ဆိုင်ရာအားကစားနှင့် ကာယပညာဦးစီးဌာနတာဝန်ရှိသူများ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုဆိုကူညီအားပေးကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

## မုံရွာမြို့၌ ၆၆(ဃ)ဥပဒေအမြန်ပြင်ဆင်ပေးနိုင်ရေး ဇွန် ၁၈ ရက်တွင် စုပေါင်းတောင်းဆိုသွားမည်

**မုံရွာ ဇွန် ၁၆**

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ပုဒ်မ ၆၆(ဃ)ဥပဒေအမြန်ပြင်ဆင်ပေးနိုင်ရန် တောင်းဆိုသည့်အနေဖြင့် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မုံရွာမြို့၌ ဆက်သွယ်ရေးဥပဒေပြင်ဆင်ရေး ပူးပေါင်းလှုပ်ရှားမှုအဖွဲ့(မုံရွာ)ကဦးဆောင်၍ လှုပ်ရှားမှုတစ်ရပ်ကို ပြုလုပ်မည်ဖြစ်ကြောင်း ဦးဆောင်သူ ဦးစိုးဝင်းဆွေထံမှ သိရသည်။

ယနေ့မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော ပုဒ်မ ၆၆(ဃ) အပါအဝင် ဆက်သွယ်ရေးဥပဒေသည် အားနည်းချက်များရှိနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏အခြေခံလွတ်လပ်ခွင့်များကို ခြိမ်းခြောက်နေသည်ဟု ယုံကြည်သဖြင့် ယင်းဥပဒေအမြန်ပြင်ဆင်ပေးနိုင်ရန် တောင်းဆိုသည့် လှုပ်ရှားမှုတစ်ရပ်ကို ပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်တာတွေ ပြုလုပ်ချင်တဲ့အတွက် ဇွန် ၁၅ ရက်က သက်ဆိုင်ရာ မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူးဆီကို တင်ပြထားတာ ခွင့်ပြုခဲ့ပါတယ်။ ဇွန် ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီမှာ မုံရွာပြည်သူ့အားကစားကွင်းမှာ စတင်စုစည်းပြီး မနက် ၉ နာရီက မွန်းလွဲ ၁၂ နာရီခွဲအထိ မုံရွာအားကစားကွင်းရှေ့ကနေ စပြီး စီတန်းလမ်းလျှောက်ကြမှာပါ။ ဆက်သွယ်ရေးဥပဒေအကြောင်းကို အများသိစေဖို့ ဟောပြောမှာဖြစ်သလို ဆက်သွယ်ရေးဥပဒေပြင်ဆင်ဖို့၊ ပုဒ်မ ၆၆ (ဃ)ဖျက်သိမ်းရေးကို ချက်ချင်းလုပ်ပေးဖို့ လွတ်လပ်စွာရေးသားထုတ်ဖော် ပြောဆိုခွင့်ရရှိဖို့နဲ့ မီဒီယာဖိနှိပ်မှုအလိုမရှိတဲ့ အကြောင်းတွေကို ကြွေးကြော်မှာ ဖြစ်သလို ပိုစတာဗီနိုင်းဆိုင်းဘုတ်တွေနဲ့ ချိတ်ဆွဲပြီး အများသိအောင် လုပ်သွားမှာပါ"ဟု ဦးစိုးဝင်းဆွေက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ကရာတေးဒိုအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**မန္တလေး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကရာတေးဒို အားကစားနည်းတိုးတက် အောင်မြင်ရေးအတွက် အမေရိကန်ဒေါ်လာ ၄၅၀၀ တန်ဖိုးရှိ ကရာတေးဒို အားကစားပြိုင်ပွဲသုံး အခင်းပြားအချပ် ၃၀၀ ကို Mr. Takura Taniyama (7th Dan) (ကမ္ဘာ့သုံးနှစ်ဆက်တိုက် ကရာတေးချန်ပီယံ)NAGATA MYANMAR Co.Ltd နှင့် Mr.Tanaka Gentano တို့မှ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဇွန် ၁၅ ရက်က လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ကရာတေးချန်ပီယံ Mr. Takura Taniyama သည် ယနေ့နံနက်ပိုင်းက ၅၈ လမ်း၊ ၂၆ လမ်းနှင့် ၂၅ လမ်းကြားရှိ JKA Mandalay T.T ကရာတေးကလပ်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရာတေးဒိုအသင်း လူရွေးချယ်ပွဲသို့ ကယားပြည်နယ်လက်ရွေးစင် ကရာတေးဒိုသမားများကို ပြိုင်ပွဲဝင်နည်းစနစ်များ သင်ကြားပို့ချပေးခဲ့သည်။

ဇွန် ၁၇ ရက်တွင် မန္တလာသီရိ အားကစားကွင်းအတွင်းရှိ လက်ဝှေ့ရုံ၌ ကျင်းပမည့် ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာတေးဒိုပြိုင်ပွဲဝင်မည့် လက်ရှိချန်ပီယံ မန္တလေးတိုင်းဒေသကြီး လည်း တက်ရောက်၍ လိုအပ်သည်များကို ညွှန်ပြပေးမည်ဖြစ်သည်။

NAGATA MYANMAR Co.,Ltd. မှ Main Organizer အဖြစ် တာဝန်ယူဆောင်ရွက်မည့် တတိယအကြိမ် Takura Taniyama Cup ကရာတေးဒိုပြိုင်ပွဲကိုလာမည့် ဒီဇင်ဘာလကုန်တွင် မန္တလာသီရိအားကစားကွင်းအတွင်းရှိ Multi Purpose Stadium တွင် နိုင်ငံတကာအဆင့်မီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# MNL All Star အသင်း ကစားသမားသစ်များ အင်အားဖြည့်တင်း

**ရန်ကုန် ဇွန် ၁၆**

MNL All Star အသင်းသည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ကစားသမားသစ်များ အင်အားဖြည့်တင်းခဲ့ပြီး ကစားသမား ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

MNL All Star အသင်းသည် မူလက ကစားသမား ၁၇ ဦးဖြင့်သာ ဖွဲ့စည်းခဲ့သော်လည်း ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် မကွေးနောက်ခံလူ ကျော်စွာလင်းကို အားဖြည့်ရွေးချယ်ခဲ့သည်။ MNL All Star အသင်းသည် မကာအိုအသင်းနှင့် အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားအများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ခြေစစ်ပွဲအပြီးတွင် လက်ရွေးစင်အသင်းမှ ကျန်ရှိသည့် ကစားသမား ၁၄ ဦးအနက် ဒဏ်ရာရနေသည့် **ဂိုးသမား** သီဟစည်သူအပါအဝင် တောင်ပံကစားသမား ဆောင်လမန်၊ **ဂိုးသမား** ပြည့်ဖြိုးအောင်တို့ကို ပြန်လည်စေလွှတ်ခဲ့ပြီး ရခိုင်ဂိုးသမား ချမ်းငြိမ်းကျော်၊ ရတနာပုံဂိုးသမား ပြည့်လျှံအောင်၊ Southern ကွင်းလယ်ကစားသမား စိုးမြတ်သူတို့ကို ပြောင်းလဲရွေးချယ်ခဲ့သည်။ MNL All Star အသင်းသည် ဇွန် ၁၇ ရက် **(ယနေ့)** နံနက်ပိုင်းတွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ခြေစမ်းပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန် ခုနစ်ရက်ရရှိမည်ဖြစ်သည်။ MNL All Star အသင်းနှင့် မြန်မာ ယူ-၂၂ အသင်းတို့၏ ခြေစမ်းပွဲကို ဇွန် ၂၄ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့သတ်မှတ်ထားသည်။

MNL All Star အသင်းတွင် နည်းပြများအဖြစ် - ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဦးမြင့်ကို၊ ဂိုးနည်းပြအဖြစ် - ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် **ဂိုးသမား-** ကျော်ဇင်ထက်(ရန်ကုန်)၊ ချမ်းငြိမ်းကျော်(ရခိုင်)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ **နောက်တန်း-** ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ကျော်ဇင်လွင်၊ ကျော်စွာလင်း(မကွေး)၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ **အလယ်တန်း-** ရန်အောင်ကျော်(ရန်ကုန်)၊ တင်ဝင်းအောင်၊ ချစ်စုမိုး(ရှမ်း)၊ ရန်ပိုင်၊ စည်သူအောင်(ရတနာပုံ)၊ မင်းမင်းသူ(ရောဝတီ)၊ စိုးမြတ်သူ(Southern)၊ **ရှေ့တန်း** - ကျော်ကိုကို(ရန်ကုန်)၊ ဒွေးကိုကိုချစ်(ရှမ်း) တို့ ပါဝင်ကြသည်။

**ရဲရင့်ရှိန်း**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြောက်ဦးမြို့ရှိ နဖူးသင်းကျစ်တော်ဓာတ်စေတီ ထီးတော်တင်လှူပူဇော်

**မြောက်ဦး ဇွန် ၁၆**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် စစ်တွေမြို့မှ မြောက်ဦးမြို့နယ် ပေါက်တောပြင်ကျေးရွာအတွင်းရှိ သင်းကျစ်တော်တောင်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော နဖူးသင်းကျစ်တော်ဓာတ်စေတီတော်မြတ်ကြီး ထီးတော်သစ်တင်လှူပွဲ မင်္ဂလာအခမ်းအနားသို့ ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲက ရောက်ရှိခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အောင်မင်္ဂလာကျောင်းတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က နဖူးသင်းကျစ်တော် စေတီတော်မြတ်ကြီး၏ ထီးတော်အား သံဃာတော်များထံ ဆက်ကပ်ပြီးနောက် ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များကို ဆက်ကပ်ခဲ့ပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှူဖွယ်ပစ္စည်းများကို ဆရာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေတောင်ကျောင်းတိုက် ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက စေတီတော်နှင့် ထီးတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဆရာတော် အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဥပသကာများက စေတီတော်အား လက်ယာရစ် သုံးပတ် လှည့်လည်ပူဇော်ကာ ထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ စေတီတော်မြတ်ကြီးပေါ်သို့ တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပေါက်တောပြင် ကျေးရွာမှ မြောက်ဦးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြောက်ဦးမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို တက်ရောက်ခဲ့သည်။

ထို့နောက် တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မြောက်ဦးမြို့နယ်အတွင်း ရခိုင်ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ဖြည့်စွက်ရှင်းလင်း တင်ပြသည်။



ထို့နောက် တက်ရောက်လာသူများက မိမိတို့ကျေးရွာ၏ လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်သူများ၏ ဆွေးနွေးတင်ပြ ချက်အပေါ် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာ့အာမခံအသင်းကြီး ထူထောင်ရေး ဂျပန်ကူညီ

**ရန်ကုန် ဇွန် ၁၆**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံ အထွေထွေအာမခံအစည်းအရုံး (GIAJ) တို့ ပူးပေါင်း၍ အာမခံအသင်းအခန်းကဏ္ဍဆိုင်ရာဆွေးနွေးပွဲကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ ကျင်းပရာ **(အောက်ယာပုံ)** မြန်မာ့အာမခံအသင်းကြီး ထူထောင်သွားရန် စတင်ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ မြန်မာနိုင်ငံမှာ အာမခံအသင်းကြီး ဖွဲ့စည်းဖို့ရှိပါတယ်။ ဒီအတွက် ဂျပန်နိုင်ငံ အထွေထွေအာမခံအစည်းအရုံး (GIAJ)က သူတို့အသင်းရဲ့အတွေ့အကြုံတွေ၊ ဂျပန်အာမခံအသင်းရဲ့ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ချက်တွေရဲ့ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ အာမခံစျေးကွက်ကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်တယ်ဆိုတာတွေ ဒီဆွေးနွေးပွဲကနေ မျှဝေပေးတာ ဖြစ်ပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန္ဒာဦးက ပြောသည်။

ယခုအခါ မြန်မာ့အာမခံအသင်းကြီး ဖွဲ့စည်းထူထောင်သွားနိုင်ရေး ပြည်ထောင်စုဝန်ကြီးရုံးကိုလည်း တင်ပြထားပြီဖြစ်ကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုရုံးကိုလည်း တရားဝင်ဖွဲ့စည်းထူထောင်သွားနိုင်ရေး တင်ပြထားပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဂျပန်နိုင်ငံ အထွေထွေ အာမခံအစည်းအရုံးအနေနဲ့ သက်တမ်းနှစ် ၁၀၀ ကျော်ရှိတဲ့ အသင်းကြီးဖြစ်ပါတယ်။ မြန်မာ့အာမခံအသင်းကြီး ဖွဲ့စည်းထူထောင်သွားနိုင်ဖို့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို မျှဝေပေးသွားမှာဖြစ်ပါတယ်။ အသင်းကြီး ထူထောင်ပြီးသွားတဲ့အခါမှာလည်း နည်းပညာပိုင်းအရ လိုအပ်တဲ့အကူအညီတွေ ဆက်လက်ပေးသွားမှာဖြစ်ပါတယ်" ဟု GIAJ မှ အထွေထွေမန်နေဂျာ မစ္စတာ မာမိုရုအော့ဆူဘိုက ပြောသည်။

သို့ရာတွင် မြန်မာ့အာမခံအသင်းကြီးအနေဖြင့် ထူထောင်ဆဲကာလတွင် အာမခံကျွမ်းကျင်သူများ မွေးထုတ်ခြင်း၊ အာမခံထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းနှင့် အာမခံစျေးကွက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့သည် ဦးစွာကြုံတွေ့ရမည့် စိန်ခေါ်မှုများပင်ဖြစ်ကြောင်း၊ မှန်ကန်မျှတသော အာမခံစနစ်ဖြစ်ထွန်းရေးနှင့် အာမခံထားရှိရန် မည်သို့သော အကြောင်းများကြောင့် လိုအပ်သည်ကို အများပြည်သူများ သိရှိပြီး ပြည်သူယုံကြည်မှုရရှိအောင် ကြိုးပမ်းရေးသည် အလွန်ပင်အရေးကြီးသော အချက်ဖြစ်ကြောင်း မစ္စတာ မာမိုရုအော့ဆူဘိုက ထပ်မံပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခုနှင့် ရန်ကုန်သီလဝါစက်မှုဇုန် (SEZ) ရှိ ဂျပန်အာမခံကုမ္ပဏီများ၏ CEO နှင့် တာဝန်ရှိသူ ၅၀ ခန့် တက်ရောက်ကြပြီး အစည်းအဝေးကို ဇွန် ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




# အချိန်ပိုင်းဓာတ်အားပြတ်တောက်မှု၌ မြို့နယ်အချို့နှင့် လှိုင်သာယာရှိရပ်ကွက်အချို့ ပါဝင်ခြင်းမရှိတော့ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၁၆**
ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း)မှ ၂၃၀/၃၃ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ပြီးဖြစ်ပါ၍ ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်နိုင်ရေး ၂၃၀ ကေဗွီ လှိုင်သာယာ-ဘုရင့်နောင်လိုင်းနှင့် ၂၃၀ကေဗွီ လှိုင်သာယာ(ကနောင်) ဓာတ်အားခွဲရုံ အဝင်/အထွက်လိုင်းများ ဆက်သွယ်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

ယင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၂၃၀ ကေဗွီ လှိုင်သာယာ ဘုရင့်နောင်ဓာတ်အားလိုင်းအပါအဝင် ရပ်ကွက်များသို့ ဖြန့်ဝေသော ဓာတ်အားလိုင်းများအား ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီမှ ဇွန် ၁၈ ရက် ညနေ ၆ နာရီအထိ နာရီ ၃၀ ကြာ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။

ဓာတ်အားလိုင်းများ ဓာတ်အားပိတ်မှုကြောင့် လှိုင်သာယာမြို့နယ်ရှိ အမှတ်(၅၃၂)မြေမြန်တပ်ရင်း စက်မှုဇုန်(၁၊ ၆)၊ စက်မှုဇုန် (၂၊ ၃၊ ၄)၏ အချို့နေရာများ၊ ရှမ်းချောင်း၊ ဒိုင်စု၊ ညောင်ရွာ၊ အတွင်းပဒံ၊ အပြင်ပဒံကျေးရွာများ၊ ကမာရွတ်မြို့နယ်ရှိ(၁၇၊ ၁၈၊ ၁၉၊ ၂၀) ရပ်ကွက်များ၊ လှိုင်မြို့နယ်ရှိ(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆)ရပ်ကွက်များ၊ စမ်းချောင်းမြို့နယ်ရှိ မြေနီကုန်း(တောင်၊ မြောက်)၊ မုန့်လက်ဆောင်းကုန်း(တောင်၊မြောက်)ရပ်ကွက်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ကျွန်းတော(တောင်၊လယ်၊မြောက်)ရပ်ကွက်တို့မှာ ကြေညာထားသည့်အတိုင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မည် ဖြစ်သည်။

ယခင်ကြေညာထားသည့် အစီအစဉ်တွင်ပါရှိသော ဓာတ်အားပြတ်နေရာများအနက် ဓာတ်အားလိုင်းများအား ယာယီပြုပြင်ပေးနိုင်ခဲ့သဖြင့် လှိုင်သာယာမြို့နယ်ရှိ(၂၊ ၃၊ ၅၊ ၉၊ ၈၊ ၁၂၊ ၁၃၊ ၁၄၊)ရပ်ကွက်များ၊ ကျန်စစ်သားအိမ်ရာ၊ အောင်ဇေယျအိမ်ရာ၊ ရွှေဘုံသာအိမ်ရာ၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရပ်ကွက်များ၊ တွံတေးမြို့နယ်၊ ဒလမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များသည် ဓာတ်အားပြတ်တောက်မှုတွင် ပါဝင်ခြင်းမရှိတော့ကြောင်း ပြင်ဆင် အသိပေးပန်ကြားအပ်ပါသည်။

ယခုပန်ကြားလွှာ၌ ပါဝင်သော လုပ်ငန်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သောကြောင့် အထက်ဖော်ပြပါမြို့နယ်များအတွင်း ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာအသိပေး ပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စစ်တောင်းတံတားသစ်ဆောက်လုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း ဆွေးနွေး

**ဝေါ ဇွန် ၁၆**
ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရှေ့-အနောက်စီးပွားရေးစင်္ကြံ အဝေးပြေးလမ်းမကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်တောင်းတံတားသစ်ဆောက်လုပ်ခြင်း စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (Environmental Impact Assessment-EIA) နှင့်ပတ်သက်၍ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း ထုတ်ဖော်ပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက စစ်တောင်းတံတားသစ် ဆောက်လုပ်ခြင်းစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား ရှင်းလင်းတင်ပြဆွေးနွေးသည်။ ထို့နောက် E Guard Environmental Services Co.Ltd ဒါရိုက်တာ ဦးတင်အောင်မိုးက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်း(Environmental Impact Assessment-EIA) လုပ်ငန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ယင်းစီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန(တံတားဦးစီးဌာန)တို့ ပူးပေါင်း၍ လေ့လာနေဆဲအဆင့်ဖြစ်ပြီး လေ့လာမှုများအပြီးတွင် နှစ်ဖက်အစိုးရမှစီမံကိန်း အကောင်အထည်ဖော်မည့်အဆင့်အား ဆုံးဖြတ်သွားမည်ဖြစ်ကာ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများတွင် (JICA)၏ ညွှန်ကြားချက်အရ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုပေးသွားမည်ဖြစ်ပြီး လျော်ကြေးငွေပေးချေခြင်းကိစ္စနှင့် ပတ်သက်၍ အစိုးရမှတာဝန်ယူဆောင်ရွက်မည် ဖြစ်ကာ E Guard Environmental Services Co. Ltd ဒါရိုက်တာ ဦးတင်အောင်မိုးက စစ်တောင်းတံတားသစ်ကို လေးလမ်းမှ ခြောက်လမ်းသွား အဆင့် ဆောက်လုပ်နိုင်ရေး၊ တံတားအရှည်အား ၂ ဒသမ ၃ ကီလိုမီတာနှင့် ပင်မလမ်းသစ်ကြီး လေးလမ်းသွား စုစုပေါင်းအရှည် ၇၆ ဒသမ ၆ ကီလိုမီတာ (ADP)အပိုင်း စီမံကိန်းအကြိုလေ့လာခြင်းကို ဇွန်လ ၂၀၁၇-၂၀၁၈ ခုနှစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုလွင်(ဆွာ)**

# လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေး

**ဖန်းမော် ဇွန် ၁၆** - ကချင်ပြည်နယ် ဖန်းမော်ခရိုင် လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်း ဟောခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန်လပထမပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က အမှာစကားပြောကြားပြီး လူကုန်တားတပ်ဖွဲ့စိတ်(၂)လွယ်ဂျယ်မှ ဒုရဲမှူးအောင်လှိုင်က လူကုန်ကူးမှုအကြောင်း သိကောင်းစရာများနှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာများအကြောင်းများ၊ နယ်မြေရဲစခန်းမှ ရဲအုပ်မင်းမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ဖန်းမော်မူးယစ်တပ်ဖွဲ့စု လွယ်ဂျယ်လှုပ်ရှား ရဲအုပ်စိုးဝင်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြောက်ကိုရီးယားမှ လွတ်မြောက်လာခဲ့သည့် အမေရိကန်ကျောင်းသား ဦးနှောက်တွင်အပြင်းအထန်ထိခိုက်ခဲ့

**ဝါရှင်တန် ဇွန် ၁၆**

မြောက်ကိုရီးယားနိုင်ငံတွင် ၁၇ လကြာအောင် ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရပြီးနောက် ယခုရက်ပိုင်းအတွင်း အမေရိကန်သို့ ပြန်လည်ရောက်ရှိလာခဲ့သည့် အမေရိကန်တက္ကသိုလ်ကျောင်းသားသည် ဦးနှောက်တွင်ပြင်းထန်စွာထိခိုက်ခံထားရပြီး အလွန်အင်အားနည်းနေကာ တုံ့ပြန်နိုင်မှုမရှိသည့် အခြေအနေတွင်ရှိကြောင်း ၎င်းကို ကုသနေသည့် ဆရာဝန်များက ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်အင်္ဂါနေ့က အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ရောက်ရှိလာသည့် အော်တိုဝမ်ဘီယာ (၂၂ နှစ်) သည် အခြေအနေ တည်ငြိမ်လျက်ရှိသော်လည်း စကားပြောဆိုမှုများကို နားလည်နိုင်သည့် အနေအထားမျိုးမတွေ့ ရှိရကြောင်း စင်စင်နာတီ ဆေးတက္ကသိုလ် အာရုံကြောဆိုင်ရာအထူးကုသမှု ယူနစ်မှ ဒါရိုက်တာ ဒေါက်တာ ဒန်နီရယ်လ်ကာတာက ပြောကြားခဲ့သည်။

ဝမ်ဘီယာသည် စကားပြောဆိုခြင်းမရှိကြောင်း၊ ပိုမိုလှုပ်ရှားနိုင်သည့် အမူအရာမျိုးလည်း မတွေ့ရှိရကြောင်း ကန်တာက သတင်းစာရှင်းလင်းပွဲတွင် ဖြေကြားခဲ့သည်။

အိုဟိုင်းယိုးတွင် နေထိုင်သူဖြစ်သည့် ဝမ်ဘီယာသည် မြောက်ကိုရီးယားနိုင်ငံက ၎င်းအားအလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၅ နှစ်ကြာ ပြစ်ဒဏ်ချမှတ်လိုက်ပြီးနောက် မကြာမီ ၂၀၁၆ ခုနှစ် မတ်လအတွင်း ကိုးမားရောဂါကို ခံစားခဲ့ရသည်ဟု ဝမ်ဘီယာ၏ မိသားစုဝင်များက အင်္ဂါနေ့တွင် ပြောကြား ခဲ့သည်။



မြောက်ကိုရီးယား၌ ၂၀၁၆ ခုနှစ်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အမေရိကန်တက္ကသိုလ်ကျောင်းသားဝမ်ဘီယာတက်ရောက်ခဲ့သည်ကို တွေ့ရစဉ်

ဝမ်ဘီယာသည် မြောက်ကိုရီးယားသို့ ခရီးသွားအဖွဲ့တစ်စုနှင့်အတူ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအား ဝါဒဖြန့်ကြွေးကြော်မှုနှင့် သက်ဆိုင်သည့် အချက်အလက်တစ်ခုကို ခိုးယူရန် ကြိုးစားခဲ့သည့်အတွက် ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က မြောက်ကိုရီးယားသည် ဝမ်ဘီယာအား လူသားချင်းစာနာထောက်ထားသည့် အနေဖြင့် လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ဗာဂျီးနီးယားတက္ကသိုလ် ကျောင်းသား ဝမ်ဘီယာ၏ဖခင်ဖြစ်သူ ဖရက်ဒ် ဝမ်ဘီယာက ၎င်း၏သားဖြစ်သူသည် မြောက်ကိုရီးယား အစိုးရ၏ညှဉ်းပန်းနှိပ်စက်မှုနှင့် အကြမ်းဖက်မှုကိုခံခဲ့ရကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ ဆရာဝန်များက ဝမ်ဘီယာထံတွင် အရိုးများကျိုးခဲ့သည့် အထောက်အထားမျိုး မတွေ့ရှိရကြောင်းပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ထိုင်းနိုင်ငံတွင် ပလတ်စတစ်အိတ်အတွင်း ထည့်ထားသည့်ဗုံးပေါက်ကွဲ

**ဗန်ကောက် ဇွန် ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အသေးစားပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး လူတစ်ဦး ဒဏ်ရာရရှိမှုသောကြာနေ့က ဖြစ်ပွားခဲ့သည်။ ပလတ်စတစ်အိတ်အတွင်း ထည့်ထားခဲ့သည့် ပင်ပေါင်ဘောလုံးပုံစံ ဗုံးတစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်းက ဗန်ကောက်မြို့ရှိ တပ်မတော်ဆေးရုံတစ်ရုံ၌ ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် လူ၂၀ ကျော် ဒဏ်ရာရရှိခဲ့ပြီးနောက်တွင် ယင်းပေါက်ကွဲမှုနှင့် ဆက်စပ်လျက်ရှိသည့် သံသယရှိသူတစ်ဦးကို ဖမ်းဆီးခဲ့ပြီးနောက်တစ်ရက်တွင် ထိုသို့ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။



ပလတ်စတစ်အိတ်တစ်ခုအတွင်း၌ ပေါက်ကွဲပစ္စည်းကို ထည့်ထားခဲ့ပြီး ချုံပုတ်တစ်ခုထဲတွင် ဝှက်ထားခဲ့ခြင်းဖြစ်ရာ သန့်ရှင်းရေးဝန်ထမ်းတစ်ဦးက ကောက်ယူပြီး ဖွင့်ကြည့်ရာမှ ပေါက်ကွဲသွားခဲ့ခြင်းဖြစ်ကြောင်း အခင်းဖြစ်ပွားရာတွင် ရှိနေခဲ့သည့် ရဲအရာရှိတစ်ဦးက ရိုက်တာသို့ ပြောကြားခဲသည်။ **(ရိုက်တာ)**

# လေကြောင်းတိုက်ခိုက်မှုများအတွင်း အိုင်အက်စ်အဖွဲ့ခေါင်းဆောင် ဘဂ္ဂဒါဒီ သေဆုံးသွားပြီဟု ယူဆရကြောင်း ရုရှားတပ်မတော်ပြောကြား

**မော်စကို ဇွန် ၁၆**

ဆီးရီးယားနိုင်ငံ ရက်ကွာမြို့အနီးတွင် ပြီးခဲ့သည့် မေလအတွင်းက ရုရှားတို့ဆင်နွှဲခဲ့သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်အစွန်းရောက်အဖွဲ့မှ အကြီးအကဲတစ်ဦးဖြစ်သူ အဘူဘက်ကာ အယ်လ်ဘဂ္ဂဒါဒီ သေဆုံးသွားပြီဖြစ်သည်ဟု ယူဆရသည့်အတွက် သတင်းအချက်အလက်များ ရရှိရေးစုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားခဲ့ကြောင်း ရုရှားသတင်းအေဂျင်စီကဖော်ပြထားသည်။



အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘက်ကာအယ်လ်ဘဂ္ဂဒါဒီ

မေ ၂၈ ရက်တွင် ပြုလုပ်သည့် အိုင်အက်စ်အဖွဲ့ ခေါင်းဆောင်များ၏ အစည်းအဝေးကို ရုရှားတပ်ဖွဲ့ဝင်များက ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောဆိုမှုကို ကိုးကားလျက် ရုရှားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

သတင်းချန်နယ်အမျိုးမျိုးတို့မှ ရရှိထားသည့် သတင်းအချက်အလက်များကို စစ်ဆေးခဲ့ပြီးနောက် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့်နေ့က အစည်းအဝေးအတွင်း၌ ဘဂ္ဂဒါဒီလည်း ရှိနေခဲ့သည်ဖြစ်ရာ ၎င်းမှာ လေကြောင်းတိုက်ခိုက်မှုအတွင်း နှိမ်နင်းခံလိုက်ရပြီဖြစ်သည်ဟု အာအိုင်အေ သတင်းအေဂျင်စီက ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောဆိုမှုကို ကိုးကားဖော်ပြခဲ့သည်။ **(ရိုက်တာ)**

# မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားစမ်းသပ်မှုစွန့်လွှတ်ပါက မွန်ဂျယ်အင်းအနေဖြင့် ဆွေးနွေးမှုပြုလုပ်လို

**ဆိုးလ် ဇွန် ၁၆**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှု မပြုလုပ်ပါက တောင်ကိုရီးယားနိုင်ငံအနေဖြင့် မည်သည့်တောင်းဆိုမှုမှ မပြုလုပ်ဘဲ ဆွေးနွေးမှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတ မွန်ဂျယ်အင်းက မကြာသေးမီက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ခြောက်နိုင်ငံ ဆွေးနွေးမှုရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှုစွန့်လွှတ်ပါက ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးမူဘောင်တည်ဆောက်ရေးသာမက မြောက်ကိုရီးယား-အမေရိကန်ဆက်ဆံရေး ပြန်လည်ထူထောင်ခြင်းကဲ့သို့သော ကိစ္စရပ်များကို ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစွန့်လွှတ်မှုကိုပြုလုပ်မည်ဆိုပါက တောင်ကိုရီးယားနိုင်ငံအနေဖြင့် တက်ကြွစွာ ကူညီထောက်ခံသွားမည်ဖြစ်ကြောင်း စသည်ဖြင့် တောင်-မြောက် ပူးတွဲကြေညာစာတမ်း (၁၇)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား၌ မွန်ဂျေအင်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ် ဇွန် ၁၅ ရက်က တောင်ကိုရီးယားသမ္မတသည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းသို့ သွားရောက်ခဲ့ပြီး မြောက်ကိုရီးယားသမ္မတနှင့် တွေ့ဆုံခဲ့ရာ တွေ့ဆုံမှုအပြီးတွင် တောင်-မြောက်ပူးတွဲကြေညာစာတမ်းကိုထုတ်ပြန်ခဲ့သည်။ ထိုစဉ်က နှစ်နိုင်ငံဆက်ဆံရေးမှာ တိုးတက်လာခဲ့ကြောင်းသိရသည်။

**(ဆင်ဟွာ)**

# အဘူဆေးယက်ဖ်စစ်သွေးကြွများကို တိုက်ခိုက်စဉ် ဓားစာခံတစ်ဦးကို ကယ်တင်နိုင်ခဲ့

**မနီလာ ဇွန် ၁၆**

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက်က ဘေဆီလန်၌ အဘူဆေးယက်ဖ်စစ်သွေးကြွတို့ လွန်ခဲ့သောနိုဝင်ဘာလက ဖမ်းဆီးခဲ့ပြီး ခုနစ်လကျော်ကြာ ဖမ်းဆီးထိန်းသိမ်းထားသော ဗီယက်နမ်တပ်ဖွဲ့ဝင်တစ်ဦးကို ကယ်ဆယ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် ဗီယက်နမ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ အမ်ဗီရိုင်ရယ်-၁၆ သင်္ဘောမှ အဖွဲ့ဝင်ဟောင်ဗိုကို ဇွန် ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈နာရီခွဲတွင် ရှာဖွေ တွေ့ရှိခဲ့ပြီး ဆေးတပ်ဖွဲ့က ဆေးဝါးကုသမှုပေးလျက်ရှိရာ ယခုအချိန်တွင် ၎င်း၏ အနေအထားမှာ ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များက လေကြောင်းတိုက်ခိုက်မှုများကြောင့် အဘူဆေးယက်ဖ်စစ်သွေးကြွတို့ ဖရိုဖရဲဖြစ်နေစဉ် ဗိုမှာထွက်ပြေးလွတ်မြောက်လာခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗိုမှာ အသက် ၂၈နှစ်ရှိပြီဖြစ်ကာ ဗီယက်နမ်နိုင်ငံ ငါအမ်ဒေသမှဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ၏ လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုများကြောင့် အဘူဆေးယက်ဖ် စစ်သွေးကြွများ မည်မျှကျဆုံးခဲ့သည်ကို အတိအကျ မသိရသေးပေ။ အစိုးရတပ်ဖွဲ့များအနေဖြင့် စစ်သွေးကြွအုပ်စုများကို ဆက်လက်တိုက်ထုတ်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တောင်တရုတ်ပင်လယ်အတွင်း တရားမဝင်ငါးဖမ်းမှုကို ဂျပန်နှင့်ဗီယက်နမ် ပူးပေါင်းတိုက်ဖျက်

**တိုကျို ဇွန် ၁၆**

တောင်တရုတ်ပင်လယ်အတွင်း တရားမဝင်ငါးဖမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ဗီယက်နမ်ရေကြောင်းတပ်ဖွဲ့တို့ ပထမဆုံးအကြိမ်ပူးတွဲလေ့ကျင့်မှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဗီယက်နမ်ဘက်မှတောင်းဆိုမှုအရ ယင်းပူးတွဲလေ့ကျင့်မှုကိုသောကြာနေ့တွင် ဗီယက်နမ်အလယ်ပိုင်းရှိ ဒါနန်းကမ်းခြေ၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများသည် နိုင်ငံ၏ ရေပိုင်နက်အတွင်း တရုတ်နှင့်အခြားနိုင်ငံများမှ ငါးဖမ်းလှေများက တရားမဝင်ငါးဖမ်းမှုများ ပြုလုပ်နေသည်ကို ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

ပူးတွဲလေ့ကျင့်မှုတွင် ဂျပန်ကင်းလှည့်သင်္ဘောအီချီဂိုနှင့် လွန်ခဲ့သောနှစ်နှစ်အကြာက ဂျပန်မှ ဗီယက်နမ်သို့ ပေးအပ်ခဲ့သော ကင်းလှည့်ရေယာဉ်တစ်စင်းပါဝင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း၌ ရေကြောင်းဆိုင်ရာ လှုပ်ရှားမှုများကို အရှိန်မြှင့်ဆောင်ရွက်လာချိန်တွင် ဂျပန်နှင့်ဗီယက်နမ်တို့က ပူးတွဲလေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

**(အင်န်အိတ်ချ်ကေ)**

# အခွန်စနစ်အလုံးစုံပြုပြင်ပြောင်းလဲရေးအတွက် အောက်စဖို့ဒ်စီးပွားရေးလုပ်ငန်းစုမှ အစီရင်ခံစာပြုစု



**နေပြည်တော် ဇွန် ၁၆**
နိုင်ငံတကာ သုတေသနလုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်သည့် Oxford Business Group (OBG) က မကြာမီထုတ်ဝေတော့မည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အရေးပါအရာရောက်သော အခွန်စည်းမျဉ်းသစ်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ၎င်းတို့အပေါ် အမြင်များ၊ လေ့လာသုံးသပ်ချက်များကို ဖော်ပြထားကြောင်း သိရသည်။

The Report: Myanmar ၂၀၁၈ သည် ဧပြီလအစပိုင်းတွင် စတင်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စု အခွန်ဥပဒေ (Union Tax Law) အသစ်ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာကာ နိုင်ငံ၏ လက်ရှိ ဖြစ်တည်နေသော အခွန်စည်းမျဉ်းဥပဒေကို ရှင်းလင်းစွာ ဖော်ပြထားသည့် အစီရင်ခံစာ ဖြစ်သည်။

OBG ၏ မြန်မာနိုင်ငံအတွက် ငါးခုမြောက် အစီရင်ခံစာသည် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အကြံပြုချက်များနှင့်အတူ နိုင်ငံတွင်း အခွန်ပေးအပ်မှု ပိုမိုများပြားလာစေရန်နှင့် အခွန်နှုန်းထားများ လျှော့ချနိုင်ရန် အမျိုးသားရေးအစီအစဉ် တစ်ရပ်အနေဖြင့် တွန်းအားပေးမည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဖော်ပြထားသည်။

အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ လက်ရှိရရှိနေသည့် အခွန်ခံစားခွင့်များကို ကျိုးကြောင်းညီညွတ်စွာ ပြုလုပ်ပေးနေမှုသည်လည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်မည်ဖြစ်သည်။ OBG ၏ အစီရင်ခံစာသည် ဌာနပိုင်းဆိုင်ရာ လုပ်ဆောင်မှုများက အုပ်ချုပ်မှုပိုင်းဆိုင်ရာကို အထောက်အကူပြုလျက် သွယ်ဝိုက်ခွန်နှင့် အခွန်ကောက်ခံမှု (self-assessment) စနစ်ဖက်သို့ အာရုံပြောင်းလဲနိုင်ရန် ရည်ရွယ်ထားသည်။

'ဝင်း' အတိုင်ပင်ခံလုပ်ငန်းအနေဖြင့် အဖွဲ့၏ မကြာမီထုတ်ဝေမည့် မြန်မာနိုင်ငံအကြောင်း အစီရင်ခံစာအတွက် OBG နှင့် နားလည်မှုစာချွန်လွှာအရ OBG ၏ ကာလကြာရှည်မိတ်ဖက်တစ်ဦးဖြစ်သည့် အတိုင်ပင်ခံကုမ္ပဏီသည် အဖွဲ့နှင့် ပူးပေါင်းကာ The Report: Myanmar ၂၀၁၈ အကောက်ခွန် အခန်းကဏ္ဍအတွက် စုစည်းတင်ပြသွားမည် ဖြစ်သည်။

'ဝင်း' အတိုင်ပင်ခံလုပ်ငန်း၏ ဥက္ကဋ္ဌ ဦးဝင်းသင်းက နိုင်ငံ၏ အခွန်စနစ် အလုံးစုံပြုပြင်ပြောင်းလဲရေးအတွက် အင်တိုက်အားတိုက် လုပ်ဆောင်နေသည့် မြန်မာနိုင်ငံ၏ အရေးပါသော အချိန်ကာလတွင် OBG နှင့် ပူးပေါင်း၍ လုပ်ကိုင်ရမည်ကို မျှော်လင့်လျက်ရှိကြောင်း ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ အခွန်ကောက်ခံမှုနှုန်းဟာ အခြား အာဆီယံဈေးကွက်တွေနဲ့ယှဉ်ရင် မများတာကြောင့် လုပ်ဆောင်မှုတိုင်းကို ထိရောက်စေပြီး ပိုမိုသမာသမတ်ကျစေပါတယ်။ တချို့ဒေသတွေမှာ စိစစ်အကဲဖြတ်ဖို့ အခက်အခဲရှိတဲ့အတွက် တာဝန်ရှိသူတွေအနေနဲ့ ပွင့်လင်း မြင်သာမှုရှိဖို့ လိုပါတယ်" ဟု ဦးဝင်းသင်းက ပြောသည်။

OBG ၏ Country Director Julieta Juarez ကလည်း "နိုင်ငံတစ်နိုင်ငံရဲ့ အခွန်ကောက်ခံမှု လုပ်ငန်းစဉ်ကို စေ့စပ်သေချာစွာ ပြန်လည်သုံးသပ်မှုဟာ စီးပွားရေး လမ်းညွှန်တိုင်းရဲ့ မရှိမဖြစ် လိုအပ်ချက်တစ်ခု ဖြစ်နေစဉ်မှာ မြန်မာနိုင်ငံလို အဓိက အခွန်ပြုပြင်ပြောင်းလဲမှုတွေ တိုးတက်နေတဲ့ နိုင်ငံမှာလည်း ၎င်းတို့က လွန်စွာမှ အရေးပါနေပါတယ်" ဟု ဆက်လက်ပြောကြား ခဲ့သည်။

" 'ဝင်း' အတိုင်ပင်ခံ အဖွဲ့ဟာ မြန်မာနိုင်ငံရဲ့ အခွန်စနစ်အတွက် ရှိနှင့်နေတဲ့ ပြောင်းလဲမှုတွေနဲ့ နောက်ထပ်ရှိလာဦးမယ့် စိန်ခေါ်မှုတွေကို ထဲထဲဝင်ဝင်နားလည်တဲ့အတွက် နိုင်ငံရဲ့ သွင်းကုန်၊ အထူးကုန်စည်တွေနဲ့ ကော်ပိုရိတ်အခွန်တွေအပေါ် ၎င်းရဲ့ ခွဲခြမ်းစိတ်ဖြာမှုတွေက အရေးပါတဲ့ ဈေးကွက်ကို မျက်စိကျနေ တဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက်မရှိမဖြစ် လမ်းညွှန်တစ်ခုဖြစ်လာပါလိမ့်မယ်"ဟု ၎င်းကပြောကြားသည်။

The Report: Myanmar ၂၀၁၈ သည် macroeconomics၊ အခြေခံ အဆောက်အအုံများ၊ ဘဏ်လုပ်ငန်းနှင့် အခြားသောကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အပါအဝင် နိုင်ငံ၏ အရေးကြီးသော အကြောင်းအရာများအတွက် မရှိမဖြစ် လမ်းညွှန်တစ်ခုဖြစ်ပါသည်။ စစ်တမ်းတွင် နယ်ပယ်အသီးသီးမှ ထိပ်တန်းပုဂ္ဂိုလ်များ၏ ရေးသားဖော်ပြချက်များလည်း ပါဝင်မည် ဖြစ်ပြီး စာအုပ်သာမက အွန်လိုင်းတွင်ပါ ဖတ်ရှု နိုင်မည် ဖြစ်သည်။

Oxford Business Group သည် အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသနှင့် အမေရိကတိုက်အောင် ၃၅ နိုင်ငံကျော်၌ ရှိသည့် နိုင်ငံတကာ သုတေသနလုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်း တစ်ခုဖြစ်သည်။ ကမ္ဘာ့တိုးတက်မှု အမြန်ဆုံး ဈေးကွက်များကို သတင်းအချက်အလက်များ ဖြန့်ချိပေးနေသည့် OBG သည် လန်ဒန်၊ ဘာလင်၊ ဒူဘိုင်း၊ အစ္စတန်ဘူလ်နှင့် လုပ်ငန်းလုပ်ကိုင်နေသည့် နိုင်ငံများတွင် ဒေသအခြေစိုက်ရုံးခွဲများလည်း ဖွင့်လှစ်ထားသည်။

The Report: Myanmar ၂၀၁၈ ကို OBG အနေနှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission)၊ 'ဝင်း' အတိုင်ပင်ခံလုပ်ငန်း၊ ပါရမီကုမ္ပဏီလုပ်ငန်းစု၊ ဗြိတိသျှကုန်သည်ကြီးများအသင်း (British Chamber of Commerce Myanmar) နှင့် Kelvin Chia Yangon တို့နှင့်အတူ ပူးပေါင်းထုတ်လုပ်မည်ဖြစ်သည်။ ၎င်း၏ သတင်းထုတ်ကုန်များမှတစ်ဆင့် OBG သည် ဘဏ်လုပ်ငန်း၊ ငွေကြေးအရင်းအနှီးဈေးကွက်များ၊ ခရီးသွား လုပ်ငန်း၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုလုပ်ငန်းနှင့် ဆက်သွယ်ရေးအစရှိသည့် macroeconomics နှင့် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ တိကျကျယ်ပြန့်သော လေ့လာဆန်းစစ်ချက်များကို ထုတ်ပြန်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**

# ရန်ကုန်တိုင်းဒေသကြီးရှိ ၂၉ မြို့၌ လွှမ်းခြုံထားသော 4G/LTE ကွန်ရက် စတင်

**ရန်ကုန် ဇွန် ၁၆**
မြန်မာ့ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် တယ်လီနောသည် 1800 MHz လှိုင်းနှုန်းစဉ်ကို အသုံးပြုစမ်းသပ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး မြို့ကြီး ၂၉ မြို့တို့တွင် ပြည်သူများဆက်သွယ်မှုပိုမိုအဆင်ပြေစေရန် 4G/LTE ဝန်ဆောင်မှုကို ဇွန် ၁၅ ရက်က စတင်အသုံးနိုင်ပြီဖြစ်ကြောင်း တယ်လီနောမြန်မာထံမှ သိရသည်။

"1800 MHz ကို သုံးပြီး ရန်ကုန်မြို့မှာ 4G ကို ဒီနေ့စတင်မိတ်ဆက်ခဲ့မှုနဲ့အတူ 4G/LTE ဝန်ဆောင်မှုတွေကို မြန်မာနိုင်ငံမှာ စတင်မိတ်ဆက်နိုင်တာဟာ တယ်လီနောအတွက်သာမက နိုင်ငံရဲ့ တယ်လီကွန်းကဏ္ဍအတွက် အဓိကမှတ်ကျောက်တစ်ခုလို့ ဆိုချင်ပါတယ်။ အာရှတစ်ဝန်း မြို့ကြီးတွေမှာ ရရှိနေမှု၊ အလားတူ ကွန်ရက်လွှမ်းခြုံမှုနဲ့ ဝန်ဆောင်မှုအရည်အသွေးတွေကို မြန်မာနိုင်ငံ တစ်နံတစ်လျားက မြို့ကြီးပြကြီးတွေနဲ့ မြို့နယ်တွေမှာလည်း ရရှိနေပြီဖြစ်ကာ မြန်မာနိုင်ငံဟာ မိုဘိုင်းကိုဦးစားပေးတဲ့နိုင်ငံတစ်ခု ဖြစ်နေပါပြီ။ 4G/LTE ဝန်ဆောင်မှုတွေကို လျင်လျင်မြန်မြန် ပေးအပ်နိုင်ခြင်းက ဒေသတွင်း အကောင်းဆုံး နိုင်ငံစာရင်းထဲကို ရောက်ရှိစေမှာဖြစ်သလို ပညာရေး၊ စီးပွားရေး၊ ဆက်သွယ်ရေးနဲ့ ဖျော်ဖြေရေးကဏ္ဍတွေမှာ မာလ်တီမီဒီယာအခြေပြုဒီဂျစ်တယ် ဝန်ဆောင်မှုတွေကို ပြောင်းလဲပေးအပ်နိုင်ဖို့ အရှိန်ရစေမှာ ဖြစ်ပါတယ်" ဟု တယ်လီနော၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်၌ တယ်လီနော၏ 4G/LTE ဝန်ဆောင်မှုများကို ရရှိနေပြီဖြစ်သည်။ ယင်းမြို့နယ်များမှာ ဗဟန်း၊ ဗိုလ်တထောင်၊ ဒဂုံ၊ ဒဂုံ မြို့သစ် (အရှေ့)၊ ဒဂုံမြို့သစ် (မြောက်)၊ ဒေါပုံ၊ လှိုင်၊ လှိုင်သာယာ၊ အင်းစိန်၊ ကမာရွတ်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ရွှေပြည်သာ၊ တောင်ဥက္ကလာပ၊ တာမွေ၊ သာကေတ၊ သန်လျင်၊ သယ်န်းကျွန်းနှင့် ရန်ကင်းတို့ ဖြစ်သည်။

"အခုနောက်ပိုင်း ဆက်သွယ်ရေးအော်ပရေတာတွေကတော့ အပြိုင်အားကောင်းလာကြတယ်။ ဝန်ဆောင်မှုတွေလည်း အမျိုးမျိုးပဲ။ ပြည်သူတွေနားလည်တာရော၊ နားမလည်တာပါ လတ်တလော ပြည်သူတွေကြား ပြဿနာအဖြစ်အများဆုံးက ငွေဖြတ်တောက်မှုအပိုင်းပဲ။ ဟိုထဲဝင်ထားလို့၊ ဒီထဲဝင်ထားလို့ဆိုပြီး တစ်ဖက်လျှော့သလိုလိုနဲ့ နောက်တစ်ဖက်က ဈေးကြီးကြီးဖြတ်သွားတာတွေ ခဏခဏပဲ။ တချို့အော်ပရေတာတွေဆို ငွေမချေးထားဘဲနဲ့ ချေးထားတယ်ဆိုပြီး ငွေဖြတ်တောက်သွားတာတွေက တစ်ခုတည်းမဟုတ်ဘူး။ လုပ်ခွင့်ရ အော်ပရေတာတွေ အကုန်ပဲ။ နည်းအမျိုးမျိုးနဲ့ ပြည်သူတွေဆီက တစ်မျိုးတစ်ဖုံစီ ပွင့်လင်းမြင်သာမှုမရှိဘဲ ငွေတွေဖြတ်တောက်သွားကြတာ။ တကယ်တော့ ပြည်သူကို ပွင့်ပွင့်လင်းလင်းချပြသင့်တယ်။ ခုတော့ မက်ဆေ့ချ်တွေ အမျိုးမျိုးနဲ့မက်လုံးပေးပြီး ပြည်သူတွေဆီက ခေါင်းပုံဖြတ်ကြတယ်။ ခုနောက်ပိုင်း ပြဿနာက ခဏခဏ ဖြစ်နေကြတယ်" ဟု ဗဟန်းမြို့နယ်၌ နေထိုင်သူက ပြောသည်။

တယ်လီနောသည် လက်ရှိတွင် တာဝါတိုင်ပေါင်း ၇၅၀၀ ကျော်ရှိသည့် မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အလျင်မြန်ဆုံး တိုးတက်လျက်ရှိသော အင်တာနက်ဒေတာကွန်ရက်မှ တစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးနှင့် နေပြည်တော်ရှိ သုံးစွဲသူပေါင်း ၁၉ သန်းခန့်ကို ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။ သုံးစွဲသူ စုစုပေါင်း၏ ၆၄ ရာခိုင်နှုန်းမှာ အင်တာနက်သုံးစွဲသူများ ဖြစ်ကြသည်။

"မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး မိုဘိုင်းကွန်ရက်ကြီးကို တယ်လီနောအနေနဲ့ တည်ထောင်ထားပြီးဖြစ်သလို 2100 MHz နဲ့ 900MHz လှိုင်းနှုန်းစဉ်တွေကို အသုံးပြုကာ 4G ဝန်ဆောင်မှုတွေကို မြို့ပေါင်း ၂၅ မြို့မှာ ပြီးခဲ့တဲ့ ၁၀ လတာကာလအတွင်း မိတ်ဆက်ပေးထားပြီးလည်းဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့ သာလွန်ကောင်းမွန်တဲ့နှုန်းနဲ့ ဒေါင်းလုတ်ခ်ကူးယူမှု၊ hidefinition ဗီဒီယိုတွေကို အဖြတ်အတောက်မရှိ ချောချောမွေ့မွေ့ကြည့်ရှုနိုင်မှု၊ ဂိမ်းတွေကို အထစ်အငေါ့ကင်းကင်း ကစားနိုင်မှု၊ လူမှုကွန်ရက်တွေကို အကောင်းမွန်ဆုံးအသုံးပြုနိုင်မှု၊ လူသုံးများတဲ့အချိန်တွေမှာလည်း တည်ငြိမ်တဲ့ ကွန်ရက်အသုံးပြုနိုင်မှု စတာတွေပါဝင်ပြီး ပြီးပြည့်စုံတဲ့ အင်တာနက်အသုံးပြုမှု အတွေ့အကြုံကိုရရှိစေဖို့ တယ်လီနောအနေနဲ့ အခု 1800 MHz လှိုင်းနှုန်းစဉ်ကို အသုံးပြုပြီး ဝန်ဆောင်မှုတွေ ပေးအပ်သွားမှာပါ။ လာမယ့်လတွေမှာ တယ်လီနော အနေနဲ့ ကျွန်တော်တို့ရဲ့ကွန်ရက်အတွင်း 1800 MHz ကနေ 4G/LTE ကို ပိုမိုများပြားတဲ့ မြို့ကြီးတွေနဲ့ မြို့ပြတွေမှာ ဒီဝန်ဆောင်မှုတွေကို တိုးချဲ့ပေးအပ်သွားမှာ ဖြစ်ပါတယ်" ဟု Joslin Myrthong က ဆက်လက်ပြောကြားသည်။



4G အဆင့်တိုးမြှင့်ပေးထားသော တယ်လီနော တာဝါတိုင်တစ်ခုကို တွေ့ရစဉ်

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# လက်ပံတန်း၌ မူခင်းကျဆင်းရေး ဟောပြော

**လက်ပံတန်း ဇွန် ၁၆**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ကွမ်းခြံကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ ဓမ္မာရုံ၌ ဇွန်လဒုတိယပတ်က မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဆွေဦးက မလိုလားအပ်သည့် မှုခင်းများဖြစ်ပေါ်ခြင်း၊ မူဒိမ်းမှုများ မဖြစ်ပွားစေရေးတို့ကို ဟောပြောခဲ့ပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးချစ်ကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

# အသက် ၉၀ နှစ်အထက် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဇွန် ၁၆**
မြစ်ကြီးနားမြို့နယ်အတွင်းရှိ အသက် ၉၀ နှစ်အထက်ဘိုဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက်အဘိုးအဘွား ၂၄၀ ကို သုံးလစာအတွက် တစ်လလျှင်ငွေကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၇၂ သိန်းကို ကိုယ်စားလှယ်တစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဦးကိုနီအား လုပ်ကြံမှုတွင် ပါဝင်ပတ်သက်သူအောင်ဝင်းခိုင်အား ဒေါ်ပုံနေအိမ်၌ သွားရောက်ရှာဖွေသူလေးဦး အင်းစိန်အထူးခုံရုံးတွင် သက်သေခံထွက်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်းပါ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့အား ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထူးခုံရုံးသို့ ရုံးထုတ်ရောက်ရှိခဲ့ပြီး ပါဝင်ပတ်သက်သူငါးဦးအနက် တရားခံပြေး အောင်ဝင်းခိုင်အား နေပြည်တော်၌ ရှာဖွေခဲ့သူ ခြောက်ဦးကို ယခင်အပတ်က သက်သေခံစစ်ဆေးခဲ့ပြီးနောက် ယခု ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် တွင် ရှာဖွေဖမ်းဆီးဆောင်ရွက်ခဲ့သူလေးဦး လာရောက် သက်သေခံကြောင်းနှင့် ဇွန် ၂၃ ရက်တွင် ရဲမှူးခင်မောင်ဆွေအား သက်သေခံစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ရာဇဝတ်အထွေထွေအမှုအမှတ် (၂၀/၂၀၁၇)တရားခံပြေး အောင်ဝင်းခိုင်အမှုနှင့် ပတ်သက်ပြီး အထူးခုံရုံးဖမ်းဝရမ်းကို ပြည့်ပြည့်စုံစုံ ဆောင်ရွက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ညွှန်ကြားထားချက်နှင့်အညီ တရားခံပြေးအောင်ဝင်းခိုင်နေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ဖမ်းဝရမ်းအတည်ပြုဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်ချက်များကို တင်ပြခြင်းအား စစ်ဆေးခြင်းဖြစ်ကြောင်း၊ တရားခံပြေးအား ရှာဖွေဖမ်းဆီးပြုလုပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး မှုခင်းရဲတပ်ဖွဲ့မှ ရဲအုပ်တင်ထွဋ်၊ ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် နယ်ထိန်းရဲတပ်ကြပ် သန်းထိုက်ဦး၊ အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ရာအိမ်မှူး ဦးမြခိုင်တို့လေးဦးကိုသာ စစ်ဆေးခြင်းဖြစ်ကြောင်း၊ အမှုလိုက်ဥပဒေအရာရှိ တင်ပြချက်မှာ တရားခံပြေး အောင်ဝင်းခိုင်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က အာဆီယံနိုင်ငံများသို့ အကြောင်းကြားထားကာ အင်တာပို (အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့) သို့လည်း အကြောင်းကြားစာပေးပို့ထားကြောင်း၊ နိုင်ငံကူးလက်မှတ် ကိစ္စနှင့်ပတ်သက်ပြီး ရရှိထားသည့် စာရွက်စာတမ်းများ၊ နယ်စပ်ဂိတ်အသီးသီးတွင် ပြည်ပထွက်ခွာခွင့် ပိတ်သိမ်းထားရှိသည့် စာရွက်စာတမ်းများအားလုံး ပြည့်စုံစွာမရရှိသေးသည့်အတွက် ပြီးပြည့်စုံစွာသက်သေခံနိုင်ရန် နောက်အပတ်သို့ ရုံးချိန်းတောင်းဆိုခဲ့ကြောင်း၊ ထို့ကြောင့် အမှုလိုက်ဥပဒေအရာရှိ တင်ပြလျှောက်ထားချက်ကို အထူးခုံရုံးက ဇွန် ၂၃ ရက် (သောကြာနေ့)သို့ ချိန်းဆိုပေးလိုက်ကြောင်းနှင့် မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး ပြန်ကြားရေးအရာရှိ ဦးရဲလွင်ထံမှ သိရသည်။

တရားခံအကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က "တရားခံပြေးအမှုကို ပြန်ပြီးဆက်လက်စစ်ဆေးတယ်။ လူသတ်မှုကို စစ်ဆေးပြီးမှ ဆက်လုပ်ရမယ့်ကိစ္စ ဆက်လုပ်သွားမှာပါ။ ရဲမှူးခင်မောင်ဆွေက သက်သေခံဖို့ အဆင်သင့်မဖြစ်သေးလို့ နောက်တစ်ပတ်ရုံးချိန်းမှာ စစ်မယ်လို့ ပြောတယ်။ ရဲတပ်ဖွဲ့ဝင် နှစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး ပေါင်းလေးဦးကိုစစ်တယ်။ တရားခံပြေး အောင်ဝင်းခိုင်ကို ဒေါပုံမှာ ဖမ်းဆီးရမရတဲ့အခြေအနေ ပြည့်စုံအောင်



တင်ပြသွားတယ်။ ကျွန်တော်က တရားခံ သေနတ်သမား ကြည်လင်းရဲ့အကျိုးဆောင်ရှေ့နေပါ"ဟု ပြောသည်။

တရားလိုအကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ငြေးက "မတွေ့ရသေး၊ မတွေ့နိုင်သေး၊ မတွေ့ဘူးဆိုတဲ့ အချက်၊ နေပြည်တော်က သက်သေခြောက်ဦးကို အရင်အပတ်က စစ်တယ်၊ အခုက ဒေါပုံမြို့နယ်က လေးဦးကိုစစ်တယ်၊ ဒီအမှုမှာ ရဲမှူးက စီမံကြီးကြပ်ရှာဖွေတာဖြစ်လို့ အောင်ဝင်းခိုင်ရဲ့ မှတ်တမ်းမှတ်ရာတွေ တင်ပြထားတယ်လို့ သိရတယ်။ နယ်စပ်ဂိတ်တွေ၊ နိုင်ငံတကာနဲ့ အင်တာပိုရဲတွေကို တောင်းခံစာ၊ နှုတ်နဲ့ပြန်ကြားစာတွေ၊ တရားရုံးကို နှုတ်နဲ့တင်ပြရင် လုံလောက်မှုမရှိလို့ တရားခွင်က ကျေနပ်မှာမဟုတ်ဘူး။ အမှန်တင်ပြဖို့ ရုံးပြန်ချိန်းတယ်လို့ထင်တယ်။ နောက်တစ်ချိန်းဆို ပြည့်စုံမယ်လို့ထင်တယ်။ အခုက တရားခံပြေးနေအိမ်မှန်သမျှ သွားလာနေသော နေရာအသီးသီးကို ရှာဖွေစစ်ဆေးမှုတွေ ပြုလုပ်နေတယ်။ တရားရုံးကလည်း တိတိကျကျလုပ်နေပါတယ်။ ဒီကနေ့ အပြည်ပြည်ဆိုင်ရာ တရားရုံးများလေ့လာရေးအဖွဲ့ လာရောက်လေ့လာတာကို တွေ့ရတယ်။ တိုင်းဒေသကြီးတရားရုံးက တရားခံပြေးကိစ္စ စိတ်ပါလက်ပါ ညွှန်ကြားလိုက်တာလည်း ရှေ့နေကြီး ဦးနေလတင်ပြချက် အကျိုးဆက်ကြောင့်ပဲ ဖြစ်တယ်။ ကျွန်တော်က ဦးနေလရဲ့လက်ထောက်ရှေ့နေပါ" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမပေါ်ရှိ လမ်းပခုံးမြေသားများ ပြိုကျပျက်စီးနေရာ၌ ဘေလီတံတားခင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**အမ်း ဇွန် ၁၆**

ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၂၈ အနီး အမ်းမြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့် အကွာနေရာ၌ ဇွန် ၁၄ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လမ်းပခုံးမြေသားများ ပြိုကျပျက်စီးခဲ့သဖြင့် ဇွန် ၁၆ ရက်တွင် ပေ ၂၀၀ အရှည်ရှိ ဘေလီတံတားထိုးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများက ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး ဇွန် ၁၇ ရက်တွင် ယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူဦးရေထူထပ်လာပြီး အိမ်ခြေများလာသောကြောင့် မုံရွာမြို့ အိုးဘိုတောင်သုသာန်ဖျက်သိမ်းရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ မြို့မိမြို့ဖများ၏သဘောထားရယူကာ စတင်စီစဉ်လျက်ရှိ

**မုံရွာ ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံး၊ တိုင်းဒေသကြီး လွှတ်တော်တို့နှင့်ကပ်လျက်ရှိပြီး တစ်စထက်တစ်စ လူဦးရေများကာ အိမ်ခြေများလာသော မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ သုသာန်ကိုဖျက်သိမ်း၍ ဆားကျင်းသုသာန်နှင့် မြနန္ဒာသုသာန်တို့တွင် မီးသင်္ဂြိုဟ်စက်တစ်လုံးစီနှင့် ဇရပ်တစ်ဆောင်စီ တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရနှင့် မုံရွာ မြို့မိမြို့ဖများက သဘောတူ ဆုံးဖြတ်ခဲ့သည်။ ဆားကျင်းသုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်ခြင်းနှင့် မီးသင်္ဂြိုဟ်ခြင်းများ ပြုလုပ်လျက်ရှိသလို မြနန္ဒာသုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ မီးသင်္ဂြိုဟ်စက်ကို မြနန္ဒာသုသာန်နှင့် ဆားကျင်းသုသာန်တို့တွင် စည်ပင်သာယာရေး ကော်မတီကလည်းကောင်း၊ ဇရပ်တစ်ဆောင်စီကို မြနန္ဒာနှင့် ဆားကျင်းသုသာန်တို့တွင် မုံရွာမြို့ ရပ်မိရပ်ဖများနှင့် စေတနာရှင်များကလည်းကောင်း ကုသိုလ်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဇွန် ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးတွင်ကျင်းပသော မြို့မိမြို့ဖများနှင့် တိုင်းဒေသကြီးအစိုးရတွေ့ဆုံ၍ မုံရွာမြို့သာယာလှပရေး တွေ့ဆုံဆွေးနွေးပွဲတွင် ဆုံးဖြတ်အတည်ပြုခဲ့သည်။

"အိုးဘိုတောင်ရပ်ကွက်မှာနေတဲ့ သူတွေက အိုးဘိုတောင်သုသာန်ဖျက်လိုက်ရင် နာရေးချစရာနေရာမရှိတော့တဲ့အပြင် သွားချရမယ့် ဆားကျင်းသုသာန်နဲ့ မြနန္ဒာသုသာန်က ရပ်ကွက်နဲ့က ဝေးလွန်းတဲ့အတွက် ဘယ်လိုလုပ်ပေးမလဲဆိုတာ မေးလာကြပါတယ်။ နာရေးအတွက် အဆင်ပြေအောင် ဆားကျင်းနဲ့ မြနန္ဒာသုသာန်တွေမှာ စည်ပင်က မီးသင်္ဂြိုဟ်စက်တစ်လုံးစီနဲ့ အတူ ရပ်မိရပ်ဖတွေက ဇရပ်တစ်ဆောင်စီကို တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ အိုးဘိုတောင်ကနေ နာရေးချတာဝေးတယ်ဆိုပေမယ့် နာရေးကူညီမှုအသင်းတွေက အကူအညီပေးကြမှာသေချာသလို နာရေးပို့သူတွေအတွက်လည်း ကားအသင်းတွေရဲ့ အကူအညီနဲ့ ပို့ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇွန် ၈ ရက်က အိုးဘိုတောင်သုသာန်မြေဖျက်သိမ်းရန်အတွက် မုံရွာမြို့နယ် စည်ပင်သာယာရေး ကော်မတီရုံးတွင် စည်ပင်သာယာရေးကော်မတီဝင်များ၊ မြေစာရင်းနှင့် မြို့သစ်ရပ် အိုးဘိုတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ၍ အကြိုညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့တွေ့ဆုံစဉ်က အိုးဘိုတောင်နှင့် မြို့သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် သုသာန်မြေအဖြစ် ရောင်းဝယ်သူများကို ဆက်လက်တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါသုသာန်မြေဖယ်ရှားရှင်းလင်း၍ နေထိုင်စရာမရှိဖြစ်နေသူများကို မြေအစားထိုးပေးရန် အခြေအနေပေါ်လာပါက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၆ စီး၊ သွင်းကုန် ၆၁၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၂၄၅စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၃၂၃ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၃၂၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၅ ရက်က လားရှိုးမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်တို့အား ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ကသတင်းအရ တားဆီးစစ်ဆေးရှာဖွေခဲ့ရာ ခရီးသည်တစ်ဦး၏ခရီးဆောင်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ထုပ် (၃၉၉၀ ပြား)အလေးချိန် ၃၉၉ ဂရမ် 88 နှင့် 1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား အထုပ် ၈၀(၁၆၀၀၀ ပြား) အလေးချိန် ၁ ဒသမ ၆ ကီလိုဂရမ်နှင့် ဆပ်ပြာခွက် ၁၁ ခွက်အတွင်း ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါအမှုန့်၁၂၁ ဂရမ် စုစုပေါင်း ခန့်မှန်း တန်ဖိုး ငွေကျပ် ၁၀၈ ဒသမ ၄၂ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား၊ 88 နှင့် 1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါရောင်အမှုန့်များ

## အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည့် တရားခံတစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၁၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရသည့် ဖြစ်စဉ်များတွင် ဖမ်းဆီးရမိခဲ့သည့် တရားခံတစ်ဦးအား ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက ဆေးရုံသို့တင်ပို့စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ရဲစခန်း အကြမ်းဖက်တိုက်ခိုက်ခံရသည့် ဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သည့် အာလီမူလာအား ယမန်နေ့ မွန်းလွဲပိုင်းက စစ်တွေမြို့မရဲစခန်းမှ တရားရုံးသို့ ရုံးထုတ်စဉ် ဗိုက်အောင့်ရာမှ သတိလစ်သွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ အရေးပေါ်တင်ပို့ခဲ့ရာ လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကမာရွတ်မြို့နယ်၌ မီးလောင်မှုဖြစ်၊ နေအိမ်သုံးလုံးဆုံးရှုံး



**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက်အတွင်း၌ ယနေ့ မွန်းလွဲ ၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် ထန်းတပင်ဘုန်းကြီးကျောင်း အနောက်ဘက် စံပယ်ခြံ(၁) လမ်းရှိ ဦးတင်ယုနေအိမ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်ဝင်း ဦးဆောင်၍ မီးသတ်ယာဉ် ၂၃ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ်တစ်စီးတို့ဖြင့် သန္ဒေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် နေအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းကို မီးသတ်တပ်ဖွဲ့နှင့် ကမာရွတ်မြို့မရဲစခန်းမှ ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မန္တလေးမြို့၌ တိုက်ငါးလွှာမှ လူတစ်ဦးခုန်ချသေဆုံး

**မန္တလေး ဇွန် ၁၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားရှိ ပြည်တော်သာတိုက်တန်းဝင်းအတွင်း ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်က ငါးလွှာမှ လူတစ်ဦးခုန်ချ၍ သေဆုံးကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ နယ်မြေခံစခန်းမှူး ဒုရဲမှူး ခင်မောင်သိန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထင်လင်းကျော်နှင့် စိတ္တရမဟီရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ အောင်ချိုစိုး (၄၈ နှစ်) တိုက်(B) ငါးလွှာ အခန်း(၁၈) ပြည်တော်သာတိုက်တန်း စိတ္တရမဟီရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

၎င်းသည် အရက်သေစာသောက်စားတတ်ပြီး စိတ်ဖောက်ပြန်၍ တိုက်ပေါ်မှခုန်ချခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၆**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၈ နာရီ ၂၅ မိနစ်ခန့်က ဟိုပင်မြို့ နတ်ကြီးကုန်းရပ် မာဘရန်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီက မံစီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မံစီမြို့နယ် နန့်ဟန်ကျေးရွာ အနောက်ဘက်ချောင်းရှိ ဇော်လင်း၏ ဈေးဆိုင်တဲအား ရှာဖွေရာ ဈေးဆိုင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဘိန်းဖြူ ၀ ဒသမ ၀၁၂၇ ကီလိုနှင့် မြန်မာငွေကျပ် ၁ ဒသမ ၆၅ သိန်းတို့ကိုလည်းကောင်း၊ ရှာဖွေမှုဆောင်ရွက်နေစဉ် ဈေးဆိုင်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာသည့် ဘိုဘိုဂျမ်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၅ ပြားနှင့်၊ အဆင့်နိမ့် ဘိန်း ငါးဂရမ်တို့ကို လည်းကောင်း။

မွန်းလွဲ ၃ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်းပေါ်၌ ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် မမာတောမ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ခရီးသည် မလွမ်းနန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကျိုးဆောင်လိုင်စင်မရှိဘဲ အမျိုးသမီးသုံးဦးအား ပြည်ပသို့ ပို့ဆောင်ရန် သင်တန်းပေးသူအား အရေးယူ

**နေပြည်တော် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သရက်တောတောင်ရပ်ကွက်နေ ဦးစိုးနိုင်သည် အမျိုးသမီးများအားစုဆောင်းပြီး စင်ကာပူသို့ပို့ဆောင်ရန် သင်တန်းပေးနေကြောင်း သတင်းအရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(ရန်ကုန်)၊ ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ဇွန် ၁၄ရက် မွန်းတည့် ၁၂ နာရီခန့်က ဝင်ရောက်စစ်ဆေးရာ အမျိုးသမီးများနှင့်အတူ ဦးစိုးနိုင်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ဦးစိုးနိုင်အား စစ်ဆေးချက်အရ ကော့မှူးမြို့နယ်၊ ကြို့ပင်ကောက်မြို့နှင့် နတ္တလင်းမြို့တို့မှ အမျိုးသမီး သုံးဦးအား စင်ကာပူနိုင်ငံသို့ပို့ဆောင်ပေးမည်ဖြစ်ပြီး လခအနေဖြင့် တစ်လလျှင် စင်ကာပူဒေါ်လာ ၄၅၀ ရရှိမည်ဖြစ်ကာ ဝန်ဆောင်ခအနေဖြင့် စင်ကာပူ၌ စတင်လုပ်ကိုင်သည်မှစ၍ ခြောက်လစာဖြတ်တောက်မည်ဖြစ်ကြောင်းနှင့် စင်ကာပူနိုင်ငံသို့ မသွားရောက်မီ ၎င်း၏ နေအိမ်၌ နေထိုင်ရမည်ဖြစ်ကြောင်း သိရသဖြင့် အမျိုးသမီးများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာ အကျိုးဆောင်လိုင်စင်မရှိဘဲ ဆောင်ရွက်လျက်ရှိသည့် ဦးစိုးနိုင်အား အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘားအံမြို့နယ်၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးမီးလောင်သေဆုံး

**ဘားအံ ဇွန် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအုပ်စု ဝဲကရင်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွားရာမှ လူတစ်ဦး မီးလောင်သည့်အထဲပါသွားခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ် ဝဲကရင်ကျေးရွာတွင် ဇွန် ၁၆ ရက် နံနက် ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သာယာကုန်းရဲကင်းမှ ရဲကင်းမှူး ရဲအုပ်စိုးမင်းအောင်ဦးစီးအဖွဲ့၊ သာမညကျေးရွာ အရန်မီးသတ်တပ်ခွဲမှူး ဦးခွန်အုန်းတင်ဦးဆောင်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ခန့်၊ ဝဲကရင်ကျေးရွာအုပ်ချုပ်ရေးမှူး ရွာသူရွာသားများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးညွှန့်ကျိုးသွားခဲ့ပြီး နံနက် ၄ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဦးဝင်းထွေး (၅၂နှစ်) ဝိဇ္ဇာ(၂)ရပ်ကွက် သာမညကျေးရွာ ဘားအံမြို့နယ်နေသူပိုင် အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုးနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်ပြင်အတွင်းမှ မီးလောင် ကျွမ်းထားသည့် လူသေအလောင်းတစ်လောင်းအား စစ်ဆေးတွေ့ရှိခဲ့သည်။

ယင်းနောက် အလောင်းအားဘားအံဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့ဆောင်ခဲ့ပြီး ဖြစ်စဉ်အား ဥပဒေနှင့်အညီအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မီးပလပ်ခုံ အပူလွန်ကဲရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်

**နေပြည်တော် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဇောတိကရပ်ကွက် ဈေးချို(၂)လမ်းတွင် ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ရှစ်မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါရပ်ကွက်နေ ဦးအောင်ဌေးဦး(၄၀)နှစ်၏ နေအိမ်တွင် တပ်ဆင်ထားသော မီးပလပ်ခုံအပူလွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဦးအောင်ဌေးဦးအား မိုးညိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## CLAIMS DAY NOTICE

**M.V TRUE LIGHT VOY:NO(54)**

Consignees of cargo carried by M.V TRUE LIGHT VOY:NO (54) are here by notified that the vessel will arrive on about 18-6-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့၊ အောင်ဆန်း(၂)၊ E လမ်းနေ ဒေါ်နော်ရူဖောနှင့် မောင်ကောင်းထက်နိုင်တို့၏ဖခင် ဦးဂျော့ချ်မြင့်နိုင်နှင့် ဦးမြင့်နိုင် ၇/ရတန(နိုင်)၀၅၉၈၆၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဂျော့ချ်မြင့်နိုင်(ခ)ဦးမြင့်နိုင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ ကဝိစည်သူ ကိုယ်ပိုင်အထက်အတန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၇/သကန(နိုင်)၀၀၉၅၁၃ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

## အမည်မှန်

သဲကုန်းမြို့၊ အထက ပုတီးကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးအောင်ဝင်း၏ အမည်မှန်မှာ မောင်မျိုးအောင် ၇/သကန(နိုင်)၁၄၇၁၁၉ ဖြစ်ပါကြောင်း။ **မောင်မျိုးအောင်**

## ရွာဝံမိုတယ်(ပုဂံမြို့သစ်)အရောင်းအဝယ်ကိစ္စအတွက် ဦးအောင်စိန် ၁/မညန(နိုင်)၀၇၂၉၆၂ နှင့် အများသိရှိရန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ခရေလမ်း၊ ကျန်စစ်သားရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉-ပုဂံမြောက်)၊ လူနေရပ်ကွက်အမှတ်-ရွှေလောင်းအရှေ့၊ မြေကွက်အမှတ်-၃၊ ဦးပိုင်အမှတ် ၁၉၈၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရွာဝံမိုတယ်အပါအဝင် မိုတယ်နှင့် သက်ဆိုင်သည့် ပစ္စည်းအရပ်ရပ်နှင့် အကျိုးခံစားပိုင်ခွင့်များကို ရောင်းချဝယ်ယူရန်ကိစ္စအတွက် စရန်ပေးစာချုပ်ပါ ရောင်းဖိုးကျန်ငွေများကို ၂၀-၆-၂၀၁၇ ရက်တွင် လာရောက်ပေးချေရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ လူကြီးမင်း၏ လွှဲအပ်ချက်အရ ရှေ့နေတော်ဝင် ဦးခင်မောင်သန်းက ၈-၆-၂၀၁၇ ရက်တွင် ပေးပို့အကြောင်းကြားထားပါသည်။ ယင်းပေးပို့စာအပေါ် လူကြီးမင်းနှင့် ရှေ့နေထံသို့ ၁၂-၆-၂၀၁၇ရက်တွင် သီးခြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ စရန်ပေးစာချုပ်ပါ ရောင်းဖိုးကျန်ငွေကျပ်သိန်း ၃၆၀၀ ကို ၂၀-၆- ၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ပုဂံမြို့သစ်ရှိ ရွာဝံမိုတယ်၌ ကျွန်ုပ်၏ မိတ်ဆွေက လူကြီးမင်းလက်ဝယ်သို့ မပျက်မကွက်လာရောက်ပေးအပ်မည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးတင်အေး**
**တရားလွှတ်တော်ရှေ့နေ**
**၁၅၀(ပထမထပ်)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၅၇၈၂၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်တံတားမြို့နယ်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၆**

ဒေါ်သီဂီကို နှင့် ၁။ ဦးစစ်နိုင်ဦး
၂။ ဒေါ်ခင်စုမွန်မွန်ကျော်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ်(၃၃)၊ (ပ)ထပ်နေ ဦးစစ်နိုင်ဦးနှင့် ဒေါ်ခင်စုမွန်မွန်ကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်သီဂီကိုက ငွေကျပ်သိန်း၈၀ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၅ ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းလင်းထိုက်)**
**တွံ့ဖက်မြို့နယ်တရားသူကြီး**
**ကျောက်တံတားမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကိုယ်ဝန်ဆောင်အုပ်စု၊ တောင်လွဲ ရွာနေ ဝက်ပုတ်မြို့(အထက) တက္ကသိုလ်ဝင်တန်း(B)မှ မောင်မိုးကျော်ကျော်၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မင်း ၇/ပတတ(နိုင်)၀၉၁၉၈၅ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်မင်း**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(I)မှ မဝါဝါဆွေ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း ၅/ပလန(နိုင်) ၀၅၇၅၆၆ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဆန်း**

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ (အထက) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဖြိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးမောင်သန်းဝေ ၁၁/ပဏတ(နိုင်)၀၁၉၁၃၇ ဖြစ်ပါကြောင်း။ **ဦးမောင်သန်းဝေ**

## ဖခင်အမည်မှန်

ယင်းမာခရိုင်၊ ယင်းမာမြို့ (အထက) တက္ကသိုလ်ဝင်တန်း(A)မှ မသီရိနိုင်ဇော်နှင့် ချောင်းဆုံကျေးရွာ အလက(ခွဲ) အဋ္ဌမတန်းမှမဆည်းဆာစံချိန်တို့၏ ဖခင်အမည်မှန်မှာဦးသုထက်ပိုင်၅/ယမပ(နိုင်) ၀၅၆၈၂၀ ဖြစ်ပါကြောင်း။**ဦးသုထက်ပိုင်**

## အမည်ပြောင်း

အင်္ဂပူမြို့နယ်၊ ခြောက်ရွာ(အထက)၊ န၀မတန်းမှ ဦးအောင်နိုင်ဦး၏သား မောင်စိုင်းဘိုဘိုအောင်အား မောင်စိုင်းဘိုဘိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုင်းဘိုဘို**

## အမည်မှန်

ဟင်္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်းမှ မောင်မြတ်မင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ ၁၄/ဟသတ(နိုင်) ၁၈၄၉၈၄ ဖြစ်ပါသည်။ **ဦးသိန်းရွှေ**

## အမည်ပြောင်း

အင်္ဂပူမြို့နယ်၊ခြောက်ရွာ (အထက) န၀မတန်းမှ ဦးကျော်မင်းထွန်း၏သား မောင်စိုးသက်အောင်အား မောင်စိုးသက်မောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုးသက်မောင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း ၅၀(အောက်လမ်း)၊ တိုက်-B၊ အခန်း ၄၁၁(အောင်မြင်ပြည့်စုံကွန်ဒို)တိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ရွှေ ၁၂/ပဇတ(နိုင်)၀၂၅၃၇၈ထံမှ တရားဝင်ဝယ်ယူ၊ လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဘေဘီဝင်း ၁၂/သလန(နိုင်)၀၉၄၁၉၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေ ထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာ ရောက် ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထားနွယ်ခင်(LL.B,D.I.R,D.I.L,D.M.L)**
**(တရားလွှတ်တော်ရှေ့နေ၊စဉ်-၈၀၂၁)**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၉၆၅၁၉၇၉၃၂**
**အမှတ်-၈၀/၁(ပထမထပ်)၊ ၂၂ လမ်း၊**
**(၅)ရပ်ကွက်၊ လသာမြို့နယ်**
**Email:htarnwekhin92@gmail.com**

**ဦးတင့်ကျော် (LL.B)(စဉ်-၃၀၉၁၃)**
**ဦးကျော်မိုးလွင် (LL.B,D.I.L)**
**(စဉ်-၃၇၉၂၃)၊**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B,D.B.L)**
**(စဉ်-၃၇၉၅၁)၊**
**ဒေါ်ထွေးဇာခြည် (LL.B,D.B.L)**
**(စဉ်-၃၈၀၂၀)၊**
**(အထက်တန်းရှေ့နေများ)**

## သစ်ထုတ်လုပ်ခြင်းဆိုင်ရာအကြောင်း အသိပေးဆွေးနွေး

**တနင်္သာရီ ဇွန် ၁၆**
တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ သစ်ထုတ်လုပ်ခြင်းဆိုင်ရာများအကြောင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး မြန်မာ့သစ်ထုတ်လုပ်ငန်းက ကြီးမှူး၍ တနင်္သာရီမြို့ရှိ မြို့နယ်ခန်းမ၌ ဇွန် ၁၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းဦးစီးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဝေကြိုင်က မြန်မာ့သစ်ထုတ်လုပ်ငန်း၏ သမိုင်းကြောင်းနှင့် အထွေထွေဖွဲ့စည်းပုံ၊ သစ်လုပ်ငန်း၏မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြိတ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘခင်က သစ်တောဦးစီးဌာနဆိုင်ရာလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြိတ်ခရိုင်သစ်လုပ်ငန်းဦးစီးဌာန မန်နေဂျာ ဦးဝင်းကိုကိုက မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ်ဖြင့် သစ်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဦးရဲမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် သစ်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက သစ်ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုအခြေအနေ၊ အစားထိုးသစ်ပင်များ ပြန်လည်စိုက်ပျိုးမည့်အခြေအနေများ၊ ဒေသခံများအတွက် ကောင်းကျိုး/ဆိုးကျိုး အခြေအနေများ၊ သစ်ထုတ်လုပ်မည့် အနေအထား စသည်တို့ကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ရေကျော်နေ

**ရေတာရှည် ဇွန် ၁၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဇွန် ၁၃ ရက်က နေ့ရောညပါ မိုးများသည်းထန်စွာရွာသွန်းခဲ့သဖြင့် ချောင်းငယ်မြောင်းငယ်များ ရေလျှံကာ ဇွန် ၁၄ ရက် နံနက်ပိုင်းမှစတင်၍ ရေတာရှည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းပေါ် မိုင်တိုင်အမှတ် ၁၉၂/၃ နှင့် ၁၉၂/၄ အကြားတွင် ပေ ၃၀ ခန့် ရေကျော်လျက်ရှိသည်။



အဆိုပါ ရေကျော်သည့်နေရာတွင် ဖြတ်သန်းသွားလာသည့်ယာဉ်များ အန္တရာယ်ဖြစ်ပွားခြင်း မရှိစေရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့မ ပရဟိတ လူမှုကူညီမှုအသင်းမှ အဖွဲ့ဝင်များ ပူးပေါင်း၍ လမ်းပေါ်တွင်စောင့်ကြည့်ကာ လိုအပ်သည်များ ကူညီပေးခြင်း၊ လမ်းအချက်ပြအမှတ်အသားများ ချပေးခြင်း၊ သဲအိတ်များ ချပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေတာရှည်မြို့နယ်တွင် မိုးသည်းထန်၍ ချောင်းများ ရေတက်ခြင်းကြောင့် သပြေတန်းကျေးရွာရှိ ရန်ကုန်-မန္တလေးကားလမ်းနှင့်ဆက်သွယ်ထားသော သစ်သားတံတားသုံးစင်း ရေတိုက်စားပျက်စီးခဲ့ပြီး ညောင်ပင်ကိုင်းကျေးရွာတွင် အိမ်ခြေ ၃၀ ခန့်မှာ ရေနှစ်ပေခန့် ဝင်ရောက်လျက်ရှိကာ စပါးအိတ်များစွာလည်း ရေနစ်မြုပ်မှုကို ခံခဲ့ရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ ထို့အတူ ညောင်ပင်သာကျေးရွာ၌လည်း အိမ်ခြေ ၄၀ ကျော်တွင် ရေတစ်ပေခန့် ဝင်ရောက်လျက်ရှိပြီး ဆက်လက်ရွာသွန်းနေသည့်မိုးကြောင့် ရပ်ရွာများထဲ ဝင်ရောက်နေသောရေများ ပို၍များပြားလာနိုင်ကြောင်းလည်း ဒေသခံပြည်သူအချို့က ခန့်မှန်းမှုများရှိနေသည်။

**ကိုလွင်(ဆွာ)**

## စက်မှုလယ်ယာသို့ အဆင်ပြေစွာကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျရောင်းချပေးနေ

**ရမည်းသင်း ဇွန် ၁၆**
ရမည်းသင်းမြို့နယ်ရှိ တောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အဆင်ပြေချောမွေ့စွာ ကူးပြောင်းနိုင်စေရေးအတွက် ရမည်းသင်းမြို့ရှိ ဂရိတ်ကုန်မာဆိုင်(မိသားစု)နှင့် ဝင်းရွှေဝါထရေးဒင်းကုမ္ပဏီတို့ ပူးပေါင်း၍ လယ်ယာသုံး စက်ပစ္စည်းများနှင့် အခြားလုပ်ငန်းသုံးစက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အဓိကကတော့ ကျေးလက်နေတောင်သူတွေ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်တဲ့အခါမှာ ခေတ်နဲ့အညီ စက်ပစ္စည်းတွေနဲ့ အဆင်ပြေချောမွေ့စွာ သက်သောင့်သက်သာနဲ့ ထွန်ယက်လုပ်ကိုင်နိုင်ဖို့ရည်ရွယ်ပြီး အခုလို အရစ်အကျ ရောင်းချပေးတာဖြစ်ပါတယ်။ ရောင်းချပေးနေတဲ့ ပစ္စည်းတွေကတော့ လယ်ထွန်စက်မျိုးစုံ၊ နောက်ပြီး အခြားလယ်ယာလုပ်ငန်းသုံး LIFAN(ခေါင်းရှည်)၊ Dump Truck ၊ SKAT(၆/၈)ပေါက် Dump Truck နဲ့ ပုဇဉ်းခေါင်းထော်လာဂျီတို့ ဖြစ်ပါတယ်။ အခုလို ရောင်းချပေးခြင်းဖြင့် ကျေးလက်နေ တောင်သူတွေအတွက်လည်း တွက်ခြေကိုက် အဆင်ပြေပါတယ်"ဟု ဂရိတ်ကုန်မာဆိုင်မှ ကိုဇေယျာသူရက ပြောသည်။

**သတင်း-မောင်မွှေး၊ ဓာတ်ပုံ-ဇော်ဝင်းအောင်**



## ဒေသနှင့်ကိုက်ညီသည့် မော်တော်ယာဉ်အမြန်နှုန်း သတ်မှတ်ရေး ကွင်းဆင်းတိုင်းတာ



**ဟားခါး ဇွန် ၁၆**
ချင်းပြည်နယ် ဟားခါးမြို့ပေါ်ရှိ ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး ဘေးကင်း လုံခြုံစွာ သွားလာနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မြို့တွင်းမော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်း သတ်မှတ်နိုင်ရေး တာဝန်ရှိသူများ ဇွန် ၁၄ ရက်က ဟားခါးမြို့ မြို့နယ်စုပေါင်းရုံးအနီး ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ကွင်းဆင်းတိုင်းတာခြင်းကို မြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးဘင်နီဖိုင်းနှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအတွက် ဒေသနှင့်ကိုက်ညီသည့် အမြန်နှုန်းများကို တိုင်းတာခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းအတွက် သက်ဆိုင်သူများ ပထမအကြိမ် ဆွေးနွေး

**ကသာ ဇွန် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဗန်းမော်-နဘား-ရွှေဘို-အုန်းတော ၂၃၀ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း စီမံကိန်းအတွက် သက်ဆိုင်သူများ ပထမအကြိမ် အစည်းအဝေးကို ဇွန် ၁၄ ရက်က ကသာမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်က လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းသွားမည့် လမ်းကြောင်းတစ်လျှောက်ရှိ မြေအနေအထား၊ ကျေးရွာများမှ ပြည်သူများ၏ လယ်ယာမြေအနေအထားများနှင့် အခက်အခဲများကို ရှင်းလင်းပြောကြားပြီး Resources And Environment Myanmar မှ မန်နေဂျာ ဒေါ်ဖြူဖြူရှိန်က ဓာတ်အားလိုင်း သွယ်တန်းခြင်းကို ISO နှင့် IEC အစရှိသော စံညွှန်းများအတိုင်း နည်းပညာနှင့် ပစ္စည်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကိုလည်း မကြာမီ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗန်းမော် - နဘား ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသည် ကချင်ပြည်နယ်ရှိ ဗန်းမော်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နဘားအထိ ၇၅ မိုင်ခန့်ရှိမည်ဖြစ်ပြီး ဗန်းမော်နှင့် နဘားတို့တွင် ဓာတ်အားခွဲရုံအသစ်များ တည်ဆောက်မည်ဖြစ်သည်။ ဗန်းမော်ဓာတ်အားခွဲရုံသည် ဗန်းမော်မြို့တောင်ဘက် ၃ ကီလိုမီတာအကွာတွင် တည်ရှိပြီး နဘားဓာတ်အားခွဲရုံသည် ကသာမြို့၏ အနောက်မြောက်ဘက် ၂၀ ကီလိုမီတာအကွာ နဘားကျေးရွာအနီးတွင် တည်ရှိသည်။ အဆိုပါစီမံကိန်းကို Union Resources And Engineering Co.,Ltd. မှ အကောင်အထည်ဖော်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ရာ ၂၀၁၇ ခုနှစ်တွင် တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်းနှင့် ဓာတ်အားသွယ်တန်းခြင်း၊ ၂၀၁၈ ခုနှစ်အတွင်း ဓာတ်အားခွဲရုံများ တည်ဆောက်တပ်ဆင်ခြင်းနှင့် ၂၀၁၉ ခုနှစ်တွင် စတင်စမ်းသပ်ထုတ်လွှတ်ပြီး လွှဲပြောင်းပေးအပ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးရွာကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် ငွေကျပ်သိန်း ၁၅၀ လှူဒါန်း

**မော်လိုက် ဇွန် ၁၆**
မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မိုင်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်ကို အပြီးသတ် ဆောက်လုပ်နိုင်ရန်အတွက် ဒဂုံသတ္တုတူးဖော်ရေးကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၁၅၀ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒဂုံသတ္တုတူးဖော်ရေးကုမ္ပဏီမှ ထောက်ပံ့လှူဒါန်းသော ငွေကျပ်သိန်း ၁၅၀ ကို ကုမ္ပဏီကိုယ်စား မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းက မိုင်းချောင်းကျေးရွာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ ပေးအပ်ခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၈၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း နှစ်ထပ် ကျောင်းဆောင်သစ်ဖြစ်ပြီး ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၄၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ရာ ယခုအချိန်တွင် ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုထောက်ပံ့လှူဒါန်းငွေများဖြင့် အပြီးသတ် ဆောက်လုပ်ပြီးစီးပါက မိုင်းချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ ယခုထက်ပိုမို၍ တက်ရောက်ပညာသင်ကြားနိုင်ကြမည်ဖြစ်ကြောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **မော်လိုက်သားလေး**

## ဘိန်းအစားထိုး စပါး၊ ပြောင်းမျိုးစေ့များနှင့် ရော်ဘာပျိုးပင်များ ဖြန့်ဝေ

**ကွမ်းလုံ ဇွန် ၁၆**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်အတွင်းမှ တောင်သူများအား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဘိန်းအစားထိုး ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့၊ အစေ့ထုတ်ပြောင်းမျိုးစေ့နှင့် နှစ်ရှည်သီးနှံ(ရာ်ဘာ)ပျိုးပင်များ ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးရေး နည်းပညာများပေးခြင်းကို ဇွန် ၁၄ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

သီးနှံမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအီနွယ်လိုင်ပူက အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေလွင်က ဘိန်းအစားထိုးသီးနှံမျိုးစေ့များနှင့် ပျိုးပင်များ ပေးအပ်ခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကွမ်းလုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ စုမှ တောင်သူများအတွက် ပုလဲသွယ်စပ်မျိုးစပါးစေ့ ၁၀၀ စာ မျိုးစေ့များ၊ အစေ့ထုတ်ပြောင်း ၂၅ ဧကစာ မျိုးစေ့များနှင့် နှစ်ရှည်သီးနှံ(ရော်ဘာ) ငါးဧကစာ ပျိုးပင်များကို တာဝန်ရှိသူများက တောင်သူများထံ လက်ရောက်ပေးအပ်ခဲ့ကာ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အကြောင်း ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



# ကော်ဖီစိုက်တောင်သူများအား ကော်ဖီထွက်နှုန်းတိုးတက်ရေး နည်းပညာပေး

**လိပ်သို ဇွန် ၁၆**
ကရင်ပြည်နယ် လိပ်သိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဥယျာဉ်ခြံများတွင် ကော်ဖီစိုက်ပျိုးသော တောင်သူများအနေဖြင့် ကော်ဖီအထွက်နှုန်းတိုးပြီး ဈေးကွက်ဝင်အရည်အသွေးပြည့်ကော်ဖီများ ထုတ်လုပ်နိုင်စေရန်နှင့် ကော်ဖီသီးနှံများကိုဖျက်ဆီးသည့် ကြွက်အန္တရာယ် ကာကွယ်နှိမ်နင်းခြင်းနည်းများ ပညာပေးခြင်းကို လိပ်သိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာအလိုက် အလှည့်ကျ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၃ ရက်က ဒါရိုးကျေးရွာနှင့် ကလေတကျေးရွာတို့၌ သွားရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လိပ်သိုမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း လျာထားကော်ဖီစိုက်ဧက ၅၇၀၀ ကျော်ဧကရှိပြီး ကော်ဖီဆွတ်ခူးနိုင်မှု ၂၇၈၇ ဧကရှိရာ အသီးထွက်နှုန်းနည်းလာသော ပင်အိုများမှ သီးနှံပိုမိုထွက်ရှိနိုင်သည့် နည်းလမ်းများကို လိပ်သိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဌေးနှင့် ဝန်ထမ်းများက ပညာပေးခြင်းဖြစ်ကြောင်း သိရသည်။



ဒေသတွင်း၌ အဓိကစိုက်ပျိုးသော ရှိဘင်စတာကော်ဖီစိုက်ခင်းများရှိ ကော်ဖီပင်အို တက်သစ်မွေးမြူခြင်း နည်းပညာအရ သီးထွက်နှုန်းနည်းလာသော ပင်အိုပင်မြင့်များကို ကိုင်းဖြတ်တောက်ပြီး ထွက်ရှိလာသော ကော်ဖီကိုင်းအသစ်များမှ ပင်စည်ကိုင်း ရွေးချယ်မွေးမြူခြင်းဖြင့် အသီးထွက်နှုန်းများခြင်း၊ ခူးဆွတ်ရာတွင် လွယ်ကူခြင်းနှင့် ကော်ဖီသီးချိန် ကိုင်းကျိုးလေလွင့်မှုမရှိခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းတို့ကို ပညာပေးခဲ့ပြီး ဒေသတွင်း ကော်ဖီစိုက်ခင်းများတွင် ဖြစ်ပွားလေ့ရှိသော ကြွက်ကျရောက်မှုအန္တရာယ်အတွက် ကြိုတင်ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာများကို ကော်ဖီစိုက်ခင်းအတွင်း လက်တွေ့သရုပ်ပြ ပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထင်သာမြင်သာပြုပြင်စရာ

### ကျောက်တန်းရေလယ်ဘုရား တန်ဆောင်းဘေးမှ အမှိုက်ခြံကိုဖယ်ရှားပေးရန် ပြည်သူများလိုလား

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရှေးဟောင်းအမွေအနှစ်ဇုန်နယ်မြေအဖြစ် အမိန့်ကြော်ငြာအမှတ်(၄/၂၀၀၉)ဖြင့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်အဖြစ် သတ်မှတ်ထားသည့်အပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလည်း နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြသည့် တန်ခိုးကြီးစေတီတော်တစ်ဆူဖြစ်သည်။

ကျိုက်မှော်ဝန်းရေလယ်စေတီတော်၏ မြို့ဘက်ကမ်း အာရုံခံတန်ဆောင်းနှင့် ကပ်လျက်ရှိသော စည်ပင်သာယာအမှိုက်ခြံကြီးမှာ ပုံတွင်မြင်ရသည့်အတိုင်း အကျည်းတန်မြင်ကွင်းဖြစ်နေသောကြောင့် မြို့ဘက်ကမ်းမှ ရေလယ်စေတီတော်သို့ လှမ်းမျှော်ဘုရားဖူးသူတိုင်းအတွက် စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံတွေ့နေကြပါသည်။ သို့ဖြစ်၍ ရှေးဟောင်း သမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော် မြို့ဘက်ကမ်းမှ ဘုရားရှေ့မြင်ကွင်းတွင် အမြင်မတော်ဖြစ်နေသော စည်ပင်သာယာအမှိုက်ခြံကြီးကို အမြန်ဆုံးဖယ်ရှားပေးပါရန် ပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။ **(၀၁၉)**



# သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြိုတင်ကာကွယ်ရေး ဆင့်ပွားမွမ်းမံသင်တန်းဖွင့်



**ကလေး ဇွန် ၁၆**
ကလေးမြို့နယ် အရှေ့စည်းကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးသုနန္ဒ၏ ဦးဆောင်မှုဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ရေး ဆင့်ပွားမွမ်းမံသင်တန်းကို ဒုတိယအကြိမ်မြောက်အဖြစ် ဒိုးနွယ်ကျေးရွာ၌ ဇွန် ၁၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဆရာတော်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို မိန့်ကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်အဆင့်မှလည်း အဆင့်ဆင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မင်းလှ၊ ဒိုးနွယ်၊ တင်သား၊ ကြံသာ၊ ကျောက်ဖူး၊ အရှေ့စည်း၊ ရှားဖိုကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်အထိ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

**ဂျူနိုင်း**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**သရက်ချောင်း ဇွန် ၁၆**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဝေါလ်ဗီရှင်(မြန်မာ) သရက်ချောင်းဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ထားဝယ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝေဝေလွင်က ကလေးသူငယ်များအခွင့်အရေးဆိုင်ရာဖြစ်ရပ်များတွင် စီမံခန့်ခွဲမှု ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေါလ်ဗီရှင်(မြန်မာ)၏ သရက်ချောင်းမြို့နယ် တာဝန်ခံမန်နေဂျာ ဒေါ်မေမေစေးက သရက်ချောင်း၏မြို့နယ်အတွင်း ဝေါလ်ဗီရှင်စီမံချက်နယ်မြေများဖြစ်သည့် ရပ်ကွက် သုံးခု၊ ကျေးရွာ ၁၆ ရွာတွင် ကလေးသူငယ်အခွင့်အရေးအတွက် ဆောင်ရွက်ပေးနိုင်ပုံများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာများမှ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက ကျေးရွာများအတွင်း ကလေးသူငယ်များနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသည့် ကိစ္စရပ်များအပေါ် သိရှိလိုသည်များကို မေးမြန်းကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်တရားသူကြီးနှင့် မြို့နယ်ဥပဒေအရာရှိတို့က ပြန်လည်ဖြေကြားခဲ့သည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## ကျီးကန်းပြင် ဒေသခံများအတွက် ဆန်များလှူဒါန်း

**မောင်တော ဇွန် ၁၆**
မိုရာဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ခဲ့သည့် မောင်တောမြို့နယ် ကျီးကန်းပြင် မြောက်ရွာနှင့်တောင်ရွာမှ ဒေသခံပြည်သူများနှင့် ကျီးကန်းပြင် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနမှ ရဲတပ်ဖွဲ့ဝင် မိသားစုများအတွက် ပရဟိတအဖွဲ့ ငါးဖွဲ့ပူးပေါင်းကာ ဆန်နှင့် အာဟာရများကို ဇွန် ၉ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် လှူဒါန်းပွဲတွင် ရွှေလက်များ ပရဟိတအဖွဲ့နှင့် ရက္ခိတစွမ်းအား ပရဟိတလူငယ်များအဖွဲ့အပါအဝင် ပရဟိတအဖွဲ့ငါးဖွဲ့ကိုယ်စား ဦးဝင်းမောင်မောင်က နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဉာဏ်မြင့်ကျော်ထံသို့ ဆန်နှင့်အာဟာရများ ပေးအပ်လှူဒါန်းကာ ရဲမှူးချုပ်သူရစန်းလွင်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

"မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ ရဲတပ်ဖွဲ့ဝင် မိသားစုတွေနဲ့ ကျီးကန်းပြင် မြောက်ရွာနဲ့ တောင်ရွာ ဒေသခံတွေအတွက် ဆန်အိတ် ၅၀ နဲ့ အာဟာရပစ္စည်းတွေလှူဒါန်းခဲ့ပါတယ်။ ပရဟိတအဖွဲ့ငါးဖွဲ့စုပေါင်းပြီး ဒုက္ခရောက်နေတဲ့ သွေးချင်းညီအစ်ကို မောင်နှမတွေအတွက် တတ်နိုင်သလောက် လာလှူဒါန်းတာပါ"ဟု ဦးဝင်းမောင်မောင်က ပြောသည်။

ပရဟိတ အဖွဲ့ငါးဖွဲ့အနေဖြင့် မုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း မြို့နယ် များမှ ဒေသခံပြည်သူများအတွက်လည်း ပြည်နယ်အစိုးရမှတစ်ဆင့် ဆန်အိတ် ၅၀ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်စိန်(ပြန်/ဆက်)**

# ကားလမ်းပေါ်တွင် စည်းကမ်းမဲ့နွားကျောင်းနေမှုကို ကြပ်မတ်ထိန်းသိမ်းပေးရန်လို

**အင်းတော် ဇွန် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့မအခြေခံပညာမူလတန်းကျောင်းရှေ့ကားလမ်းမပေါ်တွင် စည်းကမ်းမဲ့ နွားများလွှတ်ကျောင်းနေမှုများကြောင့် ကျောင်းသားကျောင်းသူလေးများအပါအဝင် လမ်းအသုံးပြုသူပြည်သူများ ယာဉ်မတော်တဆမှုကြောင့် အန္တရာယ်ကြုံတွေ့နိုင်သဖြင့် စည်းကမ်းမဲ့နွားကျောင်းသူများအား တာဝန်ရှိသူများက ကြပ်မတ်ထိန်းသိမ်းပေးရန်လိုအပ်ကြောင်း ဒေသခံအချို့က ပြောသည်။



အဆိုပါ အမကကျောင်းသည် မန္တလေး-ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်တွင်တည်ရှိ၍ အင်းတော်မြို့သို့ ဝင်ထွက်ပြေးဆွဲနေသော ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် မြို့နေပြည်သူများ၏ ယာဉ်အမျိုးမျိုး ဖြတ်သန်းသွားလာမှုများသလို ကျောင်းသားကျောင်းသူများလည်း သွားလာနေကြသဖြင့် ကျောင်းရှေ့ကားလမ်းပေါ်တွင် နေ့စဉ် စည်းကမ်းမဲ့ နွားများလွှတ်ကျောင်းနေမှုကို တာဝန်ရှိသူများက ကြပ်မတ်ပေးရန်နှင့် ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် တာဝန်ရှိသူများက ကျောင်းရှေ့၌ ကျောင်းဖွင့်သည့်နေ့ရက်တိုင်း ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်များတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လာရောက်ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်းလည်း ကျောင်းသားမိဘအချို့ကဆိုသည်။

**ကိုမင်း(အင်းတော်)**

## စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး

**ပေါက် ဇွန် ၁၆**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့် က ဒေသခံတောင်သူများနှင့် ဇွန် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးက နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော စီးပွားရေးမူဝါဒကို တောင်သူများအား ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တောင်သူများကိုယ်တိုင်နှင့် တောင်သူလယ်သမားဆိုင်ရာ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်နှင့် ကုန်သည်များ ညီညွတ်မျှတစွာ ဆောင်ရွက်ကာ ဌာန ဆိုင်ရာများကလည်း အားလုံးပါဝင်နိုင်ရေး စီမံပေါင်းစပ်ပေးရန်လိုကြောင်း ပြောကြားသည်။ တောင်သူများအနေဖြင့် ခေတ်နှင့်အညီ စိုက်ပျိုးနည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာကြရန်နှင့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများသုံးစွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန်လည်း ဝန်ကြီးက မှာကြားသည်။ ထို့နောက် တက်ရောက်ဆွေးနွေးကြသည့် ဒေသခံတောင်သူ ၃၀၀ ကျော်အား တစ်ဦးလျှင် ပိုးသတ်ဆေးနှစ်ဘူးစီကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

# တယ်လီနော၏ 4G/LTE ဝန်ဆောင်မှုကို ရန်ကုန်မြို့တွင် စတင်အသုံးပြုနိုင်

**ရန်ကုန် ဇွန် ၁၆**
1800 MHz လိုင်းနှုန်းစဉ်ကို အသုံးပြုပြီး တယ်လီနောမြန်မာ၏ 4G ကွန်ရက်ကို အောင်မြင်စွာ စမ်းသပ်ပြီးသည့်နောက် ကုမ္ပဏီ၏ 4G/LTE ဝန်ဆောင်မှုများကို ရန်ကုန်မြို့တွင် ဇွန် ၁၅ ရက်မှစ၍ တယ်လီနောမြန်မာက မိတ်ဆက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်တွင် တယ်လီနော၏ 4G/LTE ဝန်ဆောင်မှုများကို စမ်းသပ်ခဲ့ပြီး ယင်းမြို့နယ်များမှာ ဗဟန်း၊ ဗိုလ်တထောင်၊ ဒဂုံ၊ ဒဂုံမြို့သစ် (အရှေ့)၊ ဒဂုံမြို့သစ် (မြောက်)၊ ဒေါပုံ၊ လှိုင်၊ လှိုင်သာယာ၊ အင်းစိန်၊ ကမာရွတ်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ရွှေပြည်သာ၊ တောင်ဥက္ကလာပ၊ တာမွေ၊ သာကေတ၊ သန်လျင်၊ သယ်္ဃန်းကျွန်းနှင့် ရန်ကင်းတို့ဖြစ်ကာ ယခုအခါ အဆိုပါမြို့နယ်များတွင် တယ်လီနော၏ 4G အင်တာနက်ကွန်ရက်ကို အသုံးပြုနိုင်ပြီဖြစ်သည်။

"1800 Mhz ကို သုံးပြီး ရန်ကုန်မြို့မှာ 4G ကို ဒီနေ့ စတင်မိတ်ဆက်ခဲ့မှုနဲ့အတူ 4G/LTE ဝန်ဆောင်မှုတွေကို မြန်မာနိုင်ငံမှာ စတင်မိတ်ဆက်နိုင်တာဟာ တယ်လီနောအတွက်သာမက နိုင်ငံရဲ့ တယ်လီကွန်းကဏ္ဍအတွက် အဓိကမှတ်ကျောက်တစ်ခုလို့ ဆိုချင်ပါတယ်။ အာရှတစ်ဝန်းကမြို့ကြီးတွေမှာ ရရှိနေတဲ့ ကွန်ရက်လွှမ်းခြုံမှုနဲ့ ဝန်ဆောင်မှုအရည်အသွေးတွေကို မြန်မာနိုင်ငံက မြို့ကြီးတွေနဲ့ မြို့နယ်တွေမှာလည်း ရရှိနေပါပြီ။ 4G/LTE ဝန်ဆောင်မှုတွေကို လျင်လျင်မြန်မြန် ပေးအပ်နိုင်ခြင်းက ပညာရေး၊ စီးပွားရေး၊ ဆက်သွယ်ရေးနဲ့ ဖျော်ဖြေရေးကဏ္ဍတွေမှာ မာလ်တီမီဒီယာအခြေပြု ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွေကို ပြောင်းလဲပေးအပ်နိုင်ဖို့ အရှိန်ရစေမှာဖြစ်ပါတယ်"ဟု တယ်လီနော၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

တယ်လီနောသည် လက်ရှိတွင် တာဝါတိုင်ပေါင်း 7500 ကျော်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးနှင့် နေပြည်တော်ရှိ သုံးစွဲသူပေါင်း ၁၉ သန်းခန့်ကို ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိကာ သုံးစွဲသူ စုစုပေါင်း၏ ၆၄ ရာခိုင်နှုန်းမှာ အင်တာနက်သုံးစွဲသူများ ဖြစ်သည်။

"2100MHz နဲ့ 900MHz လိုင်းနှုန်းစဉ်တွေကို အသုံးပြုပြီး 4G ဝန်ဆောင်မှုတွေကို မြို့၂၅ မြို့မှာ ပြီးခဲ့တဲ့ ၁၀ လတာကာလအတွင်း မိတ်ဆက်ပေးထားပြီးလည်း ဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့ သာလွန်ကောင်းမွန်တဲ့နှုန်းနဲ့ ဒေါင်းလုတ်ကူးယူမှု၊ hi-definition ဗီဒီယိုတွေကို အပြတ်အတောက်မရှိ ချောချောမွေ့မွေ့ကြည့်ရှုနိုင်မှု၊ လူသုံးများတဲ့အချိန်တွေမှာလည်း တည်ငြိမ်တဲ့ကွန်ရက်ဝန်ဆောင်မှုကို အသုံးပြုနိုင်မှုစတာတွေပါဝင်တဲ့ ပြီးပြည့်စုံတဲ့ အင်တာနက်အသုံးပြုမှု အတွေ့အကြုံကိုရရှိစေဖို့ တယ်လီနောအနေနဲ့ အခု 1800MHz လိုင်းနှုန်းစဉ်ကို အသုံးပြုပြီး ဝန်ဆောင်မှုတွေ ပေးအပ်သွားမှာပါ။ လာမယ့်လတွေအတွင်းမှာ တယ်လီနောအနေနဲ့ 1800MHz ကနေ 4G/LTE ကို ပိုမိုများပြားတဲ့ မြို့ကြီးတွေနဲ့ မြို့ပြတွေမှာ တိုးချဲ့ပေးအပ်သွားမှာ ဖြစ်ပါတယ်"ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့တွင် 4G/LTE ဝန်ဆောင်မှုများကို စတင်သည့် အထိမ်းအမှတ်အဖြစ် တယ်လီနောသုံးစွဲသူများအနေဖြင့် 4G ကွန်ရက်ကို အသုံးပြုကာ မြန်မာနိုင်ငံ၏ ပထမဆုံး အွန်လိုင်းရုပ်မြင်သံကြားဝန်ဆောင်မှုဖြစ်သော Pyone Play တွင် ဗီဒီယိုများကို ခုနစ်ရက်အထိ အခမဲ့ ကြည့်ရှုခွင့်ရနိုင်မည်ဖြစ်သည်။ တယ်လီနော 4G/LTE ကို သုံးစွဲလိုသူများသည် နံပါတ် 444 သို့ 4G ဟု စာတိုပေးပို့ စာရင်းသွင်းကာ ဝန်ဆောင်မှုကို အခမဲ့ ရယူနိုင်ကြောင်း၊ စာရင်းပေးသွင်းမှုအောင်မြင်ပါက တစ်ရက်လျှင် အခမဲ့ဒေတာ ၃၀၀ မဂ္ဂါဘိုက်ကို ခုနစ်ရက်တိတိ ဆက်တိုက်ရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုအခမဲ့ဒေတာ ရယူနိုင်မည့်အစီအစဉ်မှာ ဇွန် ၁၆ ရက်မှစ၍ ရက် ၃၀ အတွင်းသာဖြစ်ပြီး သုံးစွဲသူများအနေဖြင့် တစ်ကြိမ်သာ ရယူခံစားခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**



## MCPA ၏ Career Fair တွင် ပူးပေါင်းပါဝင်ရန် ကုမ္ပဏီများဖိတ်ခေါ်

**ရန်ကုန် ဇွန် ၁၆**
ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ပူးပေါင်းပြီး ICT လူ့စွမ်းအားအရင်းအမြစ်များကို ICT Industry ရှိ ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးရန် ရည်ရွယ်၍ MCPA Day ကို ဩဂုတ် ၂ ရက်တွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ MCPA Day အခမ်းအနားတွင် ICT အလုပ်အကိုင်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်သလို ICT နည်းပညာကိုအသုံးပြုနေသော ကုမ္ပဏီများက မိမိတို့၏လုပ်ငန်းများကို ကျောင်းသား ကျောင်းသူများ သိရှိအောင် ဆောင်ရွက်နိုင်စေရန်နှင့် ကုမ္ပဏီအတွက်လိုအပ်သော ICT လူ့စွမ်းအားအရင်းအမြစ်များကို ခေါ်ယူခန့်ထားနိုင်စေရန် ရည်ရွယ်၍ Career Fair ကိုလည်း ကျင်းပရန် စီစဉ်ထားမည်ဖြစ်ကာ ပါဝင်ပြသရန် စိတ်ဝင်စားသော ကုမ္ပဏီနှင့် အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။ စိတ်ဝင်စားသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို မှတ်ပုံတင်ကြေး ကျပ်တစ်သိန်းနှင့်အတူ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ သို့ ဇူလိုင် ၁၄ ရက် နောက်ဆုံးထားပြီး ပေးသွင်းလျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## အက်ပလီကေးရှင်းပေါင်းတစ်သိန်းကျော် ပါဝင်သည့် App Zone ကို အူရီဒူး စတင်မိတ်ဆက်

**ရန်ကုန် ဇွန် ၁၆**
မြန်မာနိုင်ငံမှ ဒေါင်းလုတ်ဆွဲရန် ခက်ခဲသော အန်းဒရွိုက်နှင့် အိုင်ဖုန်း အပလီကေးရှင်းပေါင်းများစွာကို ဒေါင်းလုပ်ရယူနိုင်မည့် App Zone မိုဘိုင်း အပလီကေးရှင်းကို အူရီဒူးမြန်မာက နောက်ထပ် ထပ်ဆောင်း ဝန်ဆောင်မှုအသစ်တစ်ခုအနေဖြင့် ဇွန် ၁၅ ရက်မှစ၍ ထပ်မံမိတ်ဆက် ဝန်ဆောင်မှုပေးထားပြီဖြစ်ကြောင်း သိရသည်။

App Zone အပလီကေးရှင်းကို အသုံးပြုသူများအနေဖြင့် မှတ်ပုံတင်ခြင်း၊ အချက်အလက်ဖြည့်သွင်းခြင်းများ ပြုလုပ်ရန်မလိုဘဲ မိမိဖုန်းတွင် App Zone အပလီကေးရှင်းကို install လုပ်ပြီးသည်နှင့် အက်ပလီကေးရှင်းများကို စတင်ဒေါင်းလုပ်ဆွဲ၍ ရယူနိုင်မည်ဖြစ်သည်။ App Zone အက်ပလီကေးရှင်းတွင် အန်းဒရွိုက်နှင့် iOS အပလီကေးရှင်းပေါင်း တစ်သိန်းကျော် ပါဝင်သည့်အတွက် အားသာချက်အနေဖြင့် Playstore သုံးစွဲ၍မရသော အန်းဒရွိုက်ဖုန်းများနှင့် Apple Store ကို မသုံးတတ်သော iOS သုံးသူများအနေဖြင့် App Zone အပလီကေးရှင်း မှတစ်ဆင့် မိမိနှစ်သက်သည့် အက်ပလီကေးရှင်းများကို လွယ်ကူစွာ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အချို့မိုဘိုင်းအပလီကေးရှင်းများမှာ နိုင်ငံအလိုက် ကန့်သတ်ချက်ဖြင့်သာ ဒေါင်းလုတ်ဆွဲခွင့်ရှိရာ App Zone အက်ပလီကေးရှင်းမှာ နေရာဒေသ ကန့်သတ်ချက်မရှိသည့်အတွက် နိုင်ငံနေရာကြောင့် ဒေါင်းလုပ်ဆွဲ၍မရခဲ့သည့် အချို့သော အက်ပလီကေးရှင်းများကိုလည်း ယခုအခါ App Zone ကို အသုံးပြုပြီး ဒေါင်းလုတ်ဆွဲ၍ ရယူနိုင်တော့မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Ms. Charity Safford က "အခု အူရီဒူးကမိတ်ဆက်လိုက်တဲ့ App Zone ဟာ မြန်မာနိုင်ငံမှာ ပထမဆုံးအနေနဲ့ အက်ပလီကေးရှင်းပေါင်းများစွာကို ဒေါင်းလုတ်ရယူနိုင်တဲ့ ဝန်ဆောင်မှုဖြစ်တာကြောင့် ကျွန်မတို့ အူရီဒူးမြန်မာရဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်လာစေခဲ့ပါတယ်။ ယခင်က ဒေါင်းလုပ်ပြုလုပ်ခွင့်မရခဲ့တဲ့ အက်ပလီကေးရှင်းတွေကို အခု App Zone က တစ်ဆင့် ရယူနိုင်ပြီဖြစ်ပါတယ်။ အခုမိတ်ဆက်ပေးလိုက်တဲ့ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် အူရီဒူးမြန်မာရဲ့ ဝန်ဆောင်မှုကို အသုံးပြုသူတွေဟာ ယခင်က အသုံးပြုခွင့်မရတာတွေကို သုံးခွင့်ရတော့မှာဖြစ်တဲ့အတွက် နှစ်သက်ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

App Zone မိုဘိုင်းအပလီကေးရှင်းကို အူရီဒူးဆင်းကတ် အသုံးပြုနေသူများအနေဖြင့် သုံးစွဲနိုင်ကြမည်ဖြစ်ပြီး အပလီကေးရှင်းကို ရယူလိုပါက နံပါတ် *7799# သို့ ဖုန်းခေါ်ဆို၍ ရယူနိုင်မည်ဖြစ်သည်။ အူရီဒူးမြန်မာအနေဖြင့် App Zone အပလီကေးရှင်းနှင့်ပတ်သက်၍ ဝန်ဆောင်မှုများကို ဆက်လက်တိုးချဲ့ပြီး ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

## MyJobs ဝက်ဘ်ဆိုက်၏ အလုပ်အကိုင်ပြပွဲတွင် အလုပ်နေရာ ၅၀၀ ကျော် လျှောက်ထားနိုင်

**ရန်ကုန် ဇွန် ၁၆**
MyJobs.com.mm ဝက်ဘ်ဆိုက်မှ ကြီးမှူး၍ ၂၀၁၇ ခုနှစ် အလုပ်အကိုင်ပြပွဲကြီးကို ဇွန် ၁၈ ရက်တွင် ရန်ကုန်မြို့အထက်ပန်းဆိုးတန်းလမ်းမကြီးရှိ Rose Garden Hotel ၌ ကျင်းပသွားမည်ဖြစ်ပြီး အလုပ်နေရာပေါင်း ၅၀၀ ကျော်အတွက် ဝန်ထမ်းများ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

MyJobs.com.mm မှ CEO Hans van Beek က "ကုမ္ပဏီစုစုပေါင်း ၃၃ ခု ပါဝင်ပြသ အလုပ်အကိုင်များ ခေါ်ယူသွားမှာဖြစ်ပါတယ်။ တိုက်ရိုက်အင်တာဗျူးအစီအစဉ်များလည်း ပါဝင်တဲ့အတွက် ဒီတစ်ပတ်တနင်္ဂနွေ ပြုလုပ်မယ့်ပွဲကို လာရောက်ပြီး အလုပ်အကိုင်များလျှောက်ထားဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောကြားသည်။ အဆိုပါ အလုပ်အကိုင်ပြပွဲကြီးတွင် အရောင်းနှင့်မားကတ်တင်း၊ ငွေစာရင်း၊ HR၊ အင်ဂျင်နီယာ၊ ခရီးသွားလုပ်ငန်း အစရှိသည့် နယ်ပယ်ပေါင်းစုံမှ အလုပ်အကိုင် အခွင့်အလမ်းများစွာကို ခေါ်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## National ICT Award ပြိုင်ပွဲဆိုင်ရာ သင်တန်းအတွက် စေတနာ့ဝန်ထမ်း ဆရာ ဆရာမငါးဦးကို ဖိတ်ခေါ်ထား

**ရန်ကုန် ဇွန် ၁၆**
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် National ICT Award 2017 ပြိုင်ပွဲအတွက် ဖွင့်လှစ်မည့်သင်တန်းတွင် အထောက်အကူပြုဆရာ(Training of Trainer)အဖြစ် သင်ကြားပေးမည့် စေတနာ့ဝန်ထမ်း ဆရာ ဆရာမ ငါးဦးကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါ သင်တန်းကို လှိုင်မြို့နယ်ရှိ MICT Park အတွင်း၌ ဇူလိုင် ၃ ရက်မှ ၁၄ ရက်အထိ တနင်္လာမှ သောကြာနေ့များတွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ ဆရာ ဆရာမများမှာ ထိုသင်တန်းတွင် သင်ကြားပေးရမည်ဖြစ်သည်။ သင်တန်းချိန်စုစုပေါင်းမှာ နာရီ ၇၀ ဖြစ်၍ တစ်ကြိမ်လျှင် သင်တန်းသား ၆၀ အား သင်ကြားရမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။

ဆရာ ဆရာမများအား သင်တန်းကာလ ၁၀ ရက်အတွက် ငွေကျပ် ၁၀၀၀၀၀ ကို ချီးမြှင့်သွားမည်ဖြစ်ပြီး သင်တန်းအချိန်အတွင်း နေ့လယ်စာတစ်ကြိမ်နှင့် Tea Break တစ်ကြိမ် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ပရောဂျက်ကာလအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါက ဂုဏ်ပြုမှတ်တမ်းလွှာလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကွန်ပျူတာအခြေခံနှင့် မိုဘိုင်းအသုံးပြုမှု၊ အင်တာနက်အသုံးပြုမှု ဘာသာရပ်များကို နည်းပြ/သရုပ်ပြအနေဖြင့် လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ရမည်ဖြစ်ကာ ထိုအတွက် မွမ်းမံသင်တန်းကို ကွန်ပျူတာပညာရှင်အသင်းမှ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဆရာ ဆရာမများအဖြစ် သင်ကြားပေးရန် စိတ်ပါဝင်စားသူများအနေဖြင့် MICT Park အဆောင်(၉)ရှိ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ သို့ အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ပြီး လျှောက်လွှာများကို အီးမေးလ်-yrcpaoffice@gmail.com သို့ ဇွန် ၂၃ ရက် နောက်ဆုံးထား၍ ပေးပို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## အနက်ရောင် OPPO A57 သုံးစွဲသူ ပိုမိုများပြားလာ

စမတ်ဖုန်းရွေးချယ်ဝယ်ယူရာတွင် ယခုနောက်ပိုင်း၌ တည်ငြိမ်ခံ့ညားသည့် အနက်ရောင် အမျိုးအစားကို ပိုမိုရွေးချယ်လာကြောင်း မိုဘိုင်းဈေးကွက်မှသိရသည်။ ယခုအခါ OPPO မှအသစ်မိတ်ဆက်ပေးလိုက်သည့် OPPO A57 ဖုန်းမှာ ယခင်က ပုံမှန်ထုတ်လုပ်ခဲ့သော ရွှေရောင်အပြင် တစ်မူထူးခြားသည့် အနက်ရောင်ပါ ရွေးချယ်ဝယ်ယူစေနိုင်မည်ဖြစ်သည်။ OPPO A57 မှာ မျက်နှာပြင် အရွယ်အစားအားဖြင့် HD ရုပ်ထွက် အရည်အသွေး ထောက်ပံ့ပေးထားသည့် ၅ ဒသမ ၂ လက်မရှိပြီး 2.5D arc edge screen ကွေးညွတ်မျက်နှာပြင်ကို အကြမ်းခံစေရန် Corning Gorilla Glass 4 ဖြင့် ဖုံးအုပ်ကာကွယ်ပေးထားသည်။



OPPO A57 တွင် ယနေ့ခေတ်စမတ်ဖုန်းဝယ်ယူသူများပိုမိုတောင်းဆိုနေကြသည့် Selfie ကင်မရာပိုင်းကို အလေးပေးထားပြီး အထူးကောင်းမွန်သော 16MP ရှေ့ကင်မရာကိုအသုံးပြုထားသည်။ ထို့အပြင် နောက်ကင်မရာမှာလည်း Sony IMX258 sensor အမျိုးအစားကို အသုံးပြုထားသည့် 13MP အရည်အသွေးရှိမည်ဖြစ်သည်။ ဖုန်း၏စွမ်းဆောင်မှုပိုင်းတွင် Octa-core 1.4GHz မြန်နှုန်းဖြင့် အလုပ်လုပ်ပေးမည့် Snapdragon 435 chipset ကို အသုံးပြုထားပြီး တွဲဖက်အလုပ်လုပ်ပေးမည့် RAM ပမာဏမှာ 3GB အထိ ရှိမည်ဖြစ်သည်။ ထို့အပြင် အချက်အလက် သိုလှောင်သိမ်းဆည်းနိုင်စေရန်အတွက်လည်း Internal Storage 32GB ကို ထည့်သွင်းပေးထားပြီး SD ကတ်မှတစ်ဆင့် ထပ်မံတိုးမြှင့်ပါက 256GB အထိ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ 4G ဆင်းကတ်နှစ်ကတ်နှင့်အတူ SD card ကိုပါ တစ်ပြိုင်တည်းထည့်သွင်းသုံးစွဲနိုင်မည်ဖြစ်သည်။

OPPO A57 မှာ Android Version 6.0.1 (Marshmallow) ကို အခြေခံထားပြီး Color OS 3.0 ဖြင့် ပေါင်းစပ်ပေးထားခြင်းကြောင့် ဘက်ထရီအသုံးပြုမှုအပိုင်းကိုပါ သက်သာစေမည်ဖြစ်သည်။ လက်ရှိတွင် OPPO A57 ဖုန်းကို မြန်မာတစ်နိုင်ငံလုံးတွင် ရောင်းချလျက်ရှိပြီး ဈေးနှုန်း အနေဖြင့်လည်း လူတန်းစားမရွေးသုံးစွဲနိုင်သောဈေးနှုန်း သတ်မှတ်ထားကြောင်း ဖုန်းဈေးကွက်မှ သိရသည်။

**မင်းခေတ်**



# ဒီမိုကရေစီရက်သတ္တပတ် ရုပ်ရှင်ပွဲတော်တွင်ပြသမည့် ‘နေခြည်မှာရွှေရည်လောင်း’ ဇာတ်လမ်းတွင် ရွာသူအဖြစ် မြင်တွေ့ရမည့် အေးမြတ်သူ

ခင်ရတနာ

စာရေးဆရာကြီး လယ်တွင်းသားစောချစ်ရဲ့ ‘ပန်းမြိုင်လယ်က ဥယျာဉ်မှူး’ ဝတ္ထုကို ‘နေခြည်မှာရွှေရည်လောင်း’ အမည်နှင့် ဇာတ်လမ်းအဖြစ် ပြန်လည်ပုံဖော် ရိုက်ကူးနေကြောင်း သိရသည်။ အဆိုပါ ဇာတ်လမ်းတွင် ကျော်ထက်အောင်၊ ကျော်ကျော် (Studio35)၊ နန်းမြတ်ဖြိုးသင်းနှင့် အေးမြတ်သူတို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ အဆိုပါဇာတ်လမ်းကို မင်္ဂလာရုပ်ရှင်ထုတ်လုပ်ရေးမှာ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာ အကယ်ဒမီ ဦးဇော်မြင့်ဦးမှ ဖန်တီးရိုက်ကူးထားပြီး ယခုလ ၁ ရက်နေ့မှစတင်ကာ ရိုက်ကူးကြောင်း သိရသည် ။

**မေး ။ ပညာပေးဇာတ်ကားလေးထဲ အေးမြတ်သူရဲ့ ကာရိုက်တာကို ပြောပြပါဦး။**

ဖြေ ။ ဇာတ်လမ်းအဖြစ် ရိုက်ကူးခဲ့တဲ့ ‘နေခြည်မှာရွှေရည်လောင်း’ မှာ ညီမက တောင်သူမိန်းမတစ်ဦးအဖြစ်နဲ့ ပါဝင်သရုပ်ဆောင်ထားတာပါ၊ ကလေးတစ်ယောက်အမေပေါ့နော်၊ ပုပ္ပားနားက လယ်ယားရွာမှာ ရိုက်တာပါ။ ညီမက ပညာမတတ်တဲ့ ခပ်ကြမ်းကြမ်း မိန်းမလိုမျိုးသရုပ်ဆောင်ထားတာပါ။ ကလေး တစ်ယောက်အမေ ‘ဘိုမ’ ဆိုတဲ့အမည်နဲ့ ကာရိုက်တာကနေ သရုပ်ဆောင်ထားတာပါ။ ဒီဇာတ်လမ်းကို ဒါရိုက်တာက ညီမနဲ့ လိုက်ဖက်တယ်ဆိုပြီး ရွေးချယ်လိုက်တာပါ။ ပညာတတ်တွေ၊ ကျောင်းဆရာတွေဆို သူကြည့်လို့မရတဲ့သူ၊ သူမွေးထားတဲ့သားက ပညာကို လိုလားတဲ့သူ တစ်ယောက်ပေါ့။ ကျော်ထက်အောင်က ဒီဇာတ်ကားမှာ ကျောင်းဆရာလေးအဖြစ် သရုပ်ဆောင်ထားတာပါ၊ ညီမအခန်းက သိပ်တော့မရှိပါဘူး။ ၁၃ ရက်၊ ၁၄ရက်နေ့လောက်ကပဲ ညီမအခန်းတွေအပြီး ရိုက်လိုက်တယ်။ ၁၅ ရက်နေ့အထိတော့ ဆက်ရိုက်နေတယ်လို့ ကြားတယ်။

**မေး ။ အေးမြတ်သူက နောက်ပိုင်းမြန်မာ ဆန်ဆန်ဝတ်စားတာလေးတွေ တွေ့ရတာများလာတယ်နော်။**

ဖြေ ။ နဂိုကတည်းက မြန်မာဝတ်စုံပဲ ညီမက ဝတ်တာပါ။ အိမ်မှာနေရင် အဲ့လိုလေးပဲဝတ်တာများတယ်။ ချည်သားလေးတွေဆို တော့ အေးတယ် အဲ့ဒါကြောင့် ဝတ်ဖြစ်တာပါ။ ဇာတ်ကားရိုက်မှာကျတော့ ဇာတ်နဲ့ အံဝင်ခွင်ကျမှုရှိအောင်ဝတ်ရတာပါ။ ညီမက အဝတ်အထည်တွေဆို ပေါ့ပေါ့ပါးပါးဝတ်ရတာ ပိုကြိုက်တယ်။ စိတ်ရှုပ်စေမယ့်အထည်တွေဆို မကြိုက်တာများတယ်။

**မေး ။ အေးမြတ်သူကိုသိကြတာ ပရိသတ်က ဒရမ်မာကားတွေနဲ့ ပိုသိကြတာဆိုတော့ ဟာသကားတွေရိုက်တဲ့အခါ ညီမအတွက် အဆင်မပြေမှုတွေရှိနိုင်လား။**

ဖြေ ။ ညီမကိုယ်တိုင်က သဘာဝဇာတ်ရုပ်တွေကို ပိုနှစ်သက်တယ်၊ အခြေခံလူတန်းစားတွေရဲ့ ဘဝတွေ သူတို့ဖြတ်သန်းနေရတဲ့ အခက်အခဲတွေကို သရုပ်ဆောင်ရတာပိုကြိုက်ပါတယ်။ လက်ရှိမှာက ဈေးကွက်အရ ဟာသကားလေးတွေ လာလာငှားကြတဲ့အခါကျတော့ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းရော ပရိသတ်နဲ့ပါ အဆက်အသွယ်မပြတ်ချင်တာကြောင့် ရိုက်ဖြစ်တာပါ။ ဟာသကားတွေကတော့ ညီမအနေနဲ့ရိုက်ရတာ နည်းပါတယ်။ ရိုက်ရင်လည်း ကိုယ့်ထက်ဝါရင့် သရုပ်ဆောင်ကြီးတွေနဲ့ အတူတူ လုပ်ရတော့ အခက်အခဲတော့ မရှိသလောက်ပါပဲ။ သူတို့ရဲ့သင်ကြားပေးမှုတွေနဲ့ အဆင်ပြေအောင် လုပ်နိုင်ခဲ့ပါတယ်။

**မေး ။ ကိုယ့်နိုင်ငံအတွက် အကျိုးပြုမယ့် ဇာတ်ကားလေးတွေ၊ ဇာတ်လမ်းတွဲတွေ နောက်ပိုင်း ရိုက်ကူးမှုနည်းပါးလာတဲ့အပေါ် အနုပညာသမားတစ်ယောက်အနေနဲ့ ဘာပြောချင်ပါသလဲ။**

ဖြေ ။ အမှန်အတိုင်းပြောရရင် ညီမတို့နိုင်ငံက သဘာဝသယံဇာတ အထွန်းကားဆုံးနဲ့ အလှပဆုံး နိုင်ငံတစ်ခုလို့ ပြောလို့ရပါတယ်။ အဲ့ဒါကြောင့် နောက်ပိုင်း ညီမကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေထုတ်လွှင့်ပြသနေတဲ့ ပြည်တွင်းမှာရှိတဲ့ လှပတဲ့နေရာတွေကို ကိုယ်တိုင် သွားရောက်ရိုက်ကူးထားတဲ့ Expedition Myanmar TV Program အမည်နဲ့ အပတ်စဉ် သောကြာနေ့ ည ၇နာရီခွဲနဲ့ စနေနေ့ မွန်းလွဲ ၂နာရီတွေမှာပုံမှန်ထုတ်လွှင့်ပြသနေပါတယ်။ SLK VISUAL က ရိုက်ကူးတာပါ။ ညီမအနေနဲ့ ပြောချင်တာကတော့ ကိုယ့်နိုင်ငံကို ပြည်ပဧည့်သည်တွေ ပိုမိုစိတ်ဝင်စားမှုရှိလာအောင် ခရီးသွားကုမ္ပဏီတွေက ဒီထက်ပိုလုပ်ဆောင်ရမယ်။ ပြီးတော့ နိုင်ငံရဲ့သဘာဝ အလှတရားတွေကို ပိုမိုပြီးလှပလာအောင် ထိန်းသိမ်းရမယ်ဆိုတာပါပဲ။ နောက်ထပ်လည်း ညီမကတော့ ဒီလိုဟာလေးတွေ ရိုက်ဦးမှာပါ။ နောက်ပိုင်းအကျိုးပြုဇာတ်ကားတွေ ရိုက်ကူးမှုနည်းတယ်ဆိုတာကတော့ ညီမသိသလောက်ပြောရရင် ဈေးကွက်ကြောင့်လို့ ပြောလို့ရပါတယ်။ ခေတ်ကာလရုပ်ရှင်ဈေးကွက်ကလည်း မလွယ်သလို နိုင်ငံအကျိုးပြုဇာတ်ကားတွေဆိုတာ နိုင်ငံတော်ကရိုက်မှ အဆင်ပြေမှာပါ။ ညီမတို့ အနုပညာသမားတွေကတော့ ကိုယ့်နိုင်ငံအတွက် အကျိုးပြုမယ့်ဟာပဲ ရိုက်ချင်မှာပါ။

**ပြောချင်တာကတော့ ကိုယ့်နိုင်ငံကို ပြည်ပဧည့်သည်တွေ ပိုမိုစိတ်ဝင်စားမှုရှိလာအောင် ခရီးသွားကုမ္ပဏီတွေက ဒီထက်ပိုလုပ်ဆောင်ရမယ်။ ပြီးတော့ နိုင်ငံရဲ့သဘာဝအလှတရားတွေကို ပိုမိုပြီးလှပလာအောင် ထိန်းသိမ်းရမယ်ဆိုတာပါပဲ**

# အလှမယ်မှသည် သရုပ်ဆောင်ဖြစ်လာသည့် မေဘရဏီသော်



ဝေလင်း

Miss Universe Myanmar ၂၀၁၅ ခုနှစ် အလှမယ် မေဘရဏီသော်က အလှမယ်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်တော့မည်မဟုတ်ဘဲ သရုပ်ဆောင်လုပ်ငန်းများကို ဇောက်ချလုပ်ကိုင်ရန်သာ အာသီသ ရှိနေကြောင်း ပြောပြသည်။

ရုပ်သံလိုင်းတစ်ခုဖြစ်သည့် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ဒါရိုက်တာ မင်းခိုက်စိုးစံ ဖန်တီးထားသော ဇာတ်လမ်းတွဲ ‘ပန်းတစ်ပွင့်စီးချင်း’ တွင် ဇွဲပြည့်၊ ပိုင်ဖြိုးသုတို့နှင့်အတူ တွဲဖက်ရိုက်ကူးလျက်ရှိသည်။

“ဒီဇာတ်လမ်းတွဲလေးက ညီမရဲ့ပထမဆုံး သရုပ်ဆောင်ရတဲ့ ဇာတ်လမ်းတွဲပါ၊ ရှေ့နေမလေး တစ်ယောက်အဖြစ်နဲ့ သရုပ်ဆောင်ထားတာပါ ၊ တရားလိုနဲ့ တရားပြိုင်ရှေ့နေတို့ အားပြိုင်တဲ့ဇာတ်လေးပါ၊ အဓိကကတော့ ဒီဇာတ်လမ်းလေးက ညီမအတွက် အများကြီး သင်ယူခွင့်ပေးတဲ့ ဇာတ်လမ်းလေးလည်း ဖြစ်ပါတယ်။ ဇာတ်အတွက်လေ့လာမှုအနေနဲ့ ရှေ့နေတွေဆီသွားပြီး လေ့လာတယ်။ စကားပြောတဲ့ ပုံစံကအစ သေချာလေ့လာတယ်။ နောက်တရားခွင်ကို ကိုယ်တိုင်သွားပြီးလေ့လာခဲ့ပါတယ်။ ဇာတ်လမ်းရိုက်တော့လည်း ဘေးမှာ ရှေ့နေတစ်ယောက်ထားထားတယ်၊ ဘယ်နေရာတွေလိုအပ်တယ်၊ စကားကို ဘယ်လိုပြောရမယ်ကအစ အနီးကပ်သင်ကြားမှုနဲ့ ရိုက်ကူးခဲ့တာဖြစ်ပါတယ်” ဟု မေဘရဏီသော်က ပြောသည်။

ဇာတ်လမ်းမှာ ကျောင်းအတူတူတက်ကြသည့် သူငယ်ချင်းနှစ်ယောက် ရှေ့နေအဖြစ် အသက် မွေးဝမ်းကျောင်း ပြုလာသည်အထိ ယှဉ်ပြိုင်စိတ်များ ကြီးစိုးဆဲ၊ ပြိုင်ဆိုင်နေကြဆဲကို ပုံဖော်ထားခြင်းဖြစ်သည်။ အမှုတစ်ခုအား သူငယ်ချင်းနှစ်ဦးမှ အပြိုင်အဆိုင်လိုက်ကြရင်းတစ်ဦးက တရားလိုရှေ့နေအဖြစ်၊ တစ်ဦးက တရားပြိုင်ရှေ့နေအဖြစ် အမှုရင်ဆိုင်ရသည့် ပညာပေး ဇာတ်လမ်းတွဲလေးတစ်ခုဖြစ်သည်။

အဆိုပါ ဇာတ်လမ်းကို ယခုနှစ် အောက်တိုဘာလတွင် အပြီးသတ် ရိုက်ကူးသွားမည်ဖြစ်ပြီး မေဘရဏီသော်မှာ အလှမယ်တစ်ဦးအဖြစ် ရပ်တည်ရာမှသည် သရုပ်ဆောင်တစ်ဦးအဖြစ် ဖြတ်သန်းသည့်အခါ အလွန်ခက်ခဲပြီး ဒါရိုက်တာချပေးသည့် ဒိုင်ယာလော့ခ်များကို ရွတ်ဆိုရာတွင် ခက်ခဲနေသေးကြောင်း၊ ထို့ပြင် ဇာတ်ကောင်စရိုက်ပေါ်လွင်အောင် ကြိုးစားသရုပ်ဆောင်ရသည်မှာ ပင်ပန်းသော်လည်း ပျော်စရာကောင်းကြောင်း မေဘရဏီသော်က ပြောသည်။

ဇာတ်လမ်းတွဲ ရိုက်ကူးနေစဉ်အတွင်း ရုပ်ရှင်ဇာတ်ကားကြီးအတွက် ကမ်းလှမ်းခံခဲ့ရကြောင်း၊ ယင်း ဇာတ်ကားကြီးတွင် ဝေဠုကျော်၊ ဇင်ကြီး၊ အေးမြတ်သူတို့နှင့် တွဲဖက်သရုပ်ဆောင်ရမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဒါရိုက်တာများ ရိုက်ကူးကြမည်ဖြစ်ကြောင်း သိရသည်။

အလှမယ်အဖြစ်မှ သရုပ်ဆောင်တစ်ဦးအဖြစ် လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ “အလှမယ်ပွဲတွေကတော့ မပြိုင်ဖြစ်တော့ဘူး။ ဘာလို့လဲဆိုတော့ ညီမအသက်က ကျော်သွားပြီမို့ပါ။ ဒါပေမယ့် ညီမကို ပြိုင်ပွဲတွေမှာ မတွေ့ရပေမယ့် နောက်ထပ်ပြိုင်ပွဲဝင် သူငယ်ချင်းတွေနဲ့ ညီမတွေအတွက် ကိုယ့်ရဲ့ အတွေ့အကြုံတွေကို ဝေမျှမှာပါ။ အခုလည်း ညီမ Miss ပွဲတွေမှာ လက်တွေ့သင်ကြားမှုတွေကို ပို့ချပေးတယ်။ နိုင်ငံတကာကို သွားရောက်တဲ့အခါ ဘာတွေလိုအပ်တယ်ဆိုတာကအစ အကြံပေးတယ်။ ပွဲစီစဉ်ဖြစ်သူအနေနဲ့တော့ ညီမ လက်မခံဖြစ်သေးပါဘူး။ လုပ်ဖို့တော့ ကမ်းလှမ်းတာတွေ ရှိပါတယ်”ဟု ၎င်း၏ လတ်တလောအနုပညာလှုပ်ရှားမှုများကို ပြောကြားသည်။



# ကိုယ်တိုင်ရေးသီချင်းနှစ်ပုဒ်အား ပရိသတ်အတွက် အွန်လိုင်းမှ ဖြန့်ဝေမည့် နီနီခင်ဇော်

ကိုလင်း

မြန်မာမီဒီယာဆဲဗင်းမှ ရိုက်ကူးတင်ဆက်ထားသည့် Safety First ဟူသည့် Short Flim တစ်ခုတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် တေးသံရှင် နီနီခင်ဇော်က လာမည့်ဇူလိုင်လကုန်တွင် နောက်ဆုံး ဖန်တီးထားသည့် သီချင်းအသစ်နှစ်ပုဒ်ကို ပရိသတ်ကြီးအတွက် အွန်လိုင်းမှ တစ်ဆင့် ဖြန့်ဝေပေးသွားရန် ရည်ရွယ်ထားသည်။

အဆိုပါသီချင်းနှစ်ပုဒ်စလုံးသည် မိုးရာသီနှင့် သက်ဆိုင်သည့် သီချင်းများဖြစ်ပြီး ကိုယ်တိုင် သီချင်း ရေးသားထားသည့်အတွက် မိမိခံစားချက်အသစ်များကို ပရိသတ်ကို ချပြလိုခြင်း ဖြစ်ကြောင်း နီနီခင်ဇော်က ပြောသည်။

“အဓိကကတော့ နီနီရဲ့ကြိုးစားမှု နောက်တစ်လှမ်းဆိုတာ အားလုံးကို သိစေချင်တာပါ။ ကိုယ်တိုင် တစ်ခါမှ မရေးဖူးတဲ့ သီချင်းရေးသားတဲ့ အလုပ်ကို နီနီကြိုးစားပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ အခုသီချင်းတွေက နီနီပထမဆုံးရေးသားထားတဲ့ သီချင်းလေးဖြစ်ပြီး ဖန်တီးရတာ မရေးသားဖူးတဲ့သူ တစ်ယောက်အတွက် အခက်အခဲအနည်းငယ်တော့ရှိတယ်”ဟု ၎င်းကပြောသည်။

ယခင်က တေးရေးဆရာများ ရေးသားပေးသည့် သီချင်းများကိုသာ သီဆိုခဲ့ခြင်းကြောင့် ကိုယ်ပိုင် ခံစားချက်ကို အသက်သွင်းကာ ရေးသားသီကုံးထားသည့် သီချင်းလေးများက နီနီခင်ဇော်အတွက် အနုပညာခွန်အားများပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တေးသီချင်းများအတွက် လိုအပ်ချက်များကို တေးရေးဆရာများက ပြင်ဆင်ပေးခဲ့ကြပြီး ဂီတအလုပ်ကိုသာ ဇောက်ချလုပ်ကိုင်လျက်ရှိသည့် နီနီခင်ဇော်မှာ အခြားအနုပညာအလုပ်များက ကမ်းလှမ်းခြင်းရှိသော်လည်း မဖြစ်နိုင်သေးကြောင်း ပြန်လည်ပြောကြားသည်။

# မိုးသို့မှာတမ်း

○ ဂျိုးဂျိုးဂျိမ့်ဂျိမ့်
သိမ့်သိမ့်တုန်တုန်၊ မာန်ဟုန်ပြင်းပြင်း
မိုးနင်းမြည်သံ ဟိန်းပါကော။

○ လျှပ်ရောင်ပြိုးပြက်
လက်လက်လင်းလင်း၊ မိုးမင်းနှုတ်ဆက်
မိုးသက်လေနှောနေပါကော။

○ တိမ်တောင်တိမ်ခဲ
တိမ်မည်းသုတ်သုတ်၊ တိမ်ရုပ်ဖြာဖြာ
မိုးရွာဖို့လျှင်သိုင်းဖွဲ့ဆင်။

○ သည်ခါသည်မိုး
မျှော်ကိုးမိသား၊ နှလုံးသားတွင်
ပြုံးများပီတိလွှမ်းပါစေ။

○ သည်ခါသည်မိုး
မျှားကျိုးမျှော်ရည်၊ ခါတော်မီမို့
ဝေသည်ပြုံးပန်းပွင့်ပါစေ။

○ သည်ခါသည်မိုး
တောင်ရိုးမြစ်ချောင်း၊ လယ်ယာကောင်းနှင့်
ဆည်မြောင်းတမံပန်းပန်စေ။

○ သည်ခါသည်မိုး
ရွာဖြိုးမစွေ၊ ရွာမိုးတွေနှင့်
ဤမြေအေးချမ်းရွာစမ်းလေ။

○ အော်…သင်းပျံ့မွှေးထုံ
ပန်းစုံပွင့်ဖူး၊ လေချိုမြူးပေါ့
သီကျူးလွင့်ပျံ၊ ကျေးငှက်သံတို့
ဝန်းရံပတ်ကုံး၊ ပျော်ရိပ်ဖုံးပေါ့
ချစ်ထုံးဖွဲ့ချီ၊ မြေမဟီတွင်
မြဲတည်မချို့၊ ခိုင်မာဖို့လျှင်
မိုးသို့အမှန်၊ ရွာချိန်တန်က
ရွာရန်ရာနှုန်းပြည့်ပါစေ။ ။

ဖိုလေးလုံးသောင်းကိုကို

# ကျွန်းပေါင်း ၈၀၀ ကျော်ရှိ မြိတ်ကျွန်းစု ကာကွယ်ထိန်းသိမ်းရန်လိုအပ်လာ



**ရန်ကုန် ဇွန် ၁၆**

ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုသည် ငါးဖမ်းလုပ်ငန်းများကြောင့် ဂေဟစနစ်မပျက်စီးစေရေးအတွက် စနစ်တကျ အစီအမံများချမှတ်ကာ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်ကြောင်း မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံပညာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ကျွန်းစုတွေ ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်းပေါင်း ၈၀၀ ကျော်ရှိတဲ့ မြိတ်ကျွန်းစုဟာ သယံဇာတတွေ ပေါကြွယ်ဝတဲ့ ကျွန်းစုဖြစ်ပါတယ်။ ဒီကျွန်းစုမှာ အလွန်လှပတဲ့ ကျွန်းတွေ၊ သန္တာကျောက်တန်းတွေ၊ ငါးမျိုးစုံ သယံဇာတတွေရှိပါတယ်။ အခုအခါမှာ ငါးဖမ်းလုပ်ငန်းတွေ များပြားလာတဲ့အတွက် သန္တာကျောက်တန်းတွေ ပျက်စီးလာပါတယ်။ ငါးမျိုးစုံသယံဇာတတွေလည်း လျော့ကျလာပြီ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်းတွေကို ဥပဒေအရ ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်လာပါတယ်" ဟု ဇွန် ၁၄ ရက်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ကျင်းပသော ကျွန်းစုများ စီမံခန့်ခွဲမှုနှင့် အပြည်ပြည်ဆိုင်ရာရေကြောင်းဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတွင် မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခဌာနမှူး ဒေါက်တာစံသာထွန်းက ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် တရုတ်နိုင်ငံ ရှားမင်တက္ကသိုလ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ အဏ္ဏဝါဗေဒကျွမ်းကျင်ပညာရှင်များလည်း တက်ရောက်ကာ ကျွန်းစုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပညာရှင်များက နှစ်ရက်ကြာ အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယခုအခါ ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုတွင် ငါးလုပ်ငန်းဦးစီးဌာနက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဂေဟစနစ်မပျက်စီးစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ ဒီဆွေးနွေးပွဲကနေ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့က ကျွမ်းကျင်ပညာရှင်တွေအနေနဲ့ အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကုလသမဂ္ဂရေကြောင်းဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအရ ယနေ့ခေတ်မှာ ရင်ဆိုင်နေရတဲ့ ရေပိုင်နက်ပြဿနာတွေ၊ အဏ္ဏဝါအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးတို့နဲ့ စပ်လျဉ်းပြီး ဗဟုသုတအမြင်တွေ ဖလှယ်နိုင်မှာ ဖြစ်ပါတယ်" ဟု မြန်မာရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အလင်းဝင်မိသားစုများအတွက် ဆန်နှင့်လူသုံးကုန်ပစ္စည်းများထောက်ပံ့

**ရေး ဇွန် ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်၌ အလင်းဝင်မိသားစုများအတွက် တစ်လစာဆန်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က အမှာစကား ပြောကြားခဲ့သည်။

ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းရွှေက အလင်းဝင် မိသားစုများအား ထောက်ပံ့ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အလင်းဝင် မိသားစု ၁၂၀ အတွက် တစ်လစာ ဆန်ရိက္ခာ ၃၇ အိတ် ၁၂ပြည်၊ ငွေကျပ် ၁၀၈၀၀၀၀ နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရေးမြို့နယ် လွှတ်လပ်သော မွန်အမျိုးသား ပြန်လည်ထူထောင်ရေး တပ်ဖွဲ့ခေါင်းဆောင် နိုင်လှသောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ အလင်းဝင် မိသားစုမှာ ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်က နိုင်လွေး(ခ)နိုင်လှသောင်း ဦးစီးသော အဖွဲ့ဝင် ၂၀ တို့သည် ရေးအမှတ် ၁၉ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်သို့ လက်နက်မျိုးစုံ ၁၀လက်နှင့်ကျည် ၂၄၃ တောင့်နှင့် ခဲယမ်းမျိုးစုံဖြင့် လက်နက်ချ အလင်းဝင်ခဲ့ရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီး ဌာနမှ ပထမအကြိမ် ငွေကျပ် ၁၀၈၀၀၀၀ ခန့် ထောက်ပံ့ပေးခဲ့ပြီး ယခုအခါ ထပ်မံထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**နေမျိုးထွဋ် (ရေး)**

# ထီးလင်းမြို့နှင့် ဆောမြို့များ၌ ၂၄ နာရီ လျှပ်စစ်မီး အပြည့်အဝရရှိပြီ

**မကွေး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နှင့် ထီးလင်းမြို့တို့တွင် လျှပ်စစ်မီး ၂၄ နာရီအပြည့်အဝ ရရှိနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်ရုံးမှ သိရသည်။

ယခင်က ဂန့်ဂေါခရိုင် ဆောမြို့ပေါ်ရှိ ရပ်ကွက်ကြီး နှစ်ခုမှ မီးသုံးသူ ၄၃၂ ဦးတို့ကို 300KVA ဒီဇယ်မီးစက်ဖြင့် တစ်နေ့လျှင် နှစ်နာရီနှုန်းသုံးစွဲမှု ဝ ဒသမ ၁၄ မဂ္ဂါဝပ်ဖြင့် လည်းကောင်း၊ ထီးလင်းမြို့ပေါ်ရှိ ရပ်ကွက်ကြီး နှစ်ခုမှ မီးသုံးစွဲသူ ၄၇၇ ဦးကို 300 KVA ဒီဇယ်မီးစက်ဖြင့် တစ်နေ့လျှင် နှစ်နာရီနှုန်းသုံးစွဲမှု ဝ ဒသမ ၂၀ မဂ္ဂါဝပ်ဖြင့် လည်းကောင်း ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည်။ ယခုအခါ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောမြို့တွင် 66/11 KV (5MVA) ဓာတ်အား ခွဲရုံတစ်ရုံနှင့် 11/0.4 KV , 200KVA Distribution Transformer လေးလုံး တည်ဆောက်ပြီး ဇွန် ၁ ရက်မှလည်းကောင်း၊ ထီးလင်းမြို့တွင် 66/11 KV (5MVA) ဓာတ်အားခွဲရုံတစ်ရုံနှင့် 11/0.4KV,200KVA Distribution Transformer ငါးလုံး တည်ဆောက်ပြီး ဇွန် ၂ ရက်မှစ၍ ဓာတ်အားစနစ်ဗို့အား ပြည့်ဝစွာဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးနေပြီဖြစ်၍ ဆောမြို့နှင့် ထီးလင်းမြို့နယ်များတွင် မူလဓာတ်အား သုံးစွဲမှုများအပြင် နောက်ထပ် အိမ်သုံးမီတာအသစ်လျှောက်ထားသူများပါ ဗို့အားပြည့်ဝစွာဖြင့် တိုးချဲ့ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းက ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ ဓာတ်အားပြတ်တောက်မှုနည်းပါးရေး၊ မိုးတွင်းကာလအတွင်း ဗို့အားပြည့်ဝစွာ ရရှိရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်လိုက်မှုအန္တရာယ် မဖြစ်ပေါ်စေရေးတို့အတွက် အသိပညာပေးခြင်းတို့ကို မီးသုံးစွဲသူ ပြည်သူများသို့ အသိပညာပေးဟောပြောပွဲများကို မြို့နယ်အတွင်း ဆောင်ရွက်လျက် ရှိကြောင်းနှင့် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေလျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်ရုံးမှ သိရသည်။

**ကျော်ဇေယျ(မကွေး)**

# လူမှုရေးသိပ္ပံသုတေသနတို့၏ ချဉ်းကပ်လေ့လာနည်းများအကြောင်းဟောပြောမည်

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံစိတ်ပညာအသင်းသည် စိတ်ပညာဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို ဝါရင့်စိတ်ပညာရှင်ကြီးများဖြင့် လစဉ်ဟောပြောပေးလျက်ရှိသည်။ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီတွင် စိတ်ပညာဌာနမှ ဆရာကြီး ဒေါက်တာခင်မောင်လတ်က "လူမှုရေးသိပ္ပံသုတေသနတို့၏ ချဉ်းကပ်လေ့လာနည်းများ" ခေါင်းစဉ်ဖြင့် အမှတ်(၂၁) ၉ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးခန်း၌ ဟောပြောမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးခန်း ဖုန်း ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၁ တို့ထံသို့ ကြိုတင်ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီနှင့် ကဗျာပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၁၆**

မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ပန်းချီနှင့် ကဗျာပြိုင်ပွဲကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြုလုပ်သည့်အဆိုပါပန်းချီနှင့်ကဗျာပြိုင်ပွဲတွင် ပညာရှင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်မှုအား ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းတို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ်ကျောင်းပေါင်းစုံ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲဆုပေး

**မော်လမြိုင်ကျွန်း ဇွန် ၁၆** - အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် ကျင်းပသော မြို့နယ်ကျောင်းပေါင်းစုံ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီနှင့် ကာတွန်းပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇွန် ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ကျောင်းပေါင်းစုံ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိသူ ၂၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ ကျောင်းပေါင်းစုံ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲဝင် ပန်းချီနှင့်ကာတွန်းပုံများကို မော်ရောခန်းမအတွင်း ပြသထားရာ ဆုပေးပွဲသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**




# ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ ရုရှားနဲ့ ပေါ်တူဂီတို့ နိုင်ပွဲစတင်နိုင်ပါ့မလား

၂၀၁၇ ဖီဖာ ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၁၇ ရက်ကနေပြီး ဇူလိုင် ၂ ရက်အထိ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မှာဖြစ်ပါတယ်။ ရုရှားနိုင်ငံ မြို့ကြီးလေးမြို့ဖြစ်တဲ့ စိန့်ပီတာစဘတ်၊ မော်စကို၊ ကာဇန်နဲ့ ဆိုချီမြို့တွေမှာ ဘောလုံးပွဲစဉ်တွေ ကျင်းပမှာဖြစ်လို့ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပွဲအပြီးမှာ ဘောလုံးပရိသတ်တွေအတွက် ပွဲကောင်းတွေ အဆက်မပြတ်ကြည့်ရှုအားပေးရဦးမှာ ဖြစ်ပါတယ်။

ရုရှားက အိမ်ရှင်အဖြစ် ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလား ပွဲကြိုလည်းဖြစ်ပြီး အခုပွဲကိုလည်း ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့်ပွဲလည်းဖြစ်တာမို့ ရုရှားနိုင်ငံဟာ ပထမဆုံးအကြိမ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဖြစ်ပါတယ်။ ဒီနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး အဲဒီအသင်းတွေကတော့ ရုရှား၊ ဂျာမနီ၊ ဩစတြေးလျ၊ ချီလီ၊ မက္ကဆီကို၊ နယူးဇီလန်၊ ပေါ်တူဂီနဲ့ ကင်မရွန်းတို့ပဲ ဖြစ်ပါတယ်။

ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဟာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲလိုပဲ လေးနှစ်တစ်ကြိမ်ကျင်းပတာဖြစ်ပေမယ့် ကမ္ဘာ့ဖလားပွဲ မကျင်းပမီ တစ်နှစ်စောပြီး ကျင်းပလေ့ရှိတာမို့ ပြီးခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းဖလားပွဲကို ၂၀၁၃ ခုနှစ်မှာ ကျင်းပခဲ့တာကြောင့် အခု ၂၀၁၇ ခုနှစ်မှာ ကျင်းပတာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အသင်း နှစ်သင်းကိုကြည့်ရင် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပွဲ အိမ်ရှင်နဲ့ ကွန်ဖက်ဒရေးရှင်းဖလားပွဲ အိမ်ရှင်ဖြစ်တဲ့ ရုရှား၊ ၂၀၁၄ ကမ္ဘာ့ဖလား ချန်ပီယံ ဂျာမနီ၊ ၂၀၁၅ အာရှဖလား ချန်ပီယံ ဩစတြေးလျ၊ ၂၀၁၅ ကိုပါအမေရိကဖလား ချန်ပီယံ ချီလီ၊ ၂၀၁၅ ကွန်ကာကပ်ဖ်ဖလား ချန်ပီယံ မက္ကဆီကို၊ ၂၀၁၆ OFC နိုင်ငံများဖလား ချန်ပီယံ နယူးဇီလန်၊ ၂၀၁၆ ယူရိုဖလား ချန်ပီယံ ပေါ်တူဂီနဲ့ ၂၀၁၇ အာဖရိကဖလား ချန်ပီယံ ကင်မရွန်းအသင်းတွေ ဖြစ်ပါတယ်။

အဲဒီ ဘောလုံးအသင်းရှစ်သင်းကို အုပ်စု နှစ်ခုခွဲပြီး ယှဉ်ပြိုင်စေမှာဖြစ်တာကြောင့် အုပ်စု(A)မှာ အိမ်ရှင်ရုရှား၊ နယူးဇီလန်၊ မက္ကဆီကို၊ ပေါ်တူဂီတို့ ပါဝင်ပြီး အုပ်စု(B)မှာ ချီလီ၊ ဩစတြေးလျ၊ ကင်မရွန်း၊ ဂျာမနီတို့က ပါဝင်ကစားကြမှာ ဖြစ်ပါတယ်။

ဇွန် ၁၇ ရက်မှာ စတင်ကစားမယ့် ရုရှားနဲ့ နယူးဇီလန်တို့ပွဲကတော့ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရဲ့ စိန့်ပီတာစဘတ်ကွင်းမှာ ကစားမှာဖြစ်ပါတယ်။ နည်းပြ ချာချီဆော့ဗ် ကိုင်တွယ်နေတဲ့ ရုရှားအသင်းဟာ တိုက်စစ်ပိုင်း အားနည်းပြီး ခံစစ်ပိုင်းကတော့ သိပ်သည်းမှုရှိပါတယ်။ တောင်ပံတိုက်စစ်တွေကောင်းပေမယ့် ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ ဘောလုံးဆုံးရှုံးမှုတွေရှိနေတာမို့ သတိပြုရပါလိမ့်မယ်။ နည်းပြ အန်တိုနီဟက်ဆန်ကိုင်တွယ်နေတဲ့ နယူးဇီလန်တို့က ခံစစ်ပိုင်းမှာ လိုအပ်ချက်ရှိနေပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားရာမှာ အမှားအယွင်းတွေ ဖြစ်နေတတ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ လေးပွဲမှာ နယူးဇီလန်တို့က တစ်ပွဲသာနိုင်ခဲ့ပြီး ရုရှားတို့က သုံးပွဲနိုင်ခဲ့ပါတယ်။ အခုပွဲမှာလည်း ရုရှားတို့က အိမ်ရှင်အားနဲ့ အဖွင့်ပွဲစဉ်မှာ အောင်ပွဲဆင်နိုင်ဖို့ အားထုတ်ပါလိမ့်မယ်။

ဇွန် ၁၈ မှာတော့ အုပ်စု(A)က ပေါ်တူဂီနဲ့ မက္ကဆီကိုအသင်းတွေ ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ နည်းပြ ဖာနန်ဒိုဆန်းတို့စ် ကိုင်တွယ်မယ့် ပေါ်တူဂီအသင်းမှာတော့ စီရော်နယ်ဒို၊ နာနီ၊ ပီပီ၊ အဲလ်ဗက်စ် စတဲ့နာမည်ကြီးတွေ ပါဝင်ကစားကြမှာမို့ ကစားအားကတော့ မြင့်ဆိုင်ပါလိမ့်မယ်။ နည်းပြ ကာလို့စ်အိုဆိုရီရို ကိုင်တွယ်မယ့် မက္ကဆီကိုအသင်းမှာလည်း ဂွာဒါဒို၊ ဟာရဲရား၊ ကော်ရိုနာ၊ အလာနစ်၊ ဒေါ့စ်ဆန်းတို့စ်၊ မာကွက်ဇ်တို့လို ကစားသမားတွေနဲ့ရင်ဆိုင်မှာမို့ ပွဲကောင်းပါပဲ။ ပေါ်တူဂီတို့က မက္ကဆီကိုနဲ့ ဆုံတိုင်းအသာစီးရအောင် ကစားနိုင်ခဲ့တာမို့ ဂိုးမပြတ်ပေမယ့် ပေါ်တူဂီတို့ နိုင်ပွဲရသွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ရာသီအစ တာထွက်ကောင်းနိုင်တဲ့ မန်ယူ



၂၀၁၇-၂၀၁၈ ပရီမီယာလိဂ် ရာသီအဖွင့်ပွဲမှာ မော်ရင်ဟိုရဲ့ မန်ယူကတော့ ဝက်စ်ဟမ်းအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားမှာဖြစ်ပါတယ်။ သရဲနီတွေဟာ အောက်တိုဘာ ၁၄ ရက်မှာတော့ အနီရောင်ပြိုင်ဘက်လီဗာပူးရဲ့ အန်းဖီးလ်ကွင်းမှာ ဆုံတွေ့မှာဖြစ်ပါတယ်။ လာမယ့် ဩဂုတ် ၁၂ ရက်မှာတော့ ဝက်စ်ဟမ်းအသင်းနဲ့ အိမ်ကွင်းမှာ ဆုံတွေ့မှာဖြစ်ပါတယ်။ ပထမဆုံးသောမန်ချက်စတာဒါဘီပွဲကိုတော့ ဒီဇင်ဘာ ၈ ရက်မှာ မန်စီးတီးက အိုးထရက်ဖို့ဒ်ကွင်းမှာ သွားရောက်ကစားရမှာပါ။

မန်ယူအသင်းဟာ ဝက်စ်ဟမ်းနဲ့ အပြီးမှာ ဆွမ်ဆီးနဲ့ ဩဂုတ် ၁၉ ရက်၊ လက်စတာနဲ့ ဩဂုတ် ၂၆ ရက် အသီးသီးကစားရမှာဖြစ်ပါတယ်။ မော်ရင်ဟိုရဲ့မန်ယူအသင်းဟာ ရာသီပိတ်ပွဲစဉ်အဖြစ် မေ ၁၃ ရက်မှာ ဝက်ဖို့ဒ်အသင်းနဲ့ အိမ်ကွင်း ကစားရမှာဖြစ်ပါတယ်။ လာမယ့်ရာသီအစမှာ မန်ယူအသင်းအနေနဲ့ တာထွက်ကောင်းနိုင်တဲ့လမ်းကြောင်းမှာ ရှိနေပါတယ်။

# မန်ယူနောက်တန်းကို ဦးဆောင်မယ့် လင်ဒီလော့ဖ်

ဘင်ဖီကာ နောက်တန်းကစားသမား လင်ဒီလော့ဖ်အား မန်ယူက ပေါင် ၃၀ ဒသမ ၇ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ မန်ယူက လေးနှစ်စာချုပ်နဲ့ စာချုပ်ခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့က မန်ယူရဲ့ ကာရင်တန်လေ့ကျင့်ရေးကွင်းသို့ စတင်ရောက်ရှိလာပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ နောက်တန်းကစားသမား လင်ဒီလော့ဖ်ဟာ ဇန်နဝါရီလအတွင်းက မော်ရင်ဟို အဓိကပစ်မှတ်ထားခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ ယခုအခါမှာတော့ မန်ယူက အပြီးတိုင် စာချုပ်လိုက်ပြီဖြစ်ပါတယ်။ အရပ် ခြောက်ပေ နှစ်လက်မရှိတဲ့ လင်ဒီလော့ဖ်ဟာ ဗဟိုခံစစ်မှူး နေရာနဲ့ ညာတောင်ပံ နောက်တန်း နေရာတွေ ကစားနိုင်သူဖြစ်ပါတယ်။ သူဟာ ဆွီဒင်နိုင်ငံသားဖြစ်ပြီး လက်ရွေးစင်အသင်းမှာ ၁၂ ပွဲ ပါဝင်ကစားထားသူလည်း ဖြစ်ပါတယ်။ မန်ယူက ဒီစာချုပ်ချုပ်ဆိုခဲ့တဲ့အတွက် လင်ဒီလော့ဖ်ဟာ ၂၀၂၁ ခုနှစ်အထိ မန်ယူနဲ့အတူ ကစားရမှာဖြစ်ပါတယ်။ လာမယ့် ပရီမီယာလိဂ်မှာတော့ မန်ယူနဲ့အတူ ခြေစွမ်းပြနိုင်တော့မှာ ဖြစ်ပါတယ်။ သူဟာ ဗာဒီနန်လို အားထားရတဲ့ အဓိက ခံစစ်မှူးလည်း ဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။



# ဟားလ်စီးတီး နောက်တန်းကစားသမားကို ခေါ်ယူအားဖြည့်ခဲ့တဲ့ လက်စတာ

လက်စတာအသင်းက ဟားလ်စီးတီး နောက်တန်းကစားသမား ဟယ်ရီ မက်ဂူရီကို ပေါင် ၁၇ သန်းနဲ့ စာချုပ်ဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ လက်စတာအသင်းက နောက်တန်းကို အတောင့်တင်းဆုံးအနေအထားဖြစ်အောင် ဖြည့်ဆည်းလိုက်ခြင်းလည်း ဖြစ်ပါတယ်။ လက်စတာနည်းပြ စရိတ်ရှိတ်စပီးယားက ဂျွန်နီအီးဗန်းကို ပေါင် ၁၀ သန်းနဲ့ ခေါ်ယူဖို့ ကြိုးစားခဲ့မှုကိုတော့ ဝက်စ်ဘရွန်းက ငြင်းဆိုခဲ့ပါတယ်။ သို့ပေမယ့် ဟားလ်စတီးတီးအသင်းရဲ့ ဗဟိုခံစစ်မှူး ဟယ်ရီမက်ဂူရီကိုတော့ ပေါင် ၁၇ သန်းနဲ့ အရ ခေါ်ယူနိုင်ခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ မက်ဂူရီဟာ ပရီမီယာလိဂ်မှာ ပြန်လည်ကစားခွင့်ရဖို့ အလွန်ပဲစိတ်ဝင်စားခဲ့ပါတယ်။ ဟားလ်စီးတီးအသင်းဟာ တန်းဆင်းဇုန် လွတ်မြောက်ရေး ကြိုးပမ်းရာမှာတော့ အောင်မြင်မှုမရခဲ့ပါဘူး။ လက်စတာအသင်းဟာ မစ်ဒယ်ဘရော့အသင်းမှ ဂစ်ဘွန်ကိုလည်း ခေါ်ယူဖို့ကြိုးစားခဲ့ပါသေးတယ်။ လက်စတာအသင်းအနေနဲ့ နောက်တန်းကစားသမားဟောင်းတစ်ဦးခေါ်ယူဖို့ ကြိုးစားခဲ့ရာမှ နောက်ဆုံးမှာတော့ မက်ဂူရီကိုအရ ခေါ်ယူနိုင်ခဲ့ပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# ကလေးမြို့ပေါ်ရှိဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များကို လိုက်လံစစ်ဆေး



**ကလေး ဇွန် ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကလေးခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ကော်မတီဝင်များနှင့်အတူ မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ဆေးဝါးလက်လီလက်ကားရောင်းချသူလိုင်စင်ရှိ/မရှိနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ပုဂ္ဂလိကအိမ်ဆိုင်နှင့်ဆိုင်ခန်းများ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရှိ /မရှိတို့ကို ကလေးမြို့ လမ်းဆုံမီးပွိုင့်မှ တာဟန်းလမ်းဆုံမီးပွိုင့် အထိလမ်းဘေးဝဲယာရှိဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင် ၁၄ ဆိုင်တို့ကို ဇွန် ၁၄ ရက်က FDAမှ သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ထားသောဆေးနှင့်ဆေးဝါးများ ရောင်းချမှုရှိ/မရှိ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

"မှတ်ပုံတင်ထားခြင်းမရှိတဲ့ လိုင်စင်မဲ့ဆေးဝါးနဲ့ ရက်လွန်ဆေးဝါး စပ်ဆေးတွေကို သိမ်းဆည်းခဲ့ပါတယ်။ သိမ်းဆည်းခဲ့တဲ့ ဆေးဝါးတွေကို အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ အပါအဝင်ကော်မတီဝင်တွေရဲ့ အဆုံးအဖြတ်နဲ့ အရေးယူဆောင်ရွက်သွားမှာဖြစ်တယ်။ ဒီဆေးဆိုင်တွေကိုတစ်ကြိမ်မက လိုက်လံစစ်ဆေးခဲ့ပြီးဖြစ်သလို ဟောပြောပွဲနဲ့ အသိပညာပေး လုပ်ငန်းတွေလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အချို့သော ဆေးဆိုင်တွေအနေနဲ့ လိုက်နာဆောင်ရွက်မှုမရှိတာကို တွေ့ရတဲ့အတွက်နောက်နောင်လိုက်လံစစ်ဆေးတဲ့အခါမှာ အဲဒီဆေးဆိုင်တွေက ရောင်းချနေတာကိုထပ်ပြီးတွေ့ခဲ့ရင် တရားမဝင်ရောင်းချတဲ့ဆေးဆိုင်ကို ချက်ချင်းအရေးယူသွားမှာဖြစ်ပါတယ်" ဟု ကလေးခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ခရိုင်ဦးစီးမှူး ဒေါက်တာကောင်းထက်ဦးက ပြောသည်။

မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်ခြင်းမရှိသောဆေးဝါးများ၊သက်တမ်းကုန်ဆေးဝါးများ၊ တရားမဝင်ဆေးဝါးများ၊ သုံးစွဲရန်မသင့်သည့် စပ်ဆေးများ ရောင်းချခြင်းအားဖြင့် သုံးစွဲသူများကို အန္တရာယ်ပြု ထိခိုက်နစ်နာစေနိုင်သောကြောင့် အထူးသဖြင့် ဆေးနှင့်ဆေးဝါးပစ္စည်းအရောင်းဆိုင်များတွင် နောက်နောင်ထပ်မံရောင်းချခြင်း မပြုကြရန်လည်း အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကျန်းမာရေး အသိပညာပေး ဟောပြော

**မင်းလှ ဇွန် ၁၆-** ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မဉ္ဇူက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနတာဝန်ရှိသူများကတီဘီရောဂါကူးစက်ပုံနည်းလမ်းများနှင့်ကုထုံးများ၊ ကာကွယ်ရန်နည်းလမ်းများ၊ အမျိုးသား အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေး၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်ပုံနည်းလမ်းများအကြောင်းကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ပေါက်စ-မင်းလှ**

# ဝေါမြို့နယ်၌ နယ်လှည့်မိုဘိုင်းစာကြည့်တိုက်ဖွင့်

**ဝေါ ဇွန် ၁၆**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်စာဖတ်ရှိန်မြှင့်တင်ရေးဝန်ဆောင်မှုအဖြစ် နယ်လှည့်မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်ခြင်းကို ဇွန် ၁၄ ရက်တွင် ဝေါမြို့နယ်ကျေးလက်များစာဖတ်ရှိန်မြှင့်တင်ရေးပရဟိတအဖွဲ့ (စာပေစေတမန်)က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ အထကကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်ကြွယ်က အမှာစကားပြောကြားပြီး စာပေစေတမန်ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဆရာဦးဘုန်းဇော်မိုး (ဘုန်းဇော်မိုး-ဉဿာ)က စာပေစေတမန်အဖွဲ့၏ ရည်ရွယ်ချက်စာဖတ်ရှိန်မြှင့်တင်ရေးဝန်ဆောင်မှုအပိုင်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ စာပေစေတမန် ပရဟိတအဖွဲ့သည် ၂၀၁၅ ခုနှစ်မေလ ၇ ရက်မှစတင်ကာကျေးရွာများအရောက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ စာအုပ်စာစောင်များကျေးရွာနှင့် ကျောင်းစာကြည့်တိုက်များအရောက် လှူဒါန်းပေးခြင်း စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ ဆုချီးမြှင့်ပွဲများကိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့်ပူးပေါင်း၍ ကိုယ်ပိုင်အစီအစဉ်၊ ပူးပေါင်းအစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ပညာ သင်နှစ်တွင် ကျေးရွာခြောက်ရွာသို့ ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့သည်။ ယခုပညာသင်နှစ်တွင်လည်း တစ်လ နှစ်ကျောင်းနှုန်းဖြင့်ဇွန် ၁ ရက်မှစတင်ကာ နယ်လှည့်မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး စာပေစေတမန် ပရဟိတအဖွဲ့သို့စာပေစေတနာရှင်များပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးဘုန်းဇော်မိုး ဖုန်း-၀၉၇၇၄၂၅၄၁၅၅၊ အတွင်းရေးမှူးမိုးအာကာ ဖုန်း-၀၉၇၈၂၅၃၈၈၄၅၊ ဒေါ်လှလှဌေး ပဲခူးခရိုင်ပြန်ဆက်ဦးစီးမှူး ဖုန်း၀၉၇၃၀၇၄၀၈၇ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**




## မိတ်ဖက်အဖွဲ့အဖြစ်အဆိုပြုလွှာခေါ်ယူခြင်း

care

၁။ ကဲရ်မြန်မာသည် INGO အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။
၂။ ကဲရ်မြန်မာအနေဖြင့် ကျားမ တန်းတူညီမျှရေးနှင့် အမျိုးသမီးများစွမ်းရည်မြှင့်မားရေး စီမံချက်အား မော်လမြိုင်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ဒေသခံလူမှုအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့အဖြစ် ပါဝင်လျှောက်ထားရန် ဖိတ်ခေါ်အပ်ပါသည်။
၃။ စိတ်ပါဝင်စားသူများသည် အဆိုပြုလွှာပုံစံများကို အောက်ပါ ကဲရ်မြန်မာရုံးများတွင် ရယူနိုင်ပြီး ထပ်မံသိလိုသည်များကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။
၄။ အဆိုပြုလွှာစာအိတ်များကို ၂၀၁၇ခုနှစ် ဇွန် ၂၃ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ ပေးပို့ရမည်ဖြစ်ပါသည်။

ကဲရ်မြန်မာ(ရန်ကုန်)။ ။ အမှတ်(၁၇-A)၊ ပြည်ထောင်စုလမ်း၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၄၀၁၄၁၉~၂၁၊ ၀၁-၄၀၁၄၆၅။
ကဲရ်မြန်မာ(မော်လမြိုင်)။ ။ အမှတ်၁၂(ဘီ)၊ အရေးပိုင်ကုန်းလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ ဖုန်း-၀၉-၇၇၇၂၇၁၆၁၄

## ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာနမှ အဆောက်အအုံများဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနသို့ လုပ်ငန်းအပ်နှံထား သည့် ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာ (ကျောင်း၊ ရုံး၊ သိပ္ပံဆောင်၊ ဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာ၊ စာကြည့်တိုက်) များအား Lot အလိုက် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်နိုင်ရန် ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၂-၆-၂၀၁၇ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့/အဆောက်အအုံ ဦးစီးဌာန၊ ဖုန်း-၀၉-၅၁၄၉၆၄၉သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။
(၁) **တင်ဒါအဆိုပြုလွှာရောင်းချမည့် နေရာနှင့်တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့။
(၂) **တင်ဒါအဆိုပြုလွှာပိတ်မည့်ရက်** - ၂၄-၇-၂၀၁၇ရက် (ညနေ ၄း၃၀နာရီ)။
(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၅-၇-၂၀၁၇ရက် (နံနက် ၁၀နာရီ)။
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ**
**စတင်ရောင်းချမည့်ရက်** -၁၉-၆-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၈-၇-၂၀၁၇ရက် ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။
**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွက် Community Hall(၁၂၀'-၁၁"×၅၉'-၈"×၁၈'-၀")သံကူကွန်ကရစ် (၁)ထပ် အဆောက်အအုံဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့် လွှတ်တော်ရုံးဝင်းတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၇
**တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၁၈-၇-၂၀၁၇
**တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ**
**ဖုန်း-၀၁-၂၃၁၇၅၃၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

နောင်ချိုမြို့၊ တောင်ရပ်ကွက်နေ ကျွန်မဒေါ်စီသာ(ခ)ဆီသာ (ဘ)ဦးပဒမ်းဗဟာဒူး ၁၃/နခတ(နိုင်)၀၅၀၀၂၈ သည် နောင်ချိုမြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ၅-၈-၂၀၁၅ ရက်စွဲပါစာချုပ်အမှတ် ၀၂၄ဖြင့် နောင်ချိုမြို့၊ တောင်ရပ်ကွက်နေ ဒေါ်နန်းညိုညိုမြ (ဘ)ဦးထွန်းကျော် ၁၃/ကမန(နိုင်)၀၀၀၁၁၀အား အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခဲ့ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါ၍ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအားရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်စီသာ(ခ)ဆီသာ**

## အများသိစေရန်ကြေညာခြင်း

